http://www.dhammadownload.com

# သာမဏေကျော်

# ဗုဒ္ဓသမီးထံသို့



DESIGN 553920

သာမဏေကျော် ● ဗုဒ္ဓသမီးထံသို့



သာမဏေကျော်

ဗုဒ္ဓသမီးထံသို့

http://www.dhammadownload.com

သာမဏေကျော်

# ဗုဒ္ဓဿမီးထံသို့

http://www.dhammadownload.com

# ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက် ● ၃၂၀၀၂၀၀၁၀၇

မျက်နှာဖုံးခွင့်ပြုချက် ● ၃၂၀၀၄၆၀၁၀၇

အုပ်ရေ ● ၁၀၀၀

တန်ဖိုး ● ၉၀၀ ကျပ်

ပုံနှိပ်ခြင်း ● ၂၀၀၇ ခုနှစ်၊ မတ်လ
ပထမအကြိမ်

မျက်နှာဖုံးနှင့် ● ဦးအောင်ထက် (၀၈၀၀၃)
အတွင်းပုံနှိပ် အောင်ပါရမီပုံနှိပ်တိုက်
အမှတ်-၁၂၇၊ အခန်း-၃၊ ၅၂-လမ်း
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ ● ဦးကျော်ဟင်း (၀၉၁၀)
ယုံကြည်ချက်စာပေ
အမှတ် (၁၁၁)၊ ၃၃-လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းဖလင် ● ကိုမြင့်သူ

မျက်နှာဖုံးဒီဇိုင်း ● ကိုအောင်လွင်

**သာမဏေကျော်စာပေ**

သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်
(လှော်ကားဥယျာဉ်အနီး)
မှော်ဘီမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၇၀၉၆၈၀

http://www.dhammadownload.com

# မာတိကာ


၁။ မစန္ဒာနဲ့ မနုနု ၇

၂။ အတုယူကာ ကျင့်သုံးပါ ၁၀

၃။ မခွဲမခွာ နေလိုကြပါလျှင် ၁၂

၄။ ရုပ်လှချင်ရင် ၁၇

၅။ သည်းခံလျှင် လှပသည် ၁၉

၆။ အလှကမ္ဘာ ၂၀

၇။ ချစ်ဖွယ်စကား ၂၃

၈။ ဇနီးကောင်း ၂၄

၉။ မယားမြွတ် ၂၈

- မိန်းမမြွတ် ၂၈

- အချည်းနှီးပဲ ၂၈

- မကောင်းဘူး ၂၉

- မိန်းမတွေ ယောကျ်ား ဖြစ်ချင်ရင် ၂၉

၁၀။ မိဘတွေအပေါ် သားသမီးတို့ ပြုရမယ့်ယဉ်ကျေးမှု ၃၀

အလှရတနာ ၃၂

၁၁။ သားသမီးတွေအပေါ် မိဘတို့ ပြုရမယ့်ယဉ်ကျေးမှု ၃၄

၁၂။ လင်ယောကျ်ားတို့အပေါ် မယားတို့ ပြုရမယ့် ယဉ်ကျေးမှု ၃၆

http://www.dhammadownload.com




၁၃။ သန့်ရှင်းမှုနဲ့ မြင့်တင်ပါ ၃၈
၁၄။ တိမ်ဖုံးရာမှာ သာတဲ့လ ၄၀
၁၅။ မိုက်ရာမှ လိမ္မာလာသူ ၄၃
၁၆။ ဝိသာခါတွက် ဩဝါဒ ၁၀ ချက် ၄၇
၁၇။ ကြီးပွားချမ်းသာမယ် ၅၁
၁၈။ မကြာခင် စီးပွားတက်ချင်ရင် ၅၄
၁၉။ ကြာရှည်စွာ ပစ္စည်းပေါချင်ရင် ၅၅
၂၀။ စီးပွားပျက်ကြောင်း ၆ ပါး ၅၆
- ရှောင်လေဝေးဝေး မူးယစ်ဆေး ၅၆
- ချိန်ခါမဲ့မှာ ခရီးမသွားရာ ၅၇
- ပွဲနဲ့ စီးပွား ၅၇
- လောင်းကစားနဲ့ စီးပွား ၅၈
- မိတ်မကောင်း ၆ ယောက် ၅၈
- လူပျင်းမဖြစ်ပါနဲ့ ၅၉
၂၁။ ပြင်ထိုင်ကြဦးစို့ ၆၀
၂၂။ ယခုလိုသာ နှစ်ပေါင်းကြာလျှင် ၆၃
၂၃။ သင်ကော ဘာပြောချင်သလဲ ၆၇
၂၄။ ကာကွယ်ရေးကောင်းမှ ငြိမ်းချမ်းသာယာမည် ၇၀
၂၅။ စဉ်းစားတော်မူကြပါ ၇၅
၂၆။ ဘုရားရှင်ရဲ့ ဆက်ဆံရေး ၈၀
၂၇။ အလှရဲ့ အကျည်းတန် ၈၂
၂၈။ ဥတ္တရာရဲ့ စိတ်ထား ၈၅
၂၉။ မလ္လိကာရဲ့ စိတ်ထား ၈၇
၃၀။ တဉ္စေမရဲ့ စိတ်ထား ၈၉

http://www.dhammadownload.com




| | | |
|---|---|---|
| ၃၁။ | ကျေးမင်းရဲ့ စိတ်ထား | ၉၂ |
| ၃၂။ | သူ့လောက်နီးနီး | ၉၅ |
| ၃၃။ | ကံကောင်းသူ | ၉၉ |
| ၃၄။ | ပေါင်သားကိုလှီးဖြတ်၍ | ၁၀၂ |
| ၃၅။ | ဆန်ရေ | ၁၀၅ |
| ၃၆။ | အမေရိကန် အမျိုးသမီးယောဂီ ဘာဘရာဂျင်းနပ်စ် | ၁၀၇ |
| ၃၇။ | အရှက်အကြောက် | ၁၁၁ |
| ၃၈။ | မေတ္တာသင်္ကေတ | ၁၁၅ |
| ၃၉။ | ကုသမင်းလောင်း၊ ပဘာဝတီလောင်းလျာတို့နဲ့ ပစ္စေကဗုဒ္ဓါ | ၁၁၉ |
| ၄၀။ | ပစ္စေကဗုဒ္ဓါနဲ့ ပဥ္စပါပီလောင်းလျာ | ၁၂၁ |
| ၄၁။ | ဆွဲအားပြင်းလွန်းတဲ့အလှ | ၁၂၃ |
| ၄၂။ | ဥပ္ပလဝဏ်လောင်းလျာ ဥမ္မာဒန္တီ | ၁၂၉ |
| ၄၃။ | နတ်သမီးလေး ပေါက်ပေါက် | ၁၃၈ |
| ၄၄။ | တိုက်တွန်းပေးကြပါ | ၁၄၃ |

http://www.dhammadownload.com

# ဗုဒ္ဓသမီးထံသို့

## မစန္ဒာနဲ့ မနုနု

မစန္ဒာတဲ့၊ မြန်မာတွေ မှည့်လေ့ရှိတဲ့ နာမည်လေးပဲ။ သူ့သမီးလေးက မနုနု တဲ့။ မြန်မာနာမည်လေးပါပဲ။ မစန္ဒာက သူ့ကို မြန်မာနာမည်နဲ့ ခေါ်မှ ကြိုက်ပါသတဲ့။ အင်္ဂလိပ်နာမည်က အင်ကရေးတဲ့။ အမေရိကန်သူမ ပါပဲ။ မြန်မာကို အလွန်ပဲ မြတ်နိုးတယ်။ သူ့သမီးလေးကိုပါ မြန်မာလို နာမည်မှည့်ထားလိုက်သေးတယ်။ မစန္ဒာက ရန်ကုန်မဟာစည်သာသနာ့ရိပ်သာကို လာပြီး သီလရှင်ဝတ်နဲ့ ပဏ္ဍိတာရာမဆရာတော် လောင်းလျာထံ တရားအားထုတ်သွားပါတယ်။ အမေရိကရှိ ဟားဘတ်ဒ် တက္ကသိုလ်က ဒေါက်တာဘွဲ့ကို ရထားပါတယ်။ သူ့သမီးလေးအကြောင်းကို ပဏ္ဍိတာရာမဆရာတော်ကြီး တထာဂတရိပ်သာမှာ တရားပြကြွလာတဲ့အခါ လာရောက်လျှောက်ထားပါတယ်။ သမီးလေး မနုနုရဲ့အသက်က ၁၀ နှစ်ရှိပါပြီ။ မစန္ဒာရဲ့ခင်ပွန်းကလည်း အမေရိကန်လူမျိုးပါပဲ။

http://www.dhammadownload.com



"မနုနုက နာမည်နဲ့ လိုက်အောင် စိတ်ထားနူးညံ့တယ်။ ငါးပါးသီလ လုံခြုံတယ်။ လိမ်မပြောဘူး၊ လိမ်ပြောဖို့ သူတစ်ပါးက တိုက်တွန်းလည်း လိမ်မပြောဘူး။ သူတစ်ပါးအသက်ကို မသတ်ဘူး၊ ၃ နှစ်အရွယ်ကစပြီး သက်လွတ်သာ စားပါတယ်။ ဘာအသားကျွေးကျွေး မစားပါ။ ၂ နှစ် အရွယ်က မြန်မာနိုင်ငံလာခိုက် သူ့မိဘအား ဆရာတော်ကြီးတွေအား ပျားရည်လှူလိုလို့ အဝယ်ခိုင်းပါတယ်။ ၅ နှစ်အရွယ်အရောက်မှာ သူ့မိဘနှစ်ပါး စကားများပြီး ရန်ဖြစ်ကြပါတယ်။ အဲဒီအခါ မနုနုလေးက တရားထိုင်ပြီး ခေါင်းလောင်းလေးကို သွားပြီး လှုပ်လိုက်ပါတယ်။ မိဘနှစ်ဦးဟာ သတိရလာပြီး သူတို့ကိုယ်သူတို့ ရှက်သွားကြပါတယ်။ ငြိမ်းချမ်းရေးခေါင်းလောင်းလေးကြောင့် မိဘနှစ်ပါး ငြိမ်းချမ်းရေး ရသွားကြပါတယ်၊ ၉ နှစ်အရွယ်က စပြီး သတိပဋ္ဌာန် ရှုမှတ်စေကြပါတယ်။"

မစန္ဒာက အဲဒီလို လျှောက်ထားပြီးတဲ့အခါ ဆရာတော်ကြီးက "သမီးလေးကို ကြီးလာရင် ဘာဖြစ်စေချင်သလဲ"လို့ မေးလိုက်ရာ မစန္ဒာက " Mindful ဖြစ်စေချင်ပါတယ်ဘုရား" လို့ ဖြေပါတယ်။ ဆိုလိုတာကတော့ 'သတိရှိသူလေး' ဖြစ်စေလိုပါတယ်တဲ့။ မစန္ဒာရဲ့အဖြေ၊ မစန္ဒာရဲ့ ရည်ရွယ်ချက်က ခပ်ဆန်းဆန်းပါပဲ။ သတိပဋ္ဌာန် အားထုတ်ပြီးနောက်မှရလာတဲ့သမီးလေးမို့ 'သတိပဋ္ဌာန်ပိုင်ရှင်'လေး ဖြစ်စေလိုပုံရပါတယ်။ ဆရာတော်ကြီးက ဒီလိုဆက်မိန့်ပါတယ်။

"မြေဩဇာကောင်းတဲ့ မြေကောင်းမှာ စိုက်ပျိုးရတဲ့ မျိုးစေ့ဟာ သန်မာထွားကျိုင်းပြီး လှပတဲ့သစ်ပင်လေး ဖြစ်လာတယ်။ မိဘရဲ့ သတိပဋ္ဌာန်အငွေ့ဓာတ်ဟာ သားသမီးတွေမှာလည်း ကူးစက်တတ်တဲ့ သာဓက ရှိပါသေးတယ်။ 'ကရင်' ဆိုတဲ့ အမေရိကန်မလည်း ပဏ္ဍိတာရာမ ဆရာတော်ကြီးထံ သီလရှင်ဝတ်နဲ့ တရားအားထုတ်ပြီးမှ ရလာတဲ့ ကလေး ၃ ဦးဟာ ထူးထူးခြားခြားပဲ တော်ကြပါတယ်။"

http://www.dhammadownload.com



မစန္ဒာကလည်း အဲဒီ ကရင်ကို သိပါတယ်။ ဆရာတော်ကြီးက ဗောဓိမင်းသားရဲ့ မိခင်အကြောင်းကိုလည်း ပြောပြပါသေးတယ်။ မိဘကောင်းတွေထံက အငွေ့ခံရတာ သားသမီးတွေအား ထူးထူးခြားခြား အကျိုးသက်ရောက်စေနိုင်တာမို့ သားသမီးကောင်း လိုလားကြတဲ့ မိဘတွေဟာ မစန္ဒာတို့လို ကြိုးစားကာ သတိပဋ္ဌာန် ပွားများသင့်ကြပါတယ်။

http://www.dhammadownload.com

# အတုယူကာ ကျင့်သုံးပါ

ဇနီးမောင်နှံနှစ်ဦးဟာ သားသမီးလောင်းလျာတွေနဲ့ ပတ်သက်ပြီး ဗောဓိမင်းသားနဲ့ မိခင် ပြုလုပ်ခဲ့ပုံလေးကို အတုယူ ကျင့်သုံးသင့်ကြပါတယ်။ ကိုယ်ဝန်ရှိနေတဲ့ အဲဒီမိခင်ဟာ ဘုရားရှင်ထံ သွားပါတယ်။ ရှိခိုးပါတယ်။ သင့်တော်ရာအရပ်မှာ ထိုင်ပါတယ်။ ပြီးတော့ ဘုရားရှင်ကို ဒီလိုလျှောက်ပါတယ်။

"မြတ်စွာဘုရား၊ တပည့်တော်ရဲ့ ဝမ်းဗိုက်ထဲမှာရှိနေတဲ့ မင်းသားလေး သို့မဟုတ် မင်းသမီးလေးဟာ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ပါတယ်။ အဲဒီကလေးကို ဘုရားရှင်က ဒီနေ့ကစပြီး ရတနာသုံးပါးကို အသက်ပေးကာ ဆည်းကပ်ကိုးကွယ်တဲ့ သူလို့ မှတ်ယူတော်မူပါ။"

နောက်ပြီးတော့ အထိန်းသည်က ဗောဓိမင်းသားလေးကို ရင်ခွင်နဲ့ချီပြီး ဘုရားရှင်ထံ သွားပါတယ်၊ ရှိခိုးပါတယ်၊ သင့်တင့်ရာအရပ်မှာ ထိုင်ပါတယ်။ ပြီးတော့ ဘုရားရှင်ကို ဒီလို လျှောက်ပါတယ်။

"မြတ်စွာဘုရား၊ ဒီဗောဓိမင်းသားလေးဟာ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ပါတယ်။ ဒီဗောဓိမင်းသားလေး

http://www.dhammadownload.com



ကို ဘုရားရှင်က ဒီနေ့ကစပြီး ရတနာသုံးပါးကို အသက်ပေးကာ ဆည်းကပ်ကိုးကွယ်တဲ့ ဥပါသကာလို့ မှတ်ယူတော်မူပါ။"

**(မဇ္ဈိမပဏ်၊ ပါဠိ၊ ၃၀၀)**

ဒီဟောဓိမင်းသားလေးရဲ့ မိခင်နဲ့ အထိန်းသည်တို့ရဲ့ ဟောဓိမင်းသားအတွက် ပြုလုပ်ပေးပုံဟာ မှတ်သားလိုက်နာ ကျင့်သုံးစရာ ကောင်းပါတယ်။

မိခင်ဝမ်းဗိုက်ထဲမှာ ရောက်နေတဲ့ ဟောဓိမင်းသားလောင်းလျာ သန္ဓေသားလေးဟာ သရဏဂုံ ယူလို့ ရပါသလား၊ မရပါ။ စိတ်မပါဘဲနဲ့ သရဏဂုံ ရရိုး မရှိပါ။ ဒါပေမဲ့ သန္ဓေသားအတွက် အစောင့်အရှောက်တော့ ထားပြီးဖြစ်သွားတာပါပဲ။ အဲဒီကလေးကြီးလာတဲ့အခါ (သိတတ်တဲ့အရွယ်) မှာ မိဘတွေက "ငါ့သား၊ မင်းမိခင်ဝမ်းဗိုက်ထဲမှာ ရှိစဉ်ကပဲ မင်းကို ငါတို့သရဏဂုံ ယူစေခဲ့ကြတယ်" လို့ အမှတ်ရစေကြ (သတိပေးကြ) တယ်။ အဲဒီကလေးကလည်း မှတ်သားပြီး "ငါဟာ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်တဲ့ ဥပါသကာ ဖြစ်ခဲ့တယ်" လို့ သတိကို ဖြစ်စေရင် သရဏဂုံယူပြီးသည် မည်ပါတယ်။

**(မဇ္ဈိမပဏ်၊ ဋ၊ ၂၂၆)**

http://www.dhammadownload.com

# မခွဲမခွာ နေလိုကြပါလျှင်

တစ်ချိန်မှာ ဘုရားရှင်ဟာ အဂ္ဂတိုင်း၊ သုသုမာရဂိရိမြို့က သားကောင်တို့အား ဘေးမဲ့ပေးထားတဲ့ ဘေသကဠာတောမှာ သီတင်းသုံးတော်မူပါတယ်။ အဲဒီအခါ ဘုရားရှင်က နံနက်ပိုင်းမှာ သင်းပိုင်ကို ပြင်ဆင်ဝတ်ပြီး သပိတ်၊ သင်္ကန်းကို ယူကာ နကုလပိတာသူကြွယ်ရဲ့ အိမ်သို့ ကြွတော်မူပါတယ်။ ကြွပြီး ခင်းထားတဲ့နေရာမှာ ထိုင်တော်မူပါတယ်။ အဲဒီအခါ နကုလပိတာသူကြွယ်နဲ့ နကုလမာတာသူကြွယ်မဟာ ဘုရားရှင်ထံ လာပြီး ဘုရားရှင်ကို ရှိခိုးကာ သင့်တော်ရာအရပ်မှာ ထိုင်ကြပါတယ်။ ထိုင်ပြီး နကုလပိတာသူကြွယ်က ဘုရားရှင်ကို အောက်ပါစကားကို လျှောက်ထားပါတယ်။

"မြတ်စွာဘုရား၊ တပည့်တော်ဟာ ငယ်ရွယ်တဲ့ နကုလမာတာသူကြွယ်မကို တပည့်တော်ငယ်စဉ်ကပဲ ခေါ်ဆောင်ခဲ့၊ လက်ထပ်ခဲ့ပါတယ်။ တပည့်တော်ဟာ နကုလမာတာသူကြွယ်မကို ကျော်လွန်ပြီး အခြားမိန်းမကို စိတ်နဲ့တောင် ကျူးလွန်တာကို မသိပါ။ ကိုယ်နဲ့ ကျူးလွန်ဖို့ဆိုတာ ဝေးပါသေးတယ်။ တပည့်တော်တို့ဟာ ဒီဘဝမှာလည်း တစ်ယောက်ကိုတစ်ယောက် မြင်ချင်ကြပါတယ်။ နောက်ဘဝမှာလည်း တစ်ယောက်ကို တစ်ယောက် မြင်ချင်ကြပါတယ်ဘုရား။"

http://www.dhammadownload.com



နကုလမာတာသူကြွယ်မကလည်း နကုလပိတာသူကြွယ်လိုပဲ ဘုရားရှင်ကို လျှောက်ထားပြန်ပါတယ်။

အဲဒီအခါ ဘုရားရှင်က ဒီလိုမိန့်တော်မူပါတယ်။

"နကုလပိတာနဲ့ နကုလမာတာတို့ ဇနီးမောင်နှံ နှစ်ယောက်ဟာ ဒီဘဝမှာလည်း တစ်ယောက်ကို တစ်ယောက် မြင်ချင်ကြရင်၊ နောက်ဘဝမှာလည်း တစ်ယောက်ကို တစ်ယောက် မြင်ချင်ကြရင် ဇနီးမောင်နှံ နှစ်ယောက်စလုံးပဲ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးအပေါ်မှာ ယုံကြည်မှုသဒ္ဓါ တူကြရမယ်။ ငါးပါးသီလ လုံခြုံတာချင်းလည်း တူကြရမယ်၊ အလှူဒါန ပြုတာချင်းလည်း တူကြရမယ်၊ အသိပညာချင်းလည်း တူကြရမယ်။ အဲဒီဇနီးမောင်နှံဟာ ဒီဘဝမှာလည်း တစ်ယောက်ကို တစ်ယောက် မြင်ကြရတယ်။ နောက်ဘဝမှာလည်း တစ်ယောက်ကို တစ်ယောက် မြင်ကြရတယ်။"

"ဇနီးမောင်နှံနှစ်ယောက်ဟာ သဒ္ဓါရှိကြမယ်၊ အလှူခံတွေရဲ့ စကားအဓိပ္ပာယ်ကို နားလည်ကြမယ်၊ သီလစောင့်ထိန်းကြမယ်၊ တရားသဖြင့် အသက်မွေးကြမယ်၊ အချင်းချင်း ချစ်ဖွယ်စကား ပြောကြမယ်ဆိုရင် အဲဒီဇနီးမောင်နှံနှစ်ယောက်မှာ ကြီးပွားတိုးတက်မှုတွေ များလာကြမယ်။ ချမ်းချမ်းသာသာ နေကြရမယ်။ မလိုလားသူ ရန်သူတွေမှာ စိတ်ဆင်းရဲကြရမယ်။ သီလတူမျှတဲ့ ဇနီးမောင်နှံနှစ်ယောက်ဟာ ဒီဘဝမှာ တရားကို ကျင့်သုံးကြလို့ နောက်ဘဝမှာ နတ်ပြည်ရောက်ကာ ဝမ်းသာပျော်ရွှင်နေကြရမယ်။"

**(အံ၊ ပါဠိ၊ ၀၊ ၃၇၂၊ ၃)**

အသိပညာချင်း တူကြရမယ်ဆိုရာမှာ သူတစ်ပါးပစ္စည်းကို အပိုင်စီးလိုမှု၊ သူတစ်ပါးကို သေကျေပျက်စီးစေလိုမှု၊ ပျင်းရိထိုင်းမှိုင်းမှု၊ စိတ်ပျံ့လွင့်ပူပန်မှု၊ သို့လောသို့လော တွေးတော ယုံမှားမှုတွေ လွှမ်းမိုးခံရတဲ့ စိတ်နဲ့ နေသူဟာ မလုပ်သင့်တာကို လုပ်တယ်၊ လုပ်သင့်တာကို မလုပ်

http://www.dhammadownload.com



ဘူး။ အဲဒီတော့ အခြေအရံနဲ့ ချမ်းသာတွေ လက်လွှတ်ဆုံးရှုံးသွားတယ်။

အပိုင်စီးလိုမှု၊ သေကျောပျက်စီးလိုမှု၊ ပျင်းရိထိုင်းမှိုင်းမှု၊ စိတ်ပျံ့လွင့်ပူပန်မှု၊ ယုံမှားမှုတွေဟာ စိတ်ရဲ့ အညစ်အကြေးတွေပဲလို့ ဘုရားတပည့်ဖြစ်သူဟာ သိပြီး အဲဒီစိတ်အညစ်အကြေးတွေကို ပယ်ရှားတယ်။ အဲဒီစိတ်အညစ်အကြေးတွေကို ပယ်ရှားနိုင်တဲ့ အသိပညာရှိတာချင်း တူကြရမယ်လို့ ဆိုလိုပါတယ်။

**(အံ၊ ပါဠိ၊ ပ၊ ၃၇၈)**

ဒီဘုရားစကားတော်အရ နကုလပိတာနဲ့ နကုလမာတာတို့လို ဒီဘဝမှာရော၊ နောင်ဘဝသံသရာမှာပါ တစ်ယောက်ကို တစ်ယောက်မြင်တွေ့ကာ ထာဝရခရီးဖော် ဖြစ်လိုသူတို့ဟာ သဒ္ဓါ၊ သီလ၊ ဒါန၊ ပညာတွေမှာ တူမျှအောင် ကြိုးစားရပါမယ်။

ဒီနေရာမှာ နကုလပိတာနဲ့ နကုလမာတာတို့အကြောင်းကို သိသင့်ပါတယ်။

ဘုရားရှင်ဟာ ရဟန်းအပေါင်း ခြံရံပြီး ခရီးလှည့်လည်တဲ့အခါ သုသုမာရဂိရိမြို့ကိုရောက်တော့ ဘေသကဠာတောမှာ သီတင်းသုံးပါတယ်။ အဲဒီအခါ နကုလပိတာက သုသုမာရဂိရိမြို့သူမြို့သားတို့နဲ့အတူ ဘုရားရှင်ထံ သွားပါတယ်။ နကုလပိတာရော နကုလမာတာပါ ဘုရားရှင်ကို မြင်မြင်ချင်းပဲ "သူဟာ ငါတို့ရဲ့သားပဲ" လို့ အမှတ်ပြုကာ ဘုရားရှင်ရဲ့ခြေရင်းမှာ ပျပ်ဝပ်ပြီး "ချစ်သား၊ သင်ဟာ ဒီလောက်အချိန်ပတ်လုံး ငါတို့ကိုစွန့်ပြီး ဘယ်ကိုသွားနေတာလဲ" လို့ ပြောပါတယ်။

ဒီနကုလပိတာဟာ ရှေ့ဘဝတွေမှာ ဘဝ ၅၀၀တိုင်တိုင် ဘုရားရှင်ရဲ့ဖခင် ဖြစ်ခဲ့ပါတယ်။ ဘထွေး (အဖေ၏ညီ) ဘဝ ၅၀၀၊ ဘကြီး (အဖေ၏အစ်ကို)အဖြစ်နဲ့ ဘဝ ၅၀၀၊ ဦးလေး (အမေ၏ မောင်)အဖြစ်နဲ့ ဘဝ ၅၀၀ ဖြစ်ခဲ့ပါတယ်။ နကုလမာတာကလည်း ဘုရားရှင်ရဲ့ အမေအဖြစ်

http://www.dhammadownload.com



နဲ့ ဘဝ ၅၀၀၊ မိထွေး (အမေ၏ ညီမ) အဖြစ်နဲ့ ဘဝ ၅၀၀၊ မိကြီး (အမေ၏အစ်မ) အဖြစ်နဲ့ ဘဝ ၅၀၀၊ အရီး (အဖေ၏နှမ) အဖြစ်နဲ့ ဘဝ ၅၀၀ ဖြစ်ခဲ့ပါတယ်။

အဲဒီလို အချိန်ကြာမြင့်စွာ ချစ်ခင်ခဲ့မှုက လိုက်လာတဲ့အတွက် ဘုရားရှင်ကို မြင်မြင်ချင်းပဲ သားလို့ အမှတ်ပြုပြီး ကောင်းကောင်း ရပ်တည်နိုင်စွမ်း မရှိခဲ့ကြပါ။ ဘုရားရှင်က သူတို့ရဲ့စိတ်မှာ သတိဝင်မလာမချင်း 'ဖဲသွားကြ' လို့ မမိန့်ခဲ့ပါ။ သူတို့ စိတ်တိုင်းကျဖြစ်ပြီး သတိရကာ အလယ်အလတ် အနေအထားရောက်မှ အလိုအဖျွာသယကို ကြည့်ပြီး ဘုရားက တရားဟောပါတယ်။ တရားဒေသနာအဆုံးမှာ ဇနီးမောင်နှံ နှစ်ယောက်စလုံး သောတာပန် ဖြစ်သွားကြပါတယ်။

ဘုရားရှင်ဟာ နောင် သူတို့အသက်ကြီးလာတဲ့အခါ နောက်တစ်ခေါက် အဲဒီသုသုမာရဂိရိမြို့ကို ကြွသွားပါတယ်။ သူတို့ဇနီးမောင်နှံက ဘုရားကြွလာတယ်လို့ကြားလို့ ဘုရားရှင်ထံသို့သွားပြီး တည်ခြင်းငါးပါးနဲ့ ရှိခိုးကာ အိမ်ကို ဆွမ်းဘုဉ်းပေး ကြွဖို့ ပင့်ကြပါတယ်။ နောက်တစ်နေ့ အိမ်မှာ ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းကို အကောင်းစားအရသာ အမျိုးမျိုးတွေနဲ့ ပြုစုလုပ်ကျွေးကြပါတယ်။ ဘုရားရှင် ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ ချဉ်းကပ်ပြီး သင့်တော်ရာအရပ်မှာ ထိုင်ကာ အစမှာ ဖော်ပြခဲ့တဲ့အတိုင်း လျှောက်ထားကြလို့ ဘုရားရှင်က ဖော်ပြခဲ့တဲ့ တရားတော်ကို ဟောကြားတော်မူပါတယ်။ ဘုရားရှင်က သူတို့ဇနီးမောင်နှံကို ဘုရားရှင်နဲ့ ရင်းနှီးကျွမ်းဝင်သူ လူဝတ်ကြောင်တွေထဲမှာ အသာဆုံးပုဂ္ဂိုလ်တွေ အဖြစ် သတ်မှတ်ထားရှိကာ မိန့်တော်မူခဲ့ပါတယ်။

**(အံ၊ ပါဠိ၊ ၁၊ ၃၀၇၊ ၈)**

ဒီဇနီးမောင်နှံဟာ ဘုရားရှင်နဲ့ အရင်းနှီးဆုံး လူဝတ်ကြောင်တွေ ဖြစ်လို့ ဘုရားရှင်ကို ဒီလို ရင်းနှီးပွင့်လင်းတဲ့စကားကို လျှောက်ထား မေးမြန်းတဲ့အတွက် အခြားဇနီးမောင်နှံတွေလည်း ဘုရားရှင် ဟော

http://www.dhammadownload.com



ကြားတဲ့တရားကို သိခွင့်ရကြပါတယ်။ ဒီဇနီးမောင်နှံလို အချစ်ကြီးကြတဲ့ ဇနီးမောင်နှံတွေလည်း လောကမှာ များစွာပဲ ရှိပါလိမ့်မယ်။ ဒီဘဝမှာသာမက ဘဝသံသရာမှာပါ မခွဲမခွာ နေလိုကြသူ ဇနီးမောင်နှံတွေဟာ ဒီဘုရားတရားနဲ့အညီ နေနိုင်အောင် ကြိုးစားကြရပါမယ်။

http://www.dhammadownload.com

# ရုပ်လှချင်ရင်

အမတ်သားတစ်ယောက်နဲ့ အဘယထေရ်ကို အကြောင်းပြုပြီး ဒီစကား ဖြစ်ပေါ်နေတယ်။

"အမတ်သားကပဲ စိတ်ကို ကြည်လင်စေနိုင်သလား၊ အဘယ ထေရ်ကပဲ စိတ်ကို ကြည်လင်စေနိုင်သလား၊ အဲဒီနှစ်ဦးလုံးကို တစ် နေရာထဲမှာ ကြည့်ကြမယ်"

ဆွေမျိုးတွေက "အမတ်သားကို တန်ဆာဆင်ပြီး မဟာစေတီကို ရှိခိုးခိုင်းကြမယ်" လို့ တွေးကာ သွားကြတယ်။ အဘယထေရ်ရဲ့ မယ်တော် ကလည်း စိတ်ကိုကြည်လင်စေနိုင်တဲ့ သင်္ကန်းကိုပြုလုပ်ခိုင်း ပြီး "ငါ့သားမထေရ်ဟာ ဆံပင်တွေကို ရိတ်ဖြတ်ခိုင်းပြီး ဒီသင်္ကန်းကို ဝတ်ရုံကာ ရဟန်းအပေါင်းခြံရံလျက် မဟာစေတီကို ရှိခိုးပါစေ"လို့ သား မထေရ်ထံ ပို့လိုက်တယ်။

အမတ်သားက ဆွေမျိုးတွေခြံရံကာ အရှေ့ဘက်တံခါးနဲ့ စေတီ ရင်ပြင်ကို တက်သွားတယ်။ အဘယမထေရ်က ရဟန်းအပေါင်း ခြံရံ ကာ တောင်ဘက်တံခါးနဲ့ စေတီရင်ပြင်ကို တက်သွားတယ်။ စေတီရင် ပြင်မှာ အမတ်သားနဲ့အတူ ပေါင်းဆုံတယ်။ "အို ဒကာ၊ သင်ဟာ မထေရ်ကြီး တံမြက်လှည်းတဲ့နေရာက အမှိုက်ကို စွန့်ပစ်ပြီး ငါနဲ့အတူ

http://www.dhammadownload.com



ဘာကြောင့် ဖက်ပြိုင်ရတာလဲ”လို့ ပြောတယ်။ ရှေးဘဝမှာ အဘယ မထေရ်က မထေရ်ကြီးဖြစ်ပြီး ဆွမ်းခံရွာက စေတီရင်ပြင်မှာ တံမြက်လှည်းခဲ့တယ်။ အမတ်သားက ဥပါသကာကြီးဖြစ်ပြီး တံမြက်လှည်းရာနေရာမှာ အမှိုက်ကိုယူပြီး စွန့်ပစ်ခဲ့တယ်။

**(ပရိဝါ၊ ၄၊ ၁၇၅)**

တံမြက်လှည်းတာဟာ ရုပ်လှကြောင်း ကောင်းမှု ဖြစ်ပါတယ်။ ရုပ်လှချင်ရင် တံမြက်လှည်းရပါတယ်။

http://www.dhammadownload.com

# သည်းခံလျှင် လှပသည်

မဝဇိရညာနီရဲ့ တူမလေးက (အစ်မရဲ့ သမီးလေးက) ရုပ်လှပါတယ်။ အသက် ၉ နှစ် ရှိပါပြီ။ သူ့အဘွား ဆွမ်းကပ်တဲ့နေ့က ပါလာပါတယ်။ ပဏ္ဍိတာရာမဆရာတော်ကြီးက ဆွမ်းပွဲကို ကြွလာတဲ့အခါ အဲဒီကလေးမလေးကို မြင်သွားပါတယ်။ မဝဇိရညာနီရဲ့ တူမလေးမှန်းလည်း သိသွားပါတယ်။

"မဝဇိရညာနီရဲ့ တူမလေးက ရုပ်အလှလေးပဲ၊ အပြင်အလှနဲ့ အတွင်းအလှ ဘယ်အလှက ပိုကောင်းလဲ။"

အဲဒီ ကလေးမက မဖြေတတ်ပါ။ "အပြင်ရုပ်လှအောင် ဘယ်လိုလုပ်လဲ"လို့ ဆရာတော်ကြီးက မေးတော့ "ဘယ်လိုမှ မပြင်ပါ"လို့ ပြောပါတယ်။ ဆရာတော်ကြီးက မေးခွန်းတွေ ဆက်မေးပါတယ်။

"ဒေါသထွက်နေရင် ဒီလှတဲ့မျက်နှာလေးက လှပဦးမလား။"

"မလှတော့ပါ။"

"ဒေါသမထွက်ဘဲ ပြုံးပြလိုက်ရင် မလှပဘူးလား။"

"လှပါတယ်။"

"အေး လှချင်ရင် သည်းခံရတယ်၊ ဒေါသ မထွက်ရဘူး၊ အဲဒီလိုဆိုရင် အတွင်းစိတ်လည်း လှမယ်၊ အပြင်ရုပ်လည်း လှမယ်။"

http://www.dhammadownload.com



ဆရာတော်ကြီးက လှတဲ့သူလေးအား အလှတရား ဟောလိုက်ပါတယ်။ ရုပ်လှချင်သူတိုင်း ခန္တီတရား၊ မေတ္တာတရား လက်ကိုင်ထားကြရပါမယ်။ ဒေါသကြီးရင် အကျည်းတန်ပါမယ်။ မဟာစည်ဆရာတော်ကြီးက သုဘလုလင်က မေးလို့ ဘုရားရှင်က ဖြေထားတဲ့စကားလေးကို လင်္ကာလေး လုပ်ထားပါတယ်။

**'ဒေါသမီးလျှံ၊ အကျည်းတန်၊ သည်းခံ လှပသည်'** တဲ့။

မဟာဂန္ဓာရုံဆရာတော်ကြီးကတော့ ဒီလိုလင်္ကာစီထားပါတယ်။

**'ထန်ပြင်းဒေါသ၊ ကြီးတတ်က၊ အလှပျက်မည်ဆို၊**
**ဒေါသကင်းစင်၊ မေတ္တာယှဉ်၊ ကြည်လင်လှပသကို။'**

http://www.dhammadownload.com

# အလှကမ္ဘာ

'ဘာ့ဇ်' အမည်ရှိ အမေရိကန် ယောဂီဟောင်းဟာ ဘော်စတွန်မြို့မှာ နေပါတယ်။ သူ့အမေအိုကြီးက ပဏ္ဍိတာရာမဆရာတော်ကြီး ညနေ ၇ နာရီမှာ ယောဂီတွေအား တရားဟောတဲ့အခါ လာရောက်နာယူလေ့ရှိပါတယ်။ စာရေးသူတို့ဟာ အရုဏ်ဆွမ်းကို နံနက် ၆ နာရီမှာ၊ နေ့ဆွမ်းကို နေ့ ၁၁ နာရီမှာ ဘုဉ်းပေးကြပါတယ်။ အဲဒီအမေအိုကြီးက တစ်နေ့ နေ့ဆွမ်းစားချိန်မှာ လာရောက်ပါတယ်။အဲဒီအခါ အမေအိုအား တရားအိုကို ဟောလိုက်ပါတယ်။ အခုတစ်ခါမှာတော့ အရုဏ်ဆွမ်းစားချိန်မှာ ရောက်လာပါတယ်။ ဆရာတော်ကြီးက အရုဏ်ဆွမ်းဘုဉ်းပေးပြီးလို့ အပြန်မှာ "ဒကာမကြီး မလှချင်ဘူးလား" လို့ မေးပါတယ်။ ၉၆ နှစ်အရွယ်ရှိ အဲဒီအမေအိုက "မလှချင်တော့ပါဘူး" လို့ ဆိုပါတယ်။ ဆရာတော်ကြီးက ဒီလိုဆက်မိန့်ပါတယ်။

"အတွင်းလှဖို့ လိုတယ်၊ အတွင်းလှရင် အပြင်ရုပ်ကလည်း လှတာပဲ၊ အတွင်းလှလာရင် အပြင်ရုပ်လှအောင် မိတ်ကပ်လည်း မလိုတော့ဘူး၊ ဘာအလှပြင်ပစ္စည်းကိရိယာမှ မလိုတော့ဘူး။ အတွင်းစိတ်က သန့်ရှင်းကြည်လင်လှပလာရင် မျက်နှာကလည်း သန့်ရှင်းကြည်လင်လှပလာတယ်။ အဲဒီလိုဆိုရင် အဘွားလှ ဖြစ်လာမယ်၊ အတွင်းစိတ်ရော အပြင်ရုပ်ပါ လှတဲ့ နှစ်ထပ်ကွမ်းအဘွားလှ ဖြစ်လာမယ်။ ကြည့်ပါလား ဘုန်းကြီးကို၊ ဘုန်းကြီးဟာ အသက် ၈၂ နှစ်ရှိနေပြီ။"

http://www.dhammadownload.com



ဆရာတော်ကြီးက ပြုံးရွှင်နေတဲ့ မျက်နှာတော်နဲ့ ပြောနေပါတယ်။ အမေအိုကြီးရော၊ သူ့သားဘာ့ဖ်ရော၊ အင်္ဂလိပ်လို ဘာသာပြန်ပေးတဲ့ အရှင်ဝိဝေကာနန္ဒရော၊ စာရေးသူရော၊ နီပေါဆရာလေးမဝိမလညာနီရော၊ ဆရာတော်ကြီးနဲ့ စာရေးသူတို့ လိုအပ်ရာရာကို ဆောင်ရွက်ပေးနေတဲ့ ဂျိတ်ဒေးဗစ်ရော အနီးအနားမှာရပ်ရင်း နားထောင်ကာ သဘောကျပြီး ရယ်နေကြရပါတယ်။ အမေအိုက "ကျေးဇူးတင်ပါတယ်" လို့ ဆရာတော်ကြီးကို လျှောက်ထားနေပါတယ်။

လောကမှာ ရုပ်မလှချင်သူ တစ်ယောက်မှ ရှိမှာမဟုတ်ပါ၊ လှချင်လို့ အလှပြင်တဲ့နေရာမှာ ယောကျ်ားတွေထက် မိန်းမတွေက ပိုတာသေချာပါတယ်။ လှချင်ရင် အလှပြင်တတ်ဖို့ လိုပါတယ်။ လောကလူတွေက ရုပ်ကိုပဲ အလှပြင်နေကြပါတယ်။ စိတ်ကို အလှပြင်ဖို့ရာ မကြိုးစားဘဲ ရှိနေကြပါတယ်။ ရုပ်မလှပေမယ့် စိတ်လှရင် ချစ်ခင်စရာကောင်းပါတယ်။ ရုပ်လှပေမယ့် စိတ်မလှရင် (ယုတ်မာရင်) ရွံစရာ မုန်းစရာ ဖြစ်ပါတယ်။ စိတ်လှအောင် ပြုပြင်ချင်ရင် သတိပဋ္ဌာန်နဲ့ အလှပြင်ကြရပါမယ်။

သတိပဋ္ဌာန်နဲ့ အလှပြင်ရင် ၂ ထပ်ကွမ်း အလှပိုင်ရှင် ဖြစ်လာပါမယ်။ သတိပဋ္ဌာန်နဲ့ အလှပြင်ရင် မိတ်ကပ်ဖိုးလည်း မလိုပါ၊ ငွေတစ်ပြားတစ်ချပ်မှ ကုန်စရာမလိုပါ။ လူတွေဟာ စိတ်ကိုပါ အလှပြုပြင်ပေးကြမယ်ဆိုရင် ကမ္ဘာကြီးဟာ ပိုမိုလှပလာပါမယ်။ သတိပဋ္ဌာန်ဟာ ကမ္ဘာ့လူသားတွေကိုရော ကမ္ဘာကြီးကိုပါ လှပလာစေနိုင်ပါတယ်။

http://www.dhammadownload.com

# ချစ်ဖွယ်စကား

ဘုရားရှင်ဟာ ရှေးဘဝများစွာမှာ လူဖြစ်စဉ်က ကြမ်းတမ်းတဲ့ စကား ပြောတာကို ရှောင်ခဲ့တယ်။ သန့်ရှင်းတဲ့စကား၊ နားချမ်းသာစရာ စကား၊ ချစ်ဖွယ်စကား၊ အသည်းစွဲစရာစကား၊ ယဉ်ကျေးတဲ့စကား၊ လူအများ နှစ်သက်မြတ်နိုးတဲ့စကားကို ပြောခဲ့တယ်။

အဲဒီကောင်းမှုကံကြောင့် ဘုရားဖြစ်မယ့်ဘဝမှာ လျှာဟာ ရှည်လျား နူနယ်ကျယ်ပြန့်တယ်၊ ဗြဟ္မာမင်းရဲ့ အသံလို သာယာနာပျော်ဖွယ် အသံ ရှိတယ်။

အဲဒီလက္ခဏာတော် နှစ်ပါးဟာ ချစ်ဖွယ်စကားကို ဆိုလို့ရတဲ့ အကျိုးရင်းတွေ ဖြစ်ပါတယ်။

အဲဒီလက္ခဏာနှစ်ပါးရဲ့အကျိုးဆက်ကတော့ ဘုရားရှင်ရဲ့တပည့် ပရိသတ်ဖြစ်တဲ့ ရဟန်း၊ ရဟန်းမ၊ ဥပါသကာ၊ ဥပါသိကာမ၊ နတ်၊ လူ၊ အသုရာ၊ နဂါး၊ ဂန္ဓဗ္ဗတွေဟာ ဘုရားရှင်ရဲ့စကားကို နာယူလိုက်နာကြတာပဲ ဖြစ်ပါတယ်။

ချစ်ဖွယ်စကားကို ပြောလို့ ရတဲ့အကျိုးရင်း၊ အကျိုးဆက်တွေကို ရလိုသူတွေဟာ ကြမ်းတမ်းတဲ့စကားကို ပြောခြင်းမှ ရှောင်ကြဉ်ကြရပါမယ်။ ချစ်ဖွယ်စကားကိုပြောကြားကြရပါမယ်။

**(ပါထိကဝဂ္ဂပါဠိ ၁၄၁ )**

http://www.dhammadownload.com

# ဓနိးကောင်း

၁။ လင်ရဲ့အရင် အိပ်ရာက ထရတယ်။ လင်ရဲ့နောက်မှ အိပ်ရတယ်။ "ဘာလုပ်ရမလဲ၊ ဘာလုပ်ရမလဲ" လို့ လင်ရဲ့မျက်နှာကို ကြည့်ပြီး လှည့်လည်ရတယ်။ မြတ်နိုးဖွယ် အပြုအမူကိုသာ ပြုမူရတယ်၊ ချစ်ဖွယ် စကားကိုသာ ပြောဆိုရတယ်။

၂။ လင် အလေးပြုတဲ့ မိဘ၊ သမဏ၊ ဗြာဟ္မဏတွေကို ရိုသေလေးစား မြတ်နိုးပူဇော်ရတယ်။ ကိုယ့်ထံလာတဲ့လူတွေကို နေရာ၊ ခြေဆေးရေနဲ့ ပူဇော်ရတယ်။

၃။ အိမ်တွင်းအလုပ်ဖြစ်တဲ့ သိုးမွေး၊ ဝါဂွမ်းအလုပ်တွေမှာ ကျွမ်းကျင်ရတယ်။ မပျင်းရဘူး၊ အဲဒီလုပ်ငန်းပညာနဲ့ ပြည့်စုံရတယ်။ ကိုယ်တိုင်လည်း လုပ်တတ်ရတယ်၊ သူတစ်ပါးတွေကိုလည်း အလုပ်ခိုင်းတတ်ရတယ်။

၄။ လင်ရဲ့ အတွင်းနေလူတွေဖြစ်တဲ့ ကျွန်၊အစေခံ၊ အလုပ်သမားတွေရဲ့ အလုပ်ပြီးတာကို လုပ်ပြီးတဲ့အတိုင်း၊ မလုပ်ရသေးတာကို မလုပ်ရသေးတဲ့အတိုင်း သိရတယ်။ လူနာတွေရဲ့ အားရှိမရှိကို သိရတယ်။ အတွင်းနေလူအပေါင်းအား စားဖွယ်၊ ခဲဖွယ်ကို ရထိုက်တဲ့ အတိုင်း အတာနဲ့ ပေးရတယ်။

http://www.dhammadownload.com



၅။ လင် ရှာဖွေထားတဲ့ စပါး၊ ရွှေ၊ ငွေကို စောင့်ရှောက်ထိန်းသိမ်းရတယ်။ အိမ်ထောင်ရေး မဖောက်ပြားရ၊ သေရည် မသောက်ရ၊ မခိုးရ၊ မဖျက်ဆီးရ။

ဒီအင်္ဂါ ၅ ပါးနဲ့ ပြည့်စုံတဲ့ အမျိုးသမီးဟာ နိမ္မာနရတိနတ်ပြည်ကို ရောက်ရတယ်။ **(အံ၊ ပါဠိ၊ ဒု၊ ၃၁)**

http://www.dhammadownload.com

# မယား ၇ မျိုး

၁။ လင့်အပေါ် ဒေါသစိတ်ထားတယ်။ လင့်အကျိုးစီးပွားကို မလိုလား၊ အခြားယောကျ်ားတွေအပေါ် သာယာတပ်မက်တယ်။ လင်ကို အထင်သေးတယ်။ လင်က သူ့ကို ဥစ္စာနဲ့ ဝယ်ထားတယ်။ လင်ကို သတ်ဖို့ ကြိုးစားတယ်။ ဒီမယားဟာ သူသတ်သမားနဲ့တူတဲ့ မယားပဲ။

၂။ လင်က အလုပ်လုပ် ရှာဖွေလို့ရထားတဲ့ ပစ္စည်းဥစ္စာရှိတယ်၊ အဲဒီဥစ္စာ အနည်းငယ်လေး ရှိရင်တောင်မှ အဲဒီဥစ္စာထဲက ခိုးယူချင်တယ်၊ အဲဒီမယားဟာ သူခိုးနဲ့တူတဲ့ မယားပဲ။

၃။ အလုပ်မလုပ်ချင်၊ ပျင်းတယ်၊ အစားကြီးတယ်၊ ကြမ်းတမ်းတယ်၊ ကြမ်းကြုတ်တယ်၊ စကားပြောကြမ်းတယ်၊ အလုပ်ကြိုးစားတဲ့ လင်ကို အနိုင်ကျင့်တယ်၊ အဲဒီမယားဟာ အရှင်မနဲ့တူတဲ့ မယားပဲ။

၄။ အမြဲတမ်း လင့်အကျိုးစီးပွားကို လိုလားတယ်၊ သားကို မိခင်က စောင့်ရှောက်သလို လင်ကို စောင့်ရှောက်တယ်၊ လင် ရှာဖွေထားတဲ့ ပစ္စည်းဥစ္စာကို စောင့်ရှောက်တယ်၊ အဲဒီမယားဟာ မိခင်နဲ့တူတဲ့ မယားပဲ။

၅။ အစ်မကြီး၊ ညီမလေးပမာ ကိုယ့်လင်အပေါ်မှာ ရိုသေတယ်၊ အရှက်ရှိတယ်၊ လင့်အလိုကို လိုက်တယ်၊ အဲဒီမယားဟာ နှမနဲ့ တူတဲ့ မယားပဲ။

http://www.dhammadownload.com



၆။ လင် အဝေးမှာ ကြာမြင့်စွာ နေပြီးမှ ပြန်လာတာကို မြင်ရင် ဝမ်းသာပျော်ရွှင်တယ်။ မိတ်ဆွေမက မိတ်ဆွေတစ်ဦး လာတာကိုတွေ့ရင် ဝမ်းသာသလိုပါပဲ၊ ပြီးတော့ အမျိုးကောင်းတယ်၊ သီလရှိတယ်၊ လင်ကို အိမ်ဦးနတ်အဖြစ်ထားတယ်၊ အဲဒီမယားဟာ မိတ်ဆွေနဲ့တူတဲ့ မယားပဲ။

၇။ လင်က တုတ်ကိုယူပြီး သတ်မယ်လို့ ခြိမ်းခြောက်ပေမယ့် စိတ်မဆိုး၊ အေးအေးဆေးဆေးပဲ လင်ကို သည်းခံတယ်၊ လင့်အလိုကို လိုက်တယ်၊ အဲဒီမယားဟာ ကျွန်မနဲ့ တူတဲ့ မယားပဲ။

ရှေ့မယား ၃ မျိုးဟာ သီလမရှိ၊ ကြမ်းတမ်းတယ်၊ ရိုသေမှု မရှိ၊ သေရင် ငရဲရောက်တယ်။ နောက်မယား ၄ မျိုးဟာ သီလရှိတယ်၊ စောင့်စည်းမှု ရှိတယ်၊ သေရင် ဘဝကောင်းကို ရောက်ကြတယ်။

**(အံ၊ ပါဠိ၊ ဒု၊ ၄၆၇/၈)**

http://www.dhammadownload.com

## မယားမြတ်

လင်ဆင်းရဲတဲ့အခါ သူမပါ ဆင်းရဲခံကာ လင်ကို မစွန့်၊ လင်ချမ်းသာတဲ့အခါ ချမ်းသာကာ လင်နောက်ကိုပဲ လိုက်တယ်။ အေးအတူ ပူအမျှ ဖြစ်တယ်။ အဲဒီမယားဟာ မယားမြတ်ပဲ။ ပိုက်ဆံပေါ်သူမှာ မိန်းမတွေရှိတာ မဆန်းပါ။ **(ဇာတ်ပါဠိ၊ ပ၊ ၁၀၃)**

## မိန်းမမြတ်

ပညာမဲ့၊ ဖျင်းအတဲ့ သားထက် သီလ၊ ပညာရှိပြီး ယောက္ခမ၊ လင်တွေအပေါ် ရိုသေတဲ့မိန်းမက သာပြီး မြတ်ပါတယ်။ အဲဒီမယားကောင်းရဲ့သားဟာ ရဲရင့်ရင်၊ အရပ်မျက်နှာရဲ့အကြီးအကဲဖြစ်ရင် တိုင်း၊ နိုင်ငံကို ဆုံးမသွန်သင်နိုင်တယ်။

**(သံယုတ်ပါဠိ၊ ပ၊ ၈၆)**

## အချည်းနှီးပဲ

မြစ်ဟာ ရေမရှိရင် အချည်းနှီးပဲ။ နိုင်ငံဟာ မင်းမရှိရင် အချည်းနှီးပဲ။ မိန်းမဟာ မောင် ၁၀၀ ယောက် ရှိပေမယ့် လင်မရှိရင် အချည်းနှီးပဲ။
**(ဇာတကပါဠိ၊ ဒု၊ ၃၂၇)**

http://www.dhammadownload.com



## မကောင်းဘူး

အနိုင်မယူထိုက်တဲ့ မိဘကို အနိုင်ယူရင် အဲဒီမင်းဟာ မင်းကောင်း မဟုတ်၊ မိတ်ဆွေကို ကောက်ကျစ်မှုနဲ့ အနိုင်ယူရင် မိတ်ဆွေကောင်း မဟုတ်၊ လင်ကောင်းကို မကြောက်ရင် မယားကောင်းမဟုတ်၊ မိဘအိုကို မလုပ်ကျွေးရင် သားကောင်း သမီးကောင်း မဟုတ်။

**(ဇာတကပါဠိ၊ ဒု၊ ၁၄၈)**

## မိန်းမတွေ ယောကျ်ားဖြစ်ချင်ရင်

မိန်းမတွေဟာ ဒါန စတဲ့ ကုသိုလ်ကောင်းမှုတွေကို ပြုလုပ်ပြီး မိန်းမအဖြစ်မှာ တပ်မက်မှု ကင်းစေကာ "ငါတို့ရဲ့ ဒီကောင်းမှုဟာ ယောကျ်ားအဖြစ် ရဖို့ရာဖြစ်ပါစေ"လို့ စိတ်ကို အဓိဋ္ဌာန်ပြီး သေသွားရင် ယောကျ်ားဘဝကို ရကြတယ်။

လင်ကို နတ်ကဲ့သို့ လုပ်ကျွေးတဲ့ မိန်းမဖြစ်ပြီး လင်အပေါ်ကောင်းကောင်းကျင့်ရင်လည်း ယောကျ်ားဘဝကို ရကြတာပါပဲ။

**(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၂၀၈)**

http://www.dhammadownload.com

# မိဘတွေအပေါ် သားသမီးတို့ ပြုရမယ့်ယဉ်ကျေးမှု

၁။ မိမိတို့ကို ပြုစုလုပ်ကျွေးခဲ့တဲ့ မိဘတွေကို ခြေဆေးပေးခြင်း၊ ရေချိုးပေးခြင်း၊ ယာဂုထမင်း ပေးခြင်း စသည်တို့ကို ပြုစုရခြင်း။

၂။ မိဘတွေမှာ ကိစ္စပေါ် ပေါက်လာရင် မိမိတို့ကိစ္စကို ဘေးမှာထားပြီး မိဘတို့ရဲ့ကိစ္စကို ဆောင်ရွက်ပေးရခြင်း။

၃။ မိဘတွေရဲ့ဥစ္စာဖြစ်တဲ့ လယ်ယာ၊ ရွှေ၊ ငွေစသည်ကို မပျက်စေဘဲ စောင့်ရှောက်ရခြင်း။

(တစ်နည်း) မတရားသော မျိုးရိုးအစဉ်အလာတို့ကို ပယ်ရှားပြီး တရားနှင့်ယှဉ်သော(ညှဉ်းဆဲမှု စသည် ကင်းသော)အစဉ်အလာ၌ တည်ရှိရခြင်း။

(တစ်နည်း) မျိုးရိုးစဉ်ဆက်ကလာတဲ့ ဒါနဝတ် စသည်တို့ကို ဖြတ်တောက်မပစ်ဘဲ ဆက်လက်တည်ရှိစေရခြင်း။

၄။ အမွေခံ သားကောင်း သမီးကောင်းဖြစ်အောင် မိဘအဆုံးအမကို လိုက်နာရခြင်း။

http://www.dhammadownload.com



၅။ ကွယ်လွန်သွားတဲ့ မိဘတွေအား ကုသိုလ်ကောင်းမှုပြု၍ အမျှ ပေးဝေရခြင်း။ **(ပါထိကပါဠိ၊ ၁၅၄)**

အထက်ပါယဉ်ကျေးမှု ၅မျိုးနဲ့ ပြည့်စုံတဲ့ သား သမီးကိုဘယ်လို မိဘက သဘောမကျဘဲ ရှိမှာလဲ၊ မကျေနပ်ဘဲ ရှိမှာလဲ၊ အားမရဘဲ ရှိမှာလဲ၊ အားမကိုးဘဲ ရှိမှာလဲ၊ မချစ်ခင်၊ မမြတ်နိုးဘဲ ရှိမှာလဲ။ ဒီလိုယဉ်ကျေးလိမ္မာတဲ့ သားသမီးကို ရရှိတဲ့မိဘဟာ အင်မတန်ကံကောင်းတဲ့ မိဘတွေ ဖြစ်ပါတယ်။ ဒီလိုယဉ်ကျေးလိမ္မာတဲ့ သား သမီးတွေဟာ လောကရဲ့အလှရတနာ အဆင်တန်ဆာတွေ ဖြစ်ပါတယ်။ သားသမီး တိုင်း ဒီလိုယဉ်ကျေးလိမ္မာကြရင် မိဘတိုင်းသဘောကျ ကျေနပ်အားရ ကြမှာပါပဲ။ သိပ်ပျော်ရွှင်ကြည်နူးကြမှာပဲ။

http://www.dhammadownload.com

# အလှူရတာနာ

သားသမီးတွေဟာ မိဘတွေထံ နံနက်နဲ့ ညနေအချိန်မှာ ချဉ်းကပ်ပြီး “ဒီမိဘနှစ်ပါးဟာ ငါ့ရဲ့ကောင်းမှုမျိုးစေ့စိုက်ပျိုးရာ လယ်ယာကောင်းပဲ”လို့ တွေးကာ ရှိခိုးရတယ်။

မိဘတွေအား ယာဂု၊ ထမင်း၊ ခဲဖွယ်တွေကို ပေးရတယ်။

ဖျော်ရည်ပေးရတယ်။

ဝတ်စရာ၊ ခြုံစရာ၊ အဝတ်အထည် ပေးရတယ်။

ခုတင်၊ ထိုင်ခုံ ပေးရတယ်။

အနံ့ဆိုးကို ဖယ်ရှားပြီး အမွှေးနံ့သာ လိမ်းကျံပေးရတယ်။

ရာသီဥတုအေးတဲ့အခါ ရေနွေးနဲ့၊ ရာသီဥတုပူအိုက်တဲ့အခါ ရေအေးနဲ့ မိဘတွေရဲ့ကိုယ်တွေကို သွန်းလောင်းချိုးပေးရတယ်။

ရေအေး၊ ရေနွေးတွေနဲ့ မိဘတွေရဲ့ခြေတွေကို ဆေးပေးရတယ်။ ဆီလိမ်းကျံပေးရတယ်။

အဲဒီလို မိဘကို ပြုစုလုပ်ကျွေးတဲ့ သားသမီးကို ပညာရှိတွေက ဒီဘဝမှာလည်း ချီးမွမ်းကြတယ်။ မိဘလုပ်ကျွေးတဲ့ အဲဒီသားသမီးဟာ

http://www.dhammadownload.com



သေတဲ့အခါ နတ်ပြည်ရောက်ရတယ်။ နတ်ပြည်စည်းစိမ်တွေနဲ့ အစက စပြီး ထပ်တလဲလဲ ဝမ်းမြောက်ရတယ်။ ပျော်ရတယ်။

**(အံ၊ ပါဠိ၊ ပ၊ ၁၃၁)**

ဒီလို ယဉ်ကျေးလိမ္မာတဲ့ သားသမီးဆိုရင် များချင်သလောက် များပါစေ၊ လိုချင်ကြမှာပါပဲ။ ယဉ်ကျေးလိမ္မာတဲ့ သားသမီးဟာ မိဘကို ကိုယ်ရောစိတ်ပါ ချမ်းသာရအောင် ပြုစုတတ်ပါတယ်။ ယဉ်ကျေးလိမ္မာတဲ့ သားသမီးကြောင့် မိဘတွေမှာ စိတ်ချမ်းသာကြရပါတယ်။ ကိုယ်ကျန်းမာကြရပါတယ်။ ဒီလိုယဉ်ကျေးလိမ္မာတဲ့ သားသမီးဟာ ကျောက်ကောင်းတစ်စေ့ပမာ တန်ဖိုးကြီးလှပါတယ်။ ရှားပါးပါတယ်။ ရခဲပါတယ်။ တကယ်တော့ ကျောက်ကောင်းတစ်စေ့ထက် အဆပေါင်းများစွာ ပိုပြီးတန်ဖိုးကြီးပါတယ်။ ယဉ်ကျေးလိမ္မာမှု ရှိလေလေ တန်ဖိုးက ကြီးလေလေပါပဲ။ ယဉ်ကျေးလိမ္မာတဲ့ သားသမီးဟာ တန်ဖိုးမဖြတ်နိုင်တဲ့ တန်ဖိုးဖြတ်လို့ မရတဲ့ အလှရတနာ ဖြစ်ပါတယ်။ ယဉ်ကျေးလိမ္မာမှုဟာ လူတစ်ဦးရဲ့ အလှရတနာထူး ဖြစ်ပါတယ်။

http://www.dhammadownload.com

# သားသမီးတွေအပေါ် မိဘတို့ပြုရမယ့် ယဉ်ကျေးမှု

၁။ သားသမီးတွေ မကောင်းတာတွေကို လုပ်နေရင် မျက်မှောက်၊ သံသရာအပြစ်ကို ပြောပြပြီး "ဒါကို မလုပ်နဲ့"လို့ တားမြစ်ရခြင်း၊ လုပ်ပြီးရင်လည်း ကဲ့ရဲ့ရခြင်း၊

၂။ အနာထပိဏ်သူဌေးက သူ့သား ကာလအား လာဘ်ပေးပြီး ဆွဲဆောင်သလို ပစ္စည်းပေးပြီးတော့တောင် ကောင်းတာတွေကို လုပ်ဖို့ တွန်းအားပေးရခြင်း၊

၃။ ကိုယ့်အဆုံးအမကို လိုက်နာတာကိုသိပြီး မျိုးရိုးစဉ်ဆက်ကလာတဲ့ အတတ်ပညာကို သင်ယူစေရခြင်း၊

၄။ အမျိုး၊ သီလ၊ ရုပ်ရည်စသည်အားဖြင့် သင့်လျော်သူနှင့် ထိမ်းမြားပေးရခြင်း၊

၅။ ပေးသင့်ရာအချိန်အခါမှာ ပစ္စည်းဥစ္စာကို ပေးရခြင်း၊

**(ပါထိကပါဠိ၊ ၁၅၄)**

ကိုယ့်သားသမီးကို ဘယ်မိဘမဆို ချစ်ကြတာပါပဲ။ ကိုယ့်သားသမီးကို မချစ်တဲ့မိဘဟာ ပုံမှန်မဟုတ်တဲ့ မိဘဖြစ်ပါလိမ့်မယ်။ မိဘဆိုတာ သားသမီးတွေအဖို့ အရိပ်ကောင်းတဲ့ သစ်ပင်ကြီးထက် ပိုပြီးအေး

http://www.dhammadownload.com



မြှူကို ပေးတတ်သူတွေ ဖြစ်ပါတယ်။ မိဘတွေဆိုတာ သားသမီးတွေရဲ့ လက်ဦးဆရာတွေဖြစ်ကြပါတယ်။ မိဘတွေဟာ သားသမီးတွေအပေါ် မေတ္တာချိန်မှာ မေတ္တာ၊ ကရုဏာချိန်မှာ ကရုဏာ၊ မုဒိတာချိန်မှာ မုဒိတာ၊ ဥပေက္ခာချိန်မှာ ဥပေက္ခာ ထားကြပါတယ်။ ဒါကြောင့် သားသမီးတွေ အဖို့ မိဘတွေဟာ ဗြဟ္မာကြီးတွေနဲ့ တူကြပါတယ်။

မိဘတွေဟာ သားသမီးတွေအပေါ် နွေရော၊ မိုးရော၊ ဆောင်းရော ရာသီမရွေး ဗြဟ္မစိုရ်မိုးတွေ ရွာသွန်းဖြိုးကြပါတယ်။ ယဉ်ကျေးမှု ရှိကြတဲ့ မိဘတွေဟာ သားသမီးတွေအား အထက်ပါ ယဉ်ကျေးမှု ၅ မျိုးကို ဆောင်ရွက်ပေးကြပါတယ်။ ဗြဟ္မစိုရ်တရားတို့ ပျော်မွေ့ရာဖြစ်တဲ့ မိဘတွေဟာ သားသမီးတွေအပေါ် တာဝန်ကျေပွန်ကြပါတယ်။ သားသမီးတွေကို ပစ်မထားကြပါ။ တာဝန်မဲ့မနေကြပါ။ ယဉ်ကျေးမှု ၅ မျိုးလုံး ရှိတဲ့ မိဘရဲ့သားသမီးတွေဟာ လောကမှာ ကံကောင်းတဲ့ သားသမီးတွေ ဖြစ်ကြပါတယ်။

# လင်ယောကျ်ားတို့အပေါ် မယားတို့ ပြုရမယ့် ယဉ်ကျေးမှု

၁။ ယာဂုကျိုချိန်၊ ထမင်းချက်ချိန်စသည်တွေကို မကျော်လွန်စေဘဲ အဲဒီအစားအစာကိစ္စကို လေးလေးစားစားပြုလုပ်ရခြင်း၊

၂။ မိမိခင်ပွန်းနှင့်တကွ အိမ်တွင်းလူတွေ၊ ဆွေမျိုးတွေအား ထိုက်သလို ချစ်ဖွယ်စကား ပြောပေးရခြင်း၊ စားသောက်စရာနှင့် အခြားမြတ်နိုးဖွယ်ပစ္စည်းတွေကို ပေးရခြင်း၊

၃။ မိမိခင်ပွန်းမှတစ်ပါး အခြားယောကျ်ားကို စိတ်နှင့်သော်မှ မတောင့်တရခြင်း၊

၄။ ခင်ပွန်းက စုဆောင်းရှာဖွေပေးတဲ့ ဥစ္စာကို စောင့်ရှောက်ပေးရခြင်း၊

၅။ အိမ်ရှင်မတွေ ပြုလုပ်ရမယ့် ယာဂုကျို၊ ထမင်းချက်စတဲ့ ကိစ္စအားလုံးတွေမှာ ကျွမ်းကျင်ရခြင်း၊ မပျင်းရိရခြင်း၊

**(ပါထိကပါဠိ၊ ၁၅၅)**

http://www.dhammadownload.com



ဇနီးက လင်ရဲ့သစ္စာရှိမှုကို လိုလားသလို လင်ကလည်း ဇနီးရဲ့သစ္စာရှိမှုကို လိုလားပါတယ်။ ဇနီးသည်ရဲ့ အချိန်လေးစားမှု၊ အလုပ်လေးစားမှု၊ ချစ်ခင်ဖွယ်အပြော၊ မြတ်နိုးဖွယ် အယုအယတွေကိုလည်း လင်က နှစ်ခြိုက်ပါတယ်။ ဇနီးသည်ရဲ့ ပစ္စည်းဥစ္စာ ထိန်းသိမ်းစောင့်ရှောက်မှု၊ အိမ်ရှင်မကိစ္စတွေမှာ ကျွမ်းကျင်မှု၊ မပျင်းရိမှုတွေကိုလည်း လင်က သဘောကျပါတယ်။ ဇနီးဖြစ်သူက လင်ဖြစ်သူရဲ့ အကြိုက်လေးတွေကို သိထားရပါတယ်။ ဖြည့်ဆည်းပေးရပါတယ်။

ဇနီးဆိုတာ လင့်အလို၊ လင့်အကြိုက်လေးတွေကို နှိုက်နှိုက် ချွတ်ချွတ် သိထားပြီး ဖြည့်ဆည်းပေးနိုင်မှ ယဉ်ကျေးလိမ္မာတဲ့ ဇနီးကောင်းတစ်ယောက် ဖြစ်နိုင်ပါတယ်။ ဇနီးရဲ့ယဉ်ကျေးမှု၊ လိမ္မာမှုဟာ ဆိုးတဲ့လင်ကိုတောင် ကောင်းလာစေနိုင်ပါတယ်။ ရိုင်းတဲ့လင်ကိုတောင် ယဉ်ကျေးလာစေနိုင်ပါတယ်။ ဘုရားပေးတဲ့ အထက်ပါယဉ်ကျေးမှု ၅ ခုကို ပိုင်ဆိုင်နိုင်ရင် ဇနီးကောင်းတစ်ယောက် ဖြစ်ပါပြီ။

http://www.dhammadownload.com

# သန့်ရှင်းမှုနဲ့ မြှင့်တင်ပါ

## တံမြက်လှည်းရကျိုးများ

၁။ ကိုယ့်စိတ် ကြည်လင်တယ်၊
၂။ သူတစ်ပါးစိတ် ကြည်လင်တယ်၊
၃။ နတ်တွေ ဝမ်းမြောက်ကြတယ်၊
၄။ ရုပ်အဆင်း လှပစေတယ်၊
၅။ ဘုရားအဆုံးအမကို လိုက်နာရာရောက်တယ်၊
၆။ နောင်လာနောက်သားတွေ အတုယူစရာဖြစ်တယ်၊
၇။ သေရင် လူ့ပြည် နတ်ပြည်ရောက်တယ်၊

**(ပရိဝါရပါဠိ၊ ၂၃၁)**

ဘုရားရှင်ဟာ သန့်ရှင်းရေးကို အင်မတန် လိုလားတော်မူပါတယ်။ ဘုရားရှင်ဟာ သူ့တပည့် ရဟန်း၊ ရှင်၊ လူတွေကို သန့်သန့်ရှင်းရှင်း နေစေချင်ပါတယ်။ ဒါကြောင့် သန့်ရှင်းရေးရဲ့အကျိုးတွေကို ပြတော်မူထားပါတယ်။ သန့်ရှင်းမှ ကျန်းမာရေး၊ ပညာရေးတွေ ပြည့်စုံနိုင်ပါတယ်။ သန့်ရှင်းမှ ဉာဏ်ပွင့်လာပါတယ်။ အသိဉာဏ်ပွင့်လင်းဖို့ရာ ကိုယ့်နေရာနဲ့ကိုယ်နေရာဝန်းကျင် သန့်ရှင်းရပါတယ်။ ကိုယ့်အသုံး

http://www.dhammadownload.com



အဆောင် အဝတ် စသည်တွေလည်း သန့်ရှင်းရပါတယ်။ ကိုယ့်ရုပ်ခန္ဓာ ကိုယ်ကြီးကိုလည်း သန့်ရှင်းရပါတယ်။

တစ်ကိုယ်ရေသန့်ရှင်းရေးနဲ့ ပတ်ဝန်းကျင်သန့်ရှင်းရေးကို အင်မတန်အားပေးတော်မူတဲ့ ဘုရားရှင်ရဲ့တပည့် ဗုဒ္ဓသာသနာဝင် ရဟန်း၊ ရှင်၊ လူတွေဟာ အဲဒီသန့်ရှင်းရေးနှစ်ခုမှာ အားမပျော့သင့်ကြပါ။ အားမလျော့သင့်ကြပါ။ မြန်မာနိုင်ငံက တောရွာတွေမှာရော မြို့တွေမှာပါ သန့်ရှင်းရေး အားမပျော့ကြဖို့၊ အားမလျော့ကြဖို့ လိုပါတယ်။ အိမ်တွေမှာ၊ ကျောင်းတွေမှာ၊ လမ်းတွေမှာ၊ ရုံးတွေမှာ၊ ဘူတာရုံတွေမှာ၊ ဆေးရုံတွေမှာ၊ မီးဖိုချောင်တွေမှာ၊ ထမင်းစားဆောင်တွေမှာ၊ အိမ်သာတွေမှာ၊ တည်းခိုဆောင်တွေမှာ၊ ဟိုတယ်တွေမှာ၊ မိုတယ်တွေမှာ စတဲ့ နေရာတွေမှာ သန့်ရှင်းမှုနဲ့ မြန်မာ့ယဉ်ကျေးမှုကို အဆင့်မြှင့်သင့်ကြပါတယ်။

မသန့်ရှင်းတဲ့ မြို့၊ ရွာ၊ နိုင်ငံဟာ ဗုဒ္ဓယဉ်ကျေးမှု မရှိတဲ့မြို့၊ ရွာ၊ နိုင်ငံ ဖြစ်ပါတယ်။ ဗုဒ္ဓသာသနာဝင် ရဟန်း၊ ရှင်၊ လူတွေဟာ ကိုယ့်မြို့၊ ကိုယ့်ရွာ၊ ကိုယ့်နိုင်ငံကို ဗုဒ္ဓယဉ်ကျေးမှုနဲ့ အဆင့်မြှင့်ပေးကြရပါမယ်။

http://www.dhammadownload.com

# တိမ်ဖုံးရာမှာ သာတဲ့လ

ဇနီးမောင်နှံနှစ်ဦးမှာ သားသမီး ရှိနေခဲ့ရင် ဘုရားရှင်ဟောတော်မူထားတဲ့ သားသမီး ၃ မျိုးထဲက ဘယ်အမျိုးအစားထဲပါတဲ့ သားသမီး ဖြစ်တယ်ဆိုတာကို သိထားရပါမယ်။

၁။ ဂုဏ်အားဖြင့် မိဘတွေထက် သာလွန်တဲ့သားသမီး၊

၂။ ဂုဏ်အားဖြင့် မိဘတွေနဲ့ တန်းတူဖြစ်တဲ့ သားသမီး၊

၃။ ဂုဏ်အားဖြင့် မိဘတွေအောက် ညံ့တဲ့ သားသမီး၊

၁။ မိဘနှစ်ပါးက ဘုရား၊တရား၊ သံဃာ ရတနာသုံးပါးကို မကိုးကွယ်ဘူး၊ သူများအသက် သတ်တယ်၊ သူများဥစ္စာ ခိုးတယ်၊ ကာမဖောက်ပြန်တယ်၊ လိမ်ညာတယ်၊ သေရည် သေရက် မူးယစ်ဆေးသုံးတယ်၊ အကျင့်ယုတ်တယ်။

အဲဒီမိဘရဲ့ သားသမီးကတော့ ဘုရား၊ တရား၊ သံဃာကို ကိုးကွယ်တယ်၊ သူများအသက် မသတ်ဘူး၊ သူများဥစ္စာ မခိုးဘူး၊ ကာမ မဖောက်ပြန်ဘူး၊မလိမ်ဘူး၊ သေရည်သေရက် မူးယစ်ဆေး မသုံးဘူး၊ အကျင့်ကောင်းတယ်။

http://www.dhammadownload.com



အဲဒီ သားသမီးဟာ ဂုဏ်အားဖြင့် မိဘထက် သာလွန်တဲ့ သားသမီး ဖြစ်တယ်။

၂။ မိဘနှစ်ပါးက ရတနာသုံးပါးကို ကိုးကွယ်သလို သားသမီးတွေက လည်း ကိုးကွယ်တယ်၊ မိဘနှစ်ပါးက ငါးပါးသီလ လုံခြုံပြီး အကျင့်ကောင်းသလို သားသမီးတွေကလည်း ငါးပါးသီလ လုံခြုံပြီး အကျင့်ကောင်းကြတယ်။

အဲဒီ သားသမီးဟာ မိဘနဲ့ ဂုဏ်အားဖြင့် တန်းတူတဲ့ သားသမီး ဖြစ်တယ်။

၃။ မိဘနှစ်ပါးက ရတနာသုံးပါးကို ကိုးကွယ်ပြီး ငါးပါးသီလ လုံခြုံကာ အကျင့်ကောင်းပေမယ့် သားသမီးကတော့ ရတနာသုံးပါးကို မကိုးကွယ်၊ ငါးပါးသီလ မလုံခြုံ၊ အကျင့်မကောင်း။

အဲဒီ သားသမီးဟာ မိဘအောက် ဂုဏ်အားဖြင့် ညံ့တဲ့ သားသမီး ဖြစ်တယ်။

ပညာရှိ မိဘတွေဟာ မိဘတွေထက် ဂုဏ်အားဖြင့် သာလွန်တဲ့ သားသမီးနဲ့ ဂုဏ်အားဖြင့် မိဘတွေနဲ့ တန်းတူဖြစ်တဲ့ သားသမီးကို လိုလားကြပါတယ်။ အမျိုးဖျက်တဲ့၊ ဂုဏ်အားဖြင့် မိဘတွေအောက် ညံ့တဲ့ သားသမီးကို မလိုလားကြပါ။

ရတနာသုံးပါးကို ကိုးကွယ်ပြီး သဒ္ဓါ၊ ဒါန၊ သီလရှိကြတဲ့ သားသမီးတွေဟာ ပရိသတ်တွေထဲမှာ တင့်တယ်ကြတယ်။ ဥပမာ- တိမ်တိုက်က လွတ်လာတဲ့လဟာ တင့်တယ်သလိုပါပဲ။ **(ဣတိဝုတ်ပါဠိ၊ ၂၃၈)**

ဒီဘုရားစကားတော်အရ ဇနီးမောင်နှံနှစ်ဦးဟာ ကိုယ်တိုင်လည်း ရတနာသုံးပါးကို ကိုးကွယ်ရတယ်။ ငါးပါးသီလလည်း လုံခြုံရတယ်။ အကျင့်ကောင်းရတယ်။ သားသမီးတွေ ရှိနေခဲ့ရင် အဲဒီသားသမီးတွေကိုလည်း ရတနာသုံးပါးကို ကိုးကွယ်အောင်၊ ငါးပါးသီလ လုံခြုံအောင်၊

http://www.dhammadownload.com



အကျင့်ကောင်းအောင် ဆောင်ရွက်ပေးကြရပါမယ်။ အဲဒီလို ဆောင်ရွက်လို့ မိဘတွေရော၊ သားသမီးတွေပါ ကောင်းနိုင်ကြပြီဆိုရင် ပရိသတ် အလယ်မှာ တိမ်တိုက်ထဲက ထွက်လာတဲ့လပမာ တင့်တယ်ကြပါလိမ့်မယ်။

# မိုက်ရာမှ လိမ္မာလာသူ

ဇနီးမောင်နှံနှစ်ဦးမှာ သားသမီးရတနာ ရခဲ့ရင် မိဘဝတ္တရားနဲ့ အညီ ကိုယ့်သားသမီးတွေကို မကောင်းမြစ်ထား၊ ကောင်းရာ ညွှန်လတ် စသည် လုပ်ပေးကြရပါမယ်။ လိမ္မာတဲ့ သားသမီးဖြစ်ခဲ့ရင် ဆုံးမရ လွယ် ကူပါတယ်။ မလိမ္မာတဲ့သားသမီးဆိုရင် ဆုံးမရခက်ပါတယ်။ မလိမ္မာတဲ့ သားသမီးကိုလည်း လိမ္မာလာအောင် ဆုံးမပေး၊ ဆွဲဆောင်ပေးရပါ မယ်။ အနာထပိဏ်သူဌေးရဲ့ ဆောင်ရွက်ပုံဟာ အတုယူစရာ ကောင်း ပါတယ်။

အနာထပိဏ်မှာ ကာလ ဆိုတဲ့သား ရှိပါတယ်။ အနာထပိဏ်က သဒ္ဓါတရားရှိပေမယ့် ကာလကတော့ သဒ္ဓါတရား မရှိပါဘူး။ ဘုရားရှင် ထံ မသွားချင်ပါဘူး။ ဘုရားရှင် အိမ် ကြွလာတဲ့အခါ ဘုရားရှင်ကို မဖူး တွေ့ချင်ပါဘူး။ တရားမနာချင်ပါဘူး။ သံဃာရဲ့ ဝေယျာဝစ္စကို မလုပ် ချင်ပါဘူး။ "ငါ့သား ဒီလိုမလုပ်နဲ့" လို့ ပြောပေမယ့် ဖခင်စကားကို နား မထောင်၊ မလိုက်နာပါဘူး။ အနာထပိဏ်က ဒီလိုတွေးပါတယ်။

"ဒီကာလဟာ ဒီလိုအယူမှားကို ယူပြီးနေရင် အဝီစိငရဲ ရောက် လိမ့်မယ်။ ငါ မြင်တွေ့နေရပါလျက် ငါ့သား ငရဲရောက်ရင် မသင့်တော်

http://www.dhammadownload.com



ဘူး၊ ဒီလောကမှာ ပစ္စည်းဉစ္စာ ပေးပြီးလုပ်ရင် အခြေအနေ မပြောင်းလဲတဲ့ သတ္တဝါ မရှိဘူး၊ ကာလကို ပစ္စည်းဉစ္စာနဲ့ အခြေအနေ ပြောင်းလဲအောင် လုပ်မယ်။"

"ငါ့သား၊ ဥပုသ်သည်လုပ်ပြီး ကျောင်းကိုသွားကာ တရားနာယူပြီး ပြန်လာခဲ့ပါ။ သင့်အား အသပြာ ၁၀၀ ပေးမယ်။"

"အဖေ ပေးမှာလား။"

"ငါ့သား ပေးမယ်။"

ကာလဟာ သုံးကြိမ်တိုင်တိုင် ပေးမယ်ဆိုတဲ့ ဝန်ခံချက်ကိုယူပြီး ဥပုသ်သည်လုပ်ကာ ကျောင်းကိုသွားပါတယ်။ တရားကိုတော့ မနာပါဘူး။ ချမ်းသာရာနေရာမှာ အိပ်ပြီး နံနက်စောစောပဲ အိမ်ကို ပြန်ပါတယ်။ အဲဒီအခါ အနာထပိဏ်က "ငါ့သား ဥပုသ်စောင့်လာပြီ၊ ယာဂုစတဲ့ စားဖွယ်သောက်ဖွယ်တွေကို မြန်မြန်ပေးကြပါ" လို့ ပြောကာ ပေးစေပါတယ်။ ကာလက "အသပြာတွေကို မရသေးရင် မစားသေးဘူး" လို့ ဆိုကာ ယူယူလာသမျှကို ပယ်မြစ်ပါတယ်။ ကာလရဲ့နှိပ်စက်မှုကို မခံနိုင်တဲ့ အနာထပိဏ်ဟာ အသပြာထုပ်ကို ပေးခိုင်းလိုက်ပါတယ်။ ကာလက အဲဒီအသပြာထုပ်ကို လက်နဲ့ယူပြီးမှသာ စားစရာကို စားပါတယ်။

အနာထပိဏ်က ကာလကို နောက်တစ်နေ့မှာ ဒီလိုပြောပြီး ကျောင်းကို လွှတ်ပါတယ်။

"ငါ့သား သင့်အား အသပြာ ၁၀၀၀ ပေးမယ်၊ ဘုရားရှင်ရဲ့ရှေ့မှာ ရပ်တည်ကာ တရားတစ်ပုဒ်ကို သင်ယူပြီး ပြန်လာခဲ့ပါ။"

ကာလကလည်း ကျောင်းကိုသွားကာ ဘုရားရှင်ရဲ့ရှေ့မှာ ရပ်ရင်းပဲ တရားတစ်ပုဒ်ကို သင်ယူပြီး ပြန်ပြေးချင်ပါတယ်။ အဲဒီအခါ ဘုရားရှင်က ကာလကို မမှတ်မိအောင် လုပ်ပါတယ်။ ကာလဟာ အဲဒီအပုဒ်

http://www.dhammadownload.com



ကို မမှတ်မိလို့ နောက်တစ်ပုဒ်ကို သင်ယူမယ်လို့ကြံကာ ရပ်ရင်း နာမြဲနာယူပါတယ်။ ဘုရားရှင်ကလည်း ကာလကို မမှတ်မိအောင် လုပ်ပါတယ်။ ကာလဟာ နောက်တစ်ပုဒ်ကို သင်ယူမယ်လို့ကြံကာ ရပ်ရင်း နာယူလျက်ပဲ သောတာပန် ဖြစ်သွားပါတယ်။

ကာလဟာ နောက်နေ့မှာ ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းနဲ့ အတူပဲ သာဝတ္ထိမြို့ကို ဝင်ပါတယ်။ အနာထပိဏ်က ကာလကို မြင်ပြီး 'ဒီနေ့ ငါ့သားရဲ့ အမူအရာဟာ ကျေနပ်စရာပဲ" လို့ တွေးနေပါတယ်။ ကာလ မှာလည်း ဒီလိုတွေးနေပါတယ်။

"ငါ့ဖခင်ဟာ ဒီနေ့ ဘုရားရှင်ရဲ့အနီးမှာ အသပြာတွေကို မပေးရင် ကောင်းလေစွ၊ အသပြာလိုချင်လို့ ငါဥပုသ်စောင့်တာကို ဖုံးကွယ်ထားရင် ကောင်းလေစွ။"

ဘုရားရှင်ကတော့ မနေ့ကပဲ ကာလ အသပြာလိုချင်လို့ ဥပုသ်စောင့်တာကို သိတော်မူထားပါတယ်။ အနာထပိဏ်က ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းအား ယာဂုလှူခိုင်းပြီး သားကာလအားလည်း ပေးခိုင်းပါတယ်။ ကာလဟာ ထိုင်ကာ ဆိတ်ဆိတ်ပဲ ယာဂုသောက်တယ်၊ ခဲဖွယ် ခဲတယ်၊ စားဖွယ် စားတယ်။ အနာထပိဏ်ဟာ ဘုရားဆွမ်းကိစ္စ ပြီးသွားတဲ့အခါ ကာလရဲ့ရှေ့မှာ အသပြာ ၁၀၀၀ ထုပ်ကို အထားခိုင်းပြီး "ငါ့သား၊ ငါဟာ သင့်ကို အသပြာ ၁၀၀၀ ပေးမယ် လို့ ပြောပြီး ကျောင်းကိုလွှတ် ဥပုသ်စောင့်ခိုင်းခဲ့တယ်။ ဒါဟာ မင်းအတွက် ၁၀၀၀ ပဲ" လို့ ပြောပါတယ်။

ကာလဟာ ဘုရားရှင်ရဲ့ရှေ့မှာ အသပြာပေးတာကို မြင်လို့ ရှက်ကာ "ကျွန်တော် အသပြာတွေကို အလိုမရှိတော့ပါ" လို့ ပြောပါတယ်။ ဖခင်သူဌေးကြီးက "ငါ့သား ယူပါ" လို့ ပြောပေမယ့် မယူတော့ပါ။ အနာထပိဏ်က ဘုရားရှင်ကို ရှိခိုးပြီး "မြတ်စွာဘုရား၊ တပည့်တော်သားရဲ့ ဒီနေ့ အမူအရာကို ကျေနပ်ပါတယ်" လို့ လျှောက်ပါတယ်။ "ဘာလဲ

http://www.dhammadownload.com



သူဌေးကြီး”လို့မေးလို့ အနာထပိဏ်က သူ့သားအကြောင်းကို လျှောက်ပြပါတယ်။

ဘုရားရှင်က ဒီလို မိန့်တော်မူပါတယ်။

“ဟုတ်တယ် သူဌေးကြီး၊ ဒီနေ့ သင့်သားရဲ့ သောတာပတ္တိဖိုလ်ကသာ စကြဝတေးမင်း စည်းစိမ်၊ နတ်လောကစည်းစိမ်၊ ဗြဟ္မာလောကစည်းစိမ်တွေထက်လည်း သာလွန်မြင့်မြတ်တယ်။”

**(ဓမ္မပဒ၊ ဋ၊ ဒု၊ ၁၂၃)**

အနာထပိဏ်ရဲ့နည်းနဲ့ ဆုံးမသွန်သင်ကြတဲ့ မိဘတွေ မြန်မာနိုင်ငံမှာလည်း ရှိကြပါတယ်။ ကိုယ့်သားသမီးကို အရှည်မျှော်ပြီး ချစ်တတ်တဲ့ မိဘတိုင်းဟာ အနာထပိဏ်ရဲ့နည်းကိုလည်း အသုံးပြုသင့်ကြပါတယ်။ အနာထပိဏ်ရဲ့နည်းဟာ သား ကာလအတွက် တန်ဖိုးမဖြတ်နိုင်တဲ့နည်း ဖြစ်သွားပါတယ်။ ကာလဟာ ဒီတစ်ဘဝမှာသာမက ဘဝသံသရာတစ်လျှောက်လုံးမှာ ချမ်းသာသွားပါတယ်။

http://www.dhammadownload.com

# ဝိသာခါတွက် ဩဝါဒ ၁၀ ချက်

ဝိသာခါဟာ အင်္ဂတိုင်း၊ ဘဒ္ဒိယမြို့က ဓနဉ္စယသူဌေးရဲ့ဇနီး သုမနာဒေဝီရဲ့သမီး ဖြစ်ပါတယ်။ ဓနဉ္စယသူဌေးရဲ့ဖခင်က မေဏ္ဍကသူဌေး ဖြစ်ပါတယ်။ အဘိုးဖြစ်သူ မေဏ္ဍကသူဌေးက မြေးမ ဝိသာခါ ၇ နှစ်အရွယ်ရှိစဉ်က ဘုရားရှင် ဘဒ္ဒိယမြို့ကို ကြွလာခိုက် ဘုရားရှင်ထံ ဝိသာခါကို ခေါ်သွားပါတယ်။ ဘုရားရှင်က ဝိသာခါရဲ့စရိုက်ကိုကြည့်ပြီး တရားဟောပါတယ်။ တရားဒေသနာရဲ့ အဆုံးမှာ ဝိသာခါဟာ ကလေးမ ၅၀၀ နဲ့အတူ သောတာပန် ဖြစ်သွားပါတယ်။ ဝိသာခါဟာ အသက် ၁၅၊ ၁၆ နှစ်အရွယ်မှာ သာဝတ္ထိမြို့က မိဂါရသူဌေးရဲ့သား ပုဏ္ဏဝဍ္ဎနနဲ့ အိမ်ထောင်ကျပါတယ်။

ယောက္ခမမိဂါရသူဌေးအိမ် မသွားခင် အရင်ရက်မှာ ဖခင်ဓနဉ္စယသူဌေးက တိုက်ခန်းထဲမှာ ထိုင်ကာ ဝိသာခါကို အနားမှာ ထိုင်စေပြီး အောက်ပါ ဩဝါဒစကား ၁၀ ခွန်းကို ပြောပြနေပါတယ်။ ယောက္ခမလောင်း မိဂါရသူဌေးကလည်း ဘေးနားက တိုက်ခန်းမှာ ထိုင်ရင်း ဓနဉ္စယသူဌေးရဲ့ ဩဝါဒစကား ၁၀ ခွန်းကို နားထောင်နေပါတယ်။

သမီး၊ ယောက္ခမအိမ်မှာ နေတဲ့ မိန်းကလေးဆိုတာ

၁။ အတွင်းမီးကို အပြင်သို့ ဆောင်မယူရဘူး။

၂။ အပြင်မီးကို အတွင်းသို့ မသွင်းရဘူး။

http://www.dhammadownload.com



၃။ ပေးသူအားသာ ပေးရတယ်။

၄။ မပေးသူအား မပေးရဘူး။

၅။ ပေးသူအားရော မပေးသူအားပါ ပေးရတယ်။

၆။ ချမ်းချမ်းသာသာ ထိုင်ရတယ်။

၇။ ချမ်းချမ်းသာသာ စားရတယ်။

၈။ ချမ်းချမ်းသာသာ အိပ်ရတယ်။

၉။ မီးကို ပြုစုလုပ်ကျွေးရတယ်။

၁၀။ အိမ်တွင်းနတ်ကို ရှိခိုးရတယ်။ **(ဓမ္မပဒ၊ ဋ၊ ပ၊ ၂၅၁)**

ယောက္ခမ မိဂါရသူဌေးအိမ် ရောက်တဲ့အခါ တစ်နေ့မှာ အဲဒီ ဩဝါဒစကား ၁၀ ခွန်းရဲ့ အဓိပ္ပာယ်ကို နားမလည်လို့ မိဂါရသူဌေးက ဝိသာခါကို မေးပါတယ်။

၁။ သမီး ဝိသာခါ၊ သင်ဖခင်က အတွင်းမီးကို အပြင်သို့ မဆောင်ရဘူးလို့ ပြောတယ်။ ငါတို့ဟာ ဟိုဘက် ဒီဘက် အနီးအနားအိမ်တွေကို မီးမပေးဘဲ နေသင့်ပါသလား။

ကျွန်မရဲ့ဖခင်က အဲဒါကို ရည်ရွယ်ပြီး ပြောတာ မဟုတ်ပါ။ ကျွန်မ ဖခင်က အောက်ပါအတိုင်း ရည်ရွယ်ကာ ပြောတာ ဖြစ်ပါတယ်။

"သမီး၊ သင့်ရဲ့ယောက္ခမ ယောကျ်ား၊ ယောက္ခမ မိန်းမ၊ လင်ယောကျ်ားတွေရဲ့ အပြစ်ကို မြင်တွေ့ပြီး ပြင်ပ ဟိုအိမ်၊ ဒီအိမ်မှာ ရပ်ကာ မပြောနဲ့။ မှန်တယ်၊ အဲဒီ မီးနဲ့တူတဲ့ မီးဆိုတာ မရှိဘူး။"

၂။ အေးအေး၊ အဲဒါကို အဲဒီအတိုင်း ထားလိုက်ပါတော့၊ သင့် ဖခင်က အပြင်ကမီးကို အတွင်းသို့ မသွင်းရဘူးလို့ ပြောတယ်၊ အိမ်တွင်းမှာ မီးငြိမ်းသွားရင် ငါတို့ဟာ အပြင်ကမီးကို ဆောင်ယူသင့်တယ် မဟုတ်ပါလား။

http://www.dhammadownload.com



ကျွန်မဖခင်က အဲဒါကိုရည်ရွယ်ပြီး ပြောတာမဟုတ်ပါ။ ဒီစကားကို ရည်ရွယ်ကာ ပြောတာ ဖြစ်ပါတယ်။

"အနီးအနား အိမ်တွေရှိ မိန်းမတွေ၊ ယောက်ျားတွေက ယောက္ခမ ယောက်ျား၊ ယောက္ခမ မိန်းမ၊ လင်ယောက်ျားရဲ့ အပြစ်ကို ပြောကြရင် အဲဒီယောက်ျား၊ မိန်းမတွေရဲ့စကားကို သယ်ဆောင်လာပြီး 'ဘယ်သူက သင်တို့ရဲ့အပြစ်ကို ဒီလိုဒီလို ပြောနေတယ်' လို့ ပြန်ပြောမပြနဲ့။ မှန်တယ်၊ အဲဒီမီးနဲ့တူတဲ့မီးဆိုတာ မရှိဘူး။"

ဝိသာခါက မိဂါရသူဌေးအား ဩဝါဒစကားတွေရဲ့ ဆိုလိုချက်ကို ဒီလို ဆက်ပြီး ရှင်းပြပါတယ်။

၃။ ပေးသူအားသာ ပေးရတယ်ဆိုတာ ကိုယ့်ပစ္စည်းကို ငှားရမ်းသွားပြီး ပြန်ပေးသူအား ပေးရတယ်လို့ ဆိုလိုပါတယ်။

၄။ မပေးသူအား မပေးရဘူးဆိုတာ ကိုယ့်ပစ္စည်းကို ငှားရမ်းသွားပြီး ပြန်မပေးသူအား မပေးရလို့ ဆိုလိုပါတယ်။

၅။ ပေးသူရော မပေးသူအားပါ ပေးရတယ်ဆိုတာ ဆင်းရဲတဲ့ဆွေမျိုးတွေ၊ မိတ်ဆွေတွေ ရောက်လာရင် သူတို့က ပြန်ပေးနိုင်သည်ဖြစ်စေ၊ မပေးနိုင်သည်ဖြစ်စေ သူတို့အား ပေးကိုပေးသင့်တယ်လို့ ဆိုလိုပါတယ်။

၆။ ချမ်းချမ်းသာသာ ထိုင်ရတယ်ဆိုတာ ယောက္ခမ ယောက်ျား၊ ယောက္ခမ မိန်းမ၊ လင်ယောက်ျာတွေကို မြင်ရင် ထပေးသင့်တဲ့နေရာမှာ ထိုင်ဖို့ မသင့်ဘူးလို့ ဆိုလိုပါတယ်။

၇။ ချမ်းချမ်းသာသာ စားရတယ်ဆိုတာ ယောက္ခမ ယောက်ျား၊ ယောက္ခမမိန်းမ၊ လင်ယောက်ျားတွေရဲ့ အရင်မစားသေးဘဲ သူတို့ကို ပြုစုလုပ်ကျွေးပြီး သူတို့အားလုံးမှာ ရ မရကို သိကာ နောက်မှ ကိုယ်တိုင်စားသင့်တယ်လို့ ဆိုလိုပါတယ်။

http://www.dhammadownload.com



၈။ ချမ်းချမ်းသာသာ အိပ်ရတယ်ဆိုတာ ယောက္ခမ ယောကျ်ား၊ ယောက္ခမမိန်းမ၊ လင်ယောကျ်ားတွေရဲ့ အရင် အိပ်ရာပေါ်တက်ပြီး မအိပ်နှင့်ရ၊ သူတို့အား ပြုလုပ်ပေးသင့်တဲ့ ဝတ်ကြီးဝတ်ငယ်ကို ပြုလုပ်ပေးပြီး နောက်မှ ကိုယ်တိုင် အိပ်သင့်တယ်လို့ ဆိုလိုပါတယ်။

၉။ မီးကို ပြုစု လုပ်ကျွေးရတယ်ဆိုတာ ယောက္ခမ ယောကျ်ား၊ ယောက္ခမ မိန်းမ၊ လင်ယောကျ်ားတို့ကို မီးပုံလို၊ မြွေမင်းလို သဘောထားကာ ကြည့်ရှုသင့်တယ်လို့ ဆိုလိုပါတယ်။

၁၀။ အိမ်တွင်းနတ်ကို ရှိခိုးရတယ်ဆိုတာ ယောက္ခမ ယောကျ်ား၊ ယောက္ခမ မိန်းမ၊ လင်ယောကျ်ားတို့ကို နတ်လို သဘောထားကာ ကြည့်ရှုသင့်တယ်လို့ ဆိုလိုပါတယ်။

**(ဓမ္မပဒ၊ ဋ၊ ပ၊ ၂၅၄)**

ဇနီးမောင်နှံနှစ်ဦးဟာ ဝိသာခါဖခင်ရဲ့ အထက်ပါဩဝါဒ ၁၀ ချက်ကို သိထားကြရပါမယ်။ နှစ်ဦးလုံး လိုက်နာရမယ့် ဩဝါဒကို နှစ်ဦးလုံး လိုက်နာကြရပါမယ်။ ဇနီးပဲ လိုက်နာရမယ့် ဩဝါဒတွေကို ဇနီးက လိုက်နာရပါမယ်၊ လိုက်နာကြရင် သာယာတဲ့၊ ပျော်စရာကောင်းတဲ့ အိမ်ထောင်ရေး ဖြစ်လာပါလိမ့်မယ်။

http://www.dhammadownload.com

# ကြီးပွားချမ်းသာမယ်

၁။ ထထကြွကြွ ဝီရိယရှိရခြင်း၊
၂။ စောင့်ရှောက်ရခြင်း၊
၃။ မိတ်ဆွေကောင်းရှိရခြင်း၊
၄။ အဝင်အထွက် မျှရခြင်း၊

ဒီ ၄ ပါးနဲ့ ပြည့်စုံရင် ဒီဘဝမှာ စီးပွားချမ်းသာဖို့ရာ ဖြစ်တယ်။

၁။ ထထကြွကြွ ဝီရိယရှိရမယ်ဆိုတာ စီးပွားရေးလုပ်ငန်းမှာ ကျွမ်းကျင်ရတယ်။ မပျင်းရဘူး၊ စူးစမ်းရတယ်၊ ကိုယ်တိုင် လုပ်နိုင်ရတယ်။ သူတစ်ပါးကို စီမံနိုင်ရတယ်။

၂။ တရားနဲ့အညီ ကြိုးကြိုးစားစား ရှာဖွေလို့ရရှိထားတဲ့ ပစ္စည်းဥစ္စာတွေကို မင်းဆိုး၊ သူခိုး၊ မီး၊ ရေ၊ အမွေခံ သားသမီးဆိုးတွေ မဖျက်စီးနိုင်အောင် စောင့်ရှောက်ရတယ်။

၃။ မိမိနေရာ မြို့ရွာနိဂုံးတွေမှာ သဒ္ဓါ၊ သီလ၊ ဒါန၊ ပညာနဲ့ ပြည့်စုံကြတဲ့ ကြီးကြီးငယ်ငယ် သူကြွယ်၊ သူ ကြွယ်သားတွေရှိမယ်။ အဲဒီလူတွေနဲ့အတူ စကားပြောရတယ်၊ဆွေးနွေးရတယ်။ သူတို့လို သဒ္ဓါ၊ သီလ၊ ဒါန၊ ပညာရှိလာအောင် အတုလိုက်ကျင့်ရတယ်။ အဲဒါဟာ မိတ်ဆွေကောင်း ရှိတာပဲ။

http://www.dhammadownload.com



၄။ စည်းစိမ်ဥစ္စာတွေရဲ့အဝင်အထွက်ကိုသိပြီး အဝင်အထွက် မများစေရ။ ဥပမာ ချိန်ခွင်ချိန်သူဟာ ချိန်ခွင်ကို မြှောက်လိုက်ပြီး ချိန်ခွင်လျှာဟာ ဒီလောက် အောက်ကျတယ်။ ဒီလောက် အပေါ်တက်တယ်လို့ သိရသလိုပါပဲ။

ဝင်ငွေနည်းပြီး ကြီးကြီးကျယ်ကျယ် အသက်မွေး ရင် (အသုံးများရင်) သဖန်းသီးစားသူလို စည်းစိမ်ဥစ္စာတွေကို သုံးစွဲတယ်လို့ ပြောတတ်ကြတယ်။ သဖန်းသီးတွေကိုစားလိုသူဟာ အသီးတွေမှည့်နေတဲ့သဖန်းပင်ကို လှုပ်လိုက်တဲ့အခါ တစ်ကြိမ်လှုပ်လိုက်တာနဲ့ပဲ အသီးတွေ အများကြီး ကြွေကျတယ်။ စားကောင်းမယ့် အသီးတွေကို စားတယ်။ ကျန်တဲ့အသီးတွေအများကြီးကို ထားခဲ့ပြီးသွားတယ်။ အဲဒီလူလိုပဲ အဝင်ထက်အထွက်များအောင် သုံးစွဲတယ်လို့ ဆိုလိုပါတယ်။

ဝင်ငွေများပြီး ဆင်းဆင်းရဲရဲ အသက်မွေးရင် ကိုးကွယ်ရာမဲ့သူလို သေရလိမ့်မယ်လို့ ပြောတတ်ကြတယ်။

၁။ မိန်းမ လိုက်စားတာ (ပွေတာ)၊

၂။ သေရည်၊ အရက်၊ မူးယစ်ဆေးဝါးသုံးစွဲတာ၊

၃။ အလောင်းအစား လုပ်တာ၊

၄။ မိတ်ဆွေညံ့နဲ့ ပေါင်းသင်းတာ၊

အဲဒီ ၄ခု ဟာ ပစ္စည်းဥစ္စာ ထွက်ပေါက် ၄ ခုပဲ။

ဥပမာ တစ်ဖက်ဆည်ကန်ကြီးမှာ ထွက်ပေါက်က ၄ခု၊ ဝင်ပေါက်က ၄ခု ရှိတယ်။ ဝင်ပေါက်တွေကို ပိတ်ထားပြီး ထွက်ပေါက်တွေကို ဖွင့်ထားရင် မိုးကလည်း ကောင်းကောင်း မရွာရင် ရေကုန်သာ ကုန်သွားမယ်။ တိုးမလာနိုင်သလိုပါပဲ။

http://www.dhammadownload.com



၁။ မိန်းမ မလိုက်စား၊

၂။ သေရည်၊ အရက်၊ မူးယစ်ဆေးဝါး မသုံးစွဲ၊

၃။ အလောင်းအစား မလုပ်၊

၄။ မိတ်ဆွေကောင်းနဲ့ ပေါင်းသင်းခြင်း၊

အဲဒီ ၄ခုဟာ ပစ္စည်းဥစ္စာ ဝင်ပေါက် ၄ ခုပဲ။

ဥပမာ၊ တစ်ဖက်ဆည်ကန်ကြီးမှာ ဝင်ပေါက်တွေကို ဖွင့်ထားပြီး ထွက်ပေါက်တွေကို ပိတ်ထားရင် မိုးကလည်း ကောင်းကောင်းရွာရင် ရေဟာ တိုးဖို့သာ ရှိတယ်၊ လျော့သွားဖို့ မရှိသလိုပါပဲ။

ကောလိယရဲ့သား ဒီဃဇာဏုနဲ့ ဥဇ္ဇယပုဏ္ဏားတို့က ဘုရားရှင်အား တောင်းပန်လျှောက်ထားလို့ ဘုရားရှင်က သူတို့အား အထက်ပါ စကားတွေကို ဟောကြားတော်မူခဲ့ပါတယ်။

**(အံ၊ ပါဠိ၊ တ၊ ၁၀၇)**

http://www.dhammadownload.com

# မကြာခင် စီးပွားတက်ချင်ရင်

ဇနီးမောင်နှံနှစ်ဦးဟာ မကြာခင်ပဲ စည်းစိမ်ဥစ္စာတွေ ပေါများ တိုးပွားချင်ရင် ဒီအချက် ၄ ချက်နဲ့ ပြည့်စုံဖို့ ဘုရားရှင်က ဟောကြားတော်မူခဲ့ပါတယ်။

၁။ သင့်လျော်လျောက်ပတ်တဲ့ အရပ်မှာ နေရခြင်း၊

၂။ လူကောင်းတွေနဲ့ ပေါင်းသင်းရခြင်း၊

၃။ ကိုယ့်ကိုယ်ကို လူကောင်းဖြစ်အောင် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

၄။ ရှေးဘဝက ကောင်းမှုပြုခဲ့ခြင်း။

ဒီ ၄ ပါးနဲ့ ပြည့်စုံရင် လူနတ်တွေမှာ မကြာခင်ပဲ စည်းစိမ်ဥစ္စာတွေ ပေါများတိုးပွားလာတယ်။ ဥစ္စာ၊ စပါး၊ အခြွေအရံ၊ အကျော်အစော၊ ကိုယ်စိတ်ချမ်းသာတွေကို ရရှိလာတယ်။

**(အံ၊ ပါဠိ၊ ပ၊ ၃၄၁)**

ဒီဘုရားစကားတော်အရ ဇနီးမောင်နှံနှစ်ဦးဟာ နေရာကောင်း၊ လူကောင်းတွေကို ရွေးချယ်တတ်ရပါမယ်။ ကိုယ့်ကိုယ်ကိုလည်း လူကောင်းတစ်ယောက်ဖြစ်အောင် လုပ်ရပါမယ်။ မှန်ကန်တဲ့လမ်းကြောင်းပေါ်က ဘေးချော်ကျမသွားအောင် ပြုမူ ပြောဆိုတတ်ရပါမယ်။ စိတ်ထားတတ်ရပါမယ်။ ရှေးဘဝက ကောင်းကံတွေကို များများပြုလုပ်ပေးရပါမယ်။

http://www.dhammadownload.com

# ကြာရှည်စွာ ပစ္စည်းပေါချင်ရင်

စည်းစိမ်ဥစ္စာတွေ ပေါများနေစေဦးတော့၊ အောက်ပါအချက် ၄ ပါးလုံးဖြစ်စေ၊ ၄ ပါးထဲက တစ်ပါးပါးဖြစ်စေ ရှိလာရင် အဲဒီစည်းစိမ်ဥစ္စာ အားလုံးဟာ ကြာရှည်စွာ မတည်ရှိနိုင်ပါ။

အဲဒီအချက် ၄ ချက်ကို ဘုရားရှင်က ဒီလိုဟောတော်မူခဲ့ပါတယ်။

၁။ ပျောက်တာကို မရှာခြင်း၊

၂။ အဟောင်းကို မပြုပြင်ခြင်း၊

၃။ အစားအသောက်မှာ နှိုင်းချိန်မှု မရှိခြင်း၊

၄။ သီလမရှိတဲ့ ယောကျ်ားကိုဖြစ်စေ၊ မိန်းမကိုဖြစ်စေ ဘဏ္ဍာစိုးအရာမှာ ထားခြင်း၊

ပေါများတဲ့ စည်းစိမ်ဥစ္စာတွေ ကြာရှည်စွာ တည်ရှိစေချင်ရင်တော့ ပြောင်းပြန်အချက် ၄ ချက်ကို ဟောတော်မူခဲ့ပါတယ်။

၁။ ပျောက်တာကို ရှာခြင်း၊

၂။ အဟောင်းကို ပြုပြင်ခြင်း၊

၃။ အစားအသောက်မှာ နှိုင်းချိန်မှု ရှိခြင်း၊

၄။ သီလရှိတဲ့ ယောကျ်ားကို ဖြစ်စေ၊ မိန်းမကိုဖြစ်စေ ဘဏ္ဍာစိုးအရာမှာ ထားခြင်း၊

**(အံ၊ ပါဠိ၊ ပ၊ ၅၇၂)**

http://www.dhammadownload.com

## စီးပွားပျက်ကြောင်း ၆ ပါး

ဇနီးမောင်နှံနှစ်ဦးဟာ စီးပွားဥစ္စာ တိုးပွားအောင် စုဆောင်းကြရပါမယ်။ စီးပွားတွေ ပျက်မသွားအောင် ဂရုစိုက်ကြရပါမယ်။ စီးပွားပျက်စေမယ့်အရာတွေကို သိအောင်လုပ်ပြီး ရှောင်ရှားကြရပါမယ်။ စီးပွားပျက်ကြောင်း ၆ ပါးကို သိင်္ဂါလကအား ဘုရားရှင်က ဒီလို ဟောတော်မူခဲ့ပါတယ်။

၁။ သေရည် အရက်၊ မူးယစ်ဆေးဝါး သုံးစွဲခြင်း။

၂။ မသင့်လျော်တဲ့အချိန်အခါမှာ လမ်းလည်ခြင်း။

၃။ ပွဲလမ်းသဘင် အပျော်အပါး သွားခြင်း။

၄။ မိတ်ဆွေညံ့တွေနဲ့ ပေါင်းသင်းခြင်း။

၅။ ပျင်းရိခြင်း။ **(ပါထိကပါဠိ၊ ၁၄၇)**

## ရှောင်လေဝေးဝေး မူးယစ်ဆေး

ဇနီးမောင်နှံဟာ ရှိထားတဲ့ စီးပွားတွေ မပျက်ရအောင် သေရည်၊ အရက်၊ မူးယစ်ဆေးဝါး သုံးစွဲတာကို ရှောင်ရတယ်။ သုံးစွဲရင် ဆိုးကျိုး ၆ မျိုး ရကြောင်းကို ဘုရားရှင်က သိင်္ဂါလကသူကြွယ်သားအား ဟောကြားတော်မူခဲ့တယ်။

၁။ စီးပွားပျက်ခြင်း၊

၂။ ခိုက်ရန်ပွားခြင်း၊

http://www.dhammadownload.com



၃။ ရောဂါများခြင်း၊
၄။ နာမည်ပျက်ခြင်း၊
၅။ ကိုယ်အင်္ဂါ မလုံခြုံလို့ အရှက်ကွဲခြင်း၊
၆။ အသိပညာ အားနည်းခြင်း

**(ပါထိကပါဠိ၊ ၁၄၈)**

## ချိန်ခါမဲ့မှာ ခရီးမသွားရာ

ဇနီးမောင်နှံနှစ်ဦးဟာ စီးပွားမပျက်ရအောင် အချိန်အခါမဲ့မှာ ခရီးသွားတာကို ရှောင်ရပါတယ်။ မရှောင်ရင် ရနိုင်တဲ့ အပြစ် ၆ ပါးကို ဘုရားရှင်က သိင်္ဂါလက သူကြွယ်သားအား ဟောကြားတော်မူခဲ့ပါတယ်။

၁။ ကိုယ်ကိုယ်တိုင်လည်း ဘေးရန်မလုံခြုံခြင်း၊
၂။ သားသမီး၊ ဇနီးမယားလည်း ဘေးရန်မလုံခြုံခြင်း၊
၃။ ကိုယ့်ပစ္စည်းဥစ္စာလည်း ဘေးရန်မလုံခြုံခြင်း၊
၄။ မကောင်းမှုလုပ်ငန်းတွေမှာ ယုံမှားခံရခြင်း၊
၅။ မဟုတ်မမှန် စွပ်စွဲခံရခြင်း၊
၆။ ဒုက္ခမျိုးစုံ ကြုံရခြင်း၊ **(ပါထိကပါဠိ၊ ၁၄၈)**

## ပွဲနဲ့ စီးပွား

ဇနီးမောင်နှံနှစ်ဦးဟာ စီးပွားမပျက်ရအောင် ပွဲလမ်းသဘင် သွားခြင်းကို ရှောင်ကြဉ်ရတယ်။ ပွဲလမ်းသဘင်သွားခြင်းရဲ့ အပြစ်တွေကို ဘုရားရှင်က သိင်္ဂါလကသူကြွယ်သားအား ဒီလိုဟောတော်မူခဲ့ပါတယ်။

၁။ ကပွဲရှိရာသို့ သွားဖန်များခြင်း၊
၂။ သီချင်းဆိုပွဲရှိရာသို့ သွားဖန်များခြင်း၊
၃။ တီးမှုတ်ပွဲရှိရာသို့ သွားဖန်များခြင်း၊

http://www.dhammadownload.com



၄။ ပြဇာတ် ရုပ်ရှင်ရုံရှိရာသို့ သွားဖန်များခြင်း၊
၅။ လက်ခုပ်တီးသံရှိရာသို့ သွားဖန်များခြင်း၊
၆။ အိုးစည်တီးဝိုင်းရှိရာသို့ သွားဖန်များခြင်း၊

ဒီပွဲလမ်းသဘင်တွေကို အလည်အပတ်သွားဖန်များသူမှာ စီးပွား ပျက်တတ်တယ်။ **(ပါထိကပါဠိ၊ ၁၄၈)**

## လောင်းကစားနဲ့ စီးပွား

ဇနီးမောင်နှံနှစ်ဦးဟာ စီးပွားမပျက်ရအောင် အလောင်းအကစား တွေကို ရှောင်ကြဉ်ရတယ်။ မရှောင်ကြဉ်ရင် ရနိုင်မယ့် အပြစ်တွေကို ဘုရားရှင်က သိင်္ဂါလကသူကြွယ်သားအား ဒီလိုဟောတော်မူခဲ့ပါတယ်။

၁။ နိုင်ရင် ရန်ပွားခြင်း၊
၂။ ရှုံးရင် စိုးရိမ်ပူပန်ရခြင်း၊
၃။ စီးပွားပျက်ခြင်း၊
၄။ ပရိသတ်ဗိုလ်ပုံအလယ်မှာ ကိုယ့်စကား အရာမရောက်ခြင်း၊
၅။ ဆွေမျိုး၊ မိတ်ဆွေတွေ စွန့်ခွာသွားခြင်း၊
၆။ သမီးရှင်တွေက မိမိတို့သမီးနှင့် မပေးစား၊ မထိမ်းမြားပေးလို ခြင်း၊ **(ပါထိကပါဠိ၊ ၁၄၉)**

## မိတ်မကောင်း ၆ ယောက်

ဇနီးမောင်နှံနှစ်ဦးဟာ မိတ်မကောင်းတွေနဲ့ မပေါင်းသင်းရဘူး၊ ပေါင်းသင်းရင် စီးပွားပျက်မယ်။ မိတ်မကောင်း ၆ ယောက်ရှိကြောင်း ကို ဘုရားက သိင်္ဂါလကအား ဟောခဲ့ပါတယ်။

၁။ ကြွေအန်လောင်းကစားသူ၊
၂။ မိန်းမ စသည် လိုက်စားပျော်ပါးသူ၊
၃။ အရက်သေစာ သောက်စားသူ၊

http://www.dhammadownload.com



၄။ အတုနဲ့ လှည့်ပတ်သူ၊
၅။ မျက်မှောက်မှာ လိမ်သူ၊
၆။ ခိုးယက်လုယူသူ၊

**(ပါထိကပါဠိ၊ ၁၄၉)**

## လူပျင်းမဖြစ်ပါနဲ့

ဇနီးမောင်နှံနှစ်ဦးဟာ လူပျင်း ၆ ဦးထဲမှာ မပါမှ စီးပွားမပျက်မှာပါ။ လူပျင်းစာရင်းဝင်သွားရင် စီးပွားပျက်လိမ့်မယ်။ လူပျင်း ၆ မျိုးကို ဘုရားက သိင်္ဂါလကအား ဟောကြားခဲ့ပါတယ်။

၁။ အေးလွန်းတယ်၊ ချမ်းလွန်းတယ်လို့ အကြောင်းပြကာပျင်းသူ၊
၂။ ပူလွန်းတယ်၊ အိုက်လွန်းတယ်လို့ အကြောင်းပြကာ ပျင်းသူ၊
၃။ မိုးချုပ်လွန်းတယ်လို့ အကြောင်းပြကာ ပျင်းသူ၊
၄။ စောလွန်းသေးတယ်လို့ အကြောင်းပြကာ ပျင်းသူ၊
၅။ ဗိုက်ပြည့်လွန်းတယ်လို့ အကြောင်းပြကာ ပျင်းသူ၊
၆။ ဆာလွန်းတယ်လို့ အကြောင်းပြကာ ပျင်းသူ၊

အဲဒီလိုပျင်းပြီး အလုပ်မလုပ်သူမှာ မဖြစ်သေးတဲ့စီးပွား ဖြစ်မလာ၊ ဖြစ်ပြီးစီးပွားတွေ ပျက်တယ်။

**(ပါထိကပါဠိ၊ ၁၄၉)**

http://www.dhammadownload.com

# ပြင်ထိုင်ကြဦးစို့

မိသားစုတစ်စု ထမင်းဝိုင်းမှာ ထမင်းအတူထိုင်ပြီး စားနေကြတယ်။ အမေရယ်၊ အဖေရယ်၊ သားရယ်၊ သမီးရယ်လေးဦးပေါ့။ ထမင်းအတူ ထိုင်စားကြရင်း သမီးက အနေအထိုင် မတတ်လို့ အမြင်မတော်ဖြစ်နေတယ်။ အဖေဖြစ်သူက သိတော့ အမြင်မတော်လို့ "ငါတို့ သားအဖ ပြင်ထိုင်ကြဦးစို့" လို့ ပြောသတဲ့။ အဲဒီအခါ သမီးဖြစ်သူက "ကျွန်မပါသေးသလား" လို့ မေးသတဲ့။ ဒီတော့ အဖေလုပ်သူက ပြန်ပြောလိုက်တာကတော့ "သမီး အရေးအကြီးဆုံးပဲ" တဲ့။

"ဒီဘုရားမှ ဒီဘုရား၊ ဒီတရားမှ ဒီတရား၊ ဒီသံဃာမှ ဒီသံဃာလို့ ရတနာသုံးပါးအပေါ် မတုန်မလှုပ် သက်ဝင်ယုံကြည်တဲ့ ဗုဒ္ဓသာသနာဝင်တွေက မြန်မာနိုင်ငံမှာ ဘယ်လောက်များနေသလဲလို့ စဉ်းစားစစ်ဆေးကြည့်ရင် အလွန်ပဲ နည်းနေပါသေးတယ်။ မိရိုးဖလာ ဗုဒ္ဓသာသနာဝင်တွေက အလွန်ပဲ များနေပါတယ်။ မိရိုးဖလာလွန် ဗုဒ္ဓသာသနာဝင်တွေ များသည်ထက် ပိုပြီးများလာအောင် ကြိုးစားကြဖို့ လိုအပ်ပါတယ်။ မိဘတွေကလည်း ကြိုးစားကြရပါမယ်။ ဆရာသမားတွေကလည်း ကြိုးစားကြရပါမယ်။

ယခုကာလ မိဘတွေကလည်း "ပြင်ထိုင်ဖို့ လိုသူတွေထဲမှာ ကျွန်တော်တို့ ပါသေးသလား" လို့ မမေးကြပါနဲ့။ ဆရာသမားတွေက

http://www.dhammadownload.com



လည်း "ကျွန်တော်တို့ ပါသေးသလား" လို့ မမေးကြပါနဲ့။ သားသမီးတွေကလည်း "ကျွန်တော်တို့ ကျွန်မတို့ ပါသေးသလား" လို့ မမေးကြပါနဲ့။ "အားလုံး ပြင်ထိုင်ဖို့ လိုနေကြပါတယ်။ ဒါကြောင့် အားလုံးအရေးကြီးပါတယ်" လို့ ပြောရပါလိမ့်မယ်။

သူစိမ်းပြင်ပ ဝါဒရှင်တွေက ပျော့ပျောင်းတဲ့လူမှုရေး၊ စီးပွားရေးတွေနဲ့ မြန်မာ ဗုဒ္ဓသာသနာဝင် အမည်ခံအမျိုးသမီးတွေကို ဆွဲဆောင်သိမ်းသွင်း နယ်ချဲ့နေကြတယ်။ ဝါးမျိုနေကြတယ်။ မြန်မာအမျိုးသားလေးတွေ အများစုကလည်း ကိုယ့်အလုပ်ကို မကြိုးစား၊ ပညာရေးကို မကြိုးစား။ ပေါ်ကြော့နေကြလေတော့ မြန်မာအမျိုးသမီးလေးတွေကို သူစိမ်းပြင်ပ ဝါဒရှင်တွေရဲ့ ဆွဲဆောင်သိမ်းသွင်း နယ်ချဲ့မှုထဲ ပို့ပေးနေကြသလို ဖြစ်နေပါတော့တယ်။ ဗုဒ္ဓသာသနာဝင် အမျိုးသမီးတွေကလည်း ဗုဒ္ဓအဆုံးအမတွေကို စာတွေ့ရော လက်တွေ့ပါ ခိုင်မာပြည့်စုံအောင် ကျင့်သုံးမထားကြတာကလည်း အမျိုးသမီးတွေရဲ့ လိုအပ်ချက်ပါပဲ။ ဒီလိုဖြစ်ရတာကလည်း မိဘတွေ၊ ဆရာသမားတွေ ညံ့ကြလို့ပါပဲ။

မြန်မာဗုဒ္ဓသာသနာဝင် အမျိုးသားလေးတွေကလည်း ကိုယ့်အလုပ်ကို ကြိုးစားကြရပါမယ်။ ကိုယ့်ပညာကို ကြိုးစားကြရပါမယ်။ ကိုယ့်ဗုဒ္ဓသာသနာဝင် အမျိုးသမီးလေးတွေရဲ့ အားကိုးချင်စရာ ဖြစ်အောင် ကြိုးစားကြရပါမယ်။ 'စောင့်လေမျိုးနွယ်' ဆိုတဲ့ စကားအတိုင်း ကိုယ့်မြန်မာအမျိုးအနွယ်ကို အမျိုးသားတွေရော အမျိုးသမီးတွေပါ ကာကွယ်စောင့်ရှောက်ကြရပါမယ်။

ဒါမှ ကိုယ့်မြန်မာဟာ မြန်မာအနေနဲ့ ကမ္ဘာမှာ တည်ရှိနေနိုင်ကြမှာပါ။ သာသနာဟာလည်း မြန်မာမှာ တည်ရှိနေနိုင်မှာပါ။ ကမ္ဘာမှာ မြန်မာဆိုတဲ့ နာမည် ကွယ်ပျောက်မသွားရအောင်၊ မြန်မာမှာလည်း ဗုဒ္ဓသာသနာ ဆိတ်သုဉ်းမသွားရအောင် ဗုဒ္ဓသာသနာဝင် အမျိုးသား

http://www.dhammadownload.com



တိုင်း၊ အမျိုးသမီးတိုင်းမှာ တာဝန်ရှိပါတယ်။ နိုးနိုးကြားကြားနဲ့ ကြိုးစားကြပါမှ တာဝန်ကျေမယ်။ မနိုးကြားကြရင် မကြိုးစားကြရင် မြန်မာနိုင်ငံအနာဂတ် ဗုဒ္ဓသာသနာအရေးဟာ မတွေးဝံ့စရာပါပဲ။

ဒါကြောင့် ဗုဒ္ဓသာသနာဝင်တွေဟာ ရှေးဦးစွာ တစ်ကိုယ်ရည်သာသနာပြည့်စုံဖို့ လိုပါတယ်။ ပြီးတော့ လက်လှမ်းမီရာမှာ ဗုဒ္ဓသာသနာကို လက်ဆင့်ကမ်းပေးကြရပါမယ်။

ကဲ၊ ငါတို့ သားအဖတစ်တွေ ပြင်ထိုင်ကြဦးစို့။

http://www.dhammadownload.com

# ယခုလိုသာ နှစ်ပေါင်းကြာလျှင်

ခြစားခံနေရတဲ့ အိမ်တစ်လုံးဟာ နောက်ဆုံးမှာ ဗုန်းဗုန်းလဲကာ ပြိုကျပျက်စီးသွားရတာပါပဲ။ အိမ်ကို ခြစားလာရင် ခြမစားအောင် လုပ်ဖို့ အိမ်ပိုင်ရှင်မှာ တာဝန်ရှိနေပါတယ်။ ခြစားနေတာကို လျစ်လျူရှုကာ ဂရုမစိုက်ဘဲထားရင် အိမ်ရှင်ဟာ မကြာခင် ဒုက္ခရောက်ရပါလိမ့်မယ်။ နေရေးထိုင်ရေးအတွက် အခက်တွေ ပင်လယ်ဝေလာပါလိမ့်မယ်။ နေရေးထိုင်ရေးအတွက် အခက်တွေ ပင်လယ်ဝေရတဲ့အခါရောက်မှ အိမ်ရဲ့တန်ဖိုးကို သိလာပါလိမ့်မယ်။ အိမ်ကို တမ်းတနေရပါလိမ့်မယ်။

မြန်မာနိုင်ငံ ဗုဒ္ဓသာသနာဝင်တွေကို ဘာသာခြားတွေက နည်းအမျိုးမျိုးနဲ့ ဆွဲဆောင်သိမ်းသွင်းလို့ အခြားဘာသာတွေနောက်ကို ကောက်ကောက်ပါသွားနေကြတာကို ကျေးရွာအနှံ့အပြား၊ မြို့အနှံ့အပြားတွေမှာ မကြားချင်ဘဲ ကြားကြားနေရပါတယ်။ မကြားချင်အဆုံးပါပဲ။ "ဘယ်မြို့က ဗုဒ္ဓဘာသာဝင်မိန်းကလေးတစ်ယောက် ဘာသာခြားနောက် ပါသွားသတဲ့။" "ဘယ်ရွာက ဗုဒ္ဓဘာသာဝင် မိန်းကလေးတစ်ယောက် ဘာသာခြားနောက် ပါသွားသတဲ့။" ဒီလို သတင်းကို တစ်ခါမက အခါခါကြားနေရပါတယ်။ တစ်ရွာမက ရွာပေါင်းများစွာမှာ

http://www.dhammadownload.com



ကြားနေကြရပါတယ်။ တစ်မြို့မက မြို့ပေါင်းများစွာမှာ ကြားနေရပါတယ်။

ဗုဒ္ဓဘာသာဝင် မိန်းကလေးတွေသာမက ဗုဒ္ဓသာသနာဝင် ယောကျ်ားကလေးတွေကပါ ဘာသာခြားတွေရဲ့ စည်းရုံးဆွဲဆောင် သိမ်းသွင်းမှုထဲမှာ ပါပါသွားကြပါသတဲ့။ ပိုပြီး အံ့ဩစရာဖြစ်ရပါတယ်။ ဗုဒ္ဓသာသနာဆိုတဲ့ အိမ်ကြီးကို ခြတွေကတက်တက်ကြွကြွ စည်းစည်းလုံးလုံးနဲ့ စားနေကြပါပြီ။ ဒီလိုသာ ခြတွေရဲ့ အစားခံနေရရင် ဗုဒ္ဓသာသနာအိမ်ကြီးဟာ လဲပြိုပျက်စီးရပါလိမ့်မယ်။ အခြားနိုင်ငံတွေမှာ တည်ရှိခဲ့တဲ့ ဗုဒ္ဓသာသနာအိမ်ကြီးတွေကို ခြတွေစားကြလို့ ဗုဒ္ဓသာသနာအိမ်ကြီးတွေ လဲပြိုပျက်စီးခဲ့ကြရပါပြီ။ ဗုန်းဗုန်းကျသွားကြပါပြီ။ နာလန်မထူနိုင်ကြတော့ပါဘူး။ ခြတွေအောင်ပွဲခံပြီး အောင်လံတွေ စိုက်ထူထားနေကြပါပြီ။ ဗုဒ္ဓသာသနာဝင်အိမ်ကြီးတွေ ကြက်ပျောက်၊ ငှက်ပျောက် ပျောက်ကုန်ခဲ့ရရှာပါပြီ။

ဘယ်ရွာ၊ ဘယ်မြို့က မိန်းကလေး (သို့) ယောကျ်ားလေးဟာ ဘာသာခြားတွေရဲ့ စည်းရုံးစွဲဆောင်သိမ်းသွင်းမှုထဲပါသွားတဲ့အခါ ပါမသွားခင် သွားလာဝင်ထွက်ခဲ့တဲ့ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းတွေကို မသွားကြရတော့ဘူးတဲ့။ ဗုဒ္ဓဘာသာဘုန်းကြီးတွေကိုလည်း ရှိမခိုးရတော့ဘူးတဲ့။ အရင်က ရှိခိုးခဲ့တဲ့ ဘုရားရုပ်ပွားတော် စေတီတော်တွေကိုလည်း ရှိမခိုးရတော့ဘူးတဲ့။ အရင်က ရှိခိုးဦးတိုက်ခဲ့တဲ့ မိဘဆရာသမားတွေကိုလည်း ရှိမခိုးရ၊ ဦးမခိုက်ရတော့ဘူးတဲ့။ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်း ဘုရားစေတီတွေထံ သွားရင်လည်း မသွားအောင် နည်းအမျိုးမျိုးနဲ့ ဟန့်တားခံကြရပါသတဲ့။

ဘုရားရုပ်ပွားစေတီတော်တွေနဲ့ မိဘ၊ ဆရာသမားတွေကို အရိုအသေပေး ဦးတိုက်ခဲ့ရင်လည်း ဦးမတိုက်အောင် နည်းအမျိုးမျိုးနဲ့ ဟန့်တားခဲ့ကြရပါသတဲ့။

http://www.dhammadownload.com



ဗုဒ္ဓသာသနာဝင် မိန်းကလေးတွေကို ဘာသာခြားတွေက သိမ်းသွင်းဆွဲဆောင်တဲ့အခါ မရခင်မှာတော့ မိန်းကလေးရဲ့အလိုကို လိုလေသေးမရှိအောင် ဆောင်ရွက်ပေးတတ်ကြပါသတဲ့။ မရခင် ဖျာလိုလိပ်ပြီး ထိပ်ပေါ်မှာ တင်ထားတတ်ကြပါသတဲ့။ ဗုဒ္ဓဘာသာဘက် ပါဝင်သယောင်ယောင်နဲ့လည်း ဗုဒ္ဓသာသနာဝင်အမျိုးသမီးတွေထဲ ပါဝင်ရောနှောတတ်ကြပါသတဲ့။ ဗုဒ္ဓဘာသာဝင်တစ်ယောက်လို့ ထင်မှတ်လာရလောက်အောင်လည်း သရုပ်ဆောင်တတ်ကြပါသတဲ့။ ကလေးတစ်ယောက်ရရင် ဗုဒ္ဓဘာသာဘက် ပါပ့်မယ်လို့ပြောပြီးတော့လည်း မက်လုံးပေးတတ်ကြပါသေးသတဲ့။ သားသမီးတွေ ရလာတဲ့အခါရောက်မှ ဘာသာခြားက ဗုဒ္ဓဘာသာဘက် ပါမလာတဲ့အပြင် သူတို့ဘာသာဘက်ကို အကြပ်ကိုင်ပြီးတော့လည်း အတင်းသွတ်သွင်းကြပါသတဲ့။

အဲဒီသတင်းတွေကို ကြားရရင် စိတ်မသက်မသာ ဖြစ်ရလွန်းလို့ မကြားချင်ပါ။ မကြားချင်ပေမယ့်လည်း မကြားချင်လို့မရပါ။ မကြားချင်အဆုံး ကြားကြားနေရပါတယ်။ ကြားကြားသမျှ ဗုဒ္ဓသာသနာဝင်တိုင်းမှာလည်း စိတ်မသက်မသာ ဖြစ်ကြရပါတယ်။ ဒီနေရာမှာ ကျေးဇူးတော်ရှင် အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ကြီးရေးထားတဲ့ လင်္ကာလေးတစ်ပိုဒ်ကို သတိရလာမိပါတယ်။

"ယခုလိုသာ၊ နှစ်ပေါင်းကြာလျှင်၊ မြန်မာပြည်ဖွား၊ တိုင်းရင်းသားတို့၊ ဘုရားကိုစွန့်၊ တရားစွန့်၍၊ စွန့်လိမ့်မှန်စွာ၊ မြတ်သံဃာတည်း"တဲ့။

မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ လင်္ကာအတိုင်းပါပဲ။ ဒီလိုသာ ခြစားခံနေရရင် နောင်မဝေးတော့တဲ့ အနာဂတ်ကာလမှာ မြန်မာပြည်ဖွား တိုင်းရင်းသားတွေဟာ ဂေါတမဘုရားရှင်ကို စွန့်ကြပါလိမ့်မယ်။ ဘုရားတရားတော်တွေကိုလည်း စွန့်ကြပါလိမ့်မယ်။ ဘုရားတပည့် သံဃာ

http://www.dhammadownload.com



တွေကိုလည်း စွန့်ကြပါလိမ့်မယ်။ မြန်မာပြည်ဖွား တိုင်းရင်းသားတွေ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို စွန့်လွှတ်လိုက်ကြတဲ့အခါ ရွှေတိဂုံ စတဲ့စေတီတော်ကြီးတွေဟာ အင်ဒိုနီးရှား ဗောရောဗုဓော စေတီကြီးပမာ ဖြစ်သွားကြပါလိမ့်မယ်။ စာသင်တိုက်ကြီးတွေမှာ စာသင်သားသံဃာတွေ ဆိတ်သုဉ်းသွားကြပါလိမ့်မယ်။ တရားရိပ်သာကြီးတွေမှာ ယောဂီဆိုတာ မှုံးလို့တောင် ရှုစရာမရှိနိုင်တော့ပါ။ ဝါဆိုပွဲ၊ ကထိန်ပွဲ၊ သက်ကြီးပူဇော်ပွဲ၊ အလှူပွဲ၊ တရားပွဲ၊ ရှင်ပြုပွဲ၊ ရဟန်းခံပွဲ၊ သီလရှင်ဝတ်ပွဲ စတဲ့ ဗုဒ္ဓဘာသာဆိုင်ရာ ပွဲတွေဟာ ပုန်းလျှိုးကွယ်ပျောက်ကုန်ပါလိမ့်မယ်။ ရဟန်းသံဃာဆိုတာ ဒီလိုပါလို့ အရုပ်ရေးပြရမယ့် အခြေအနေ ဆိုက်ရောက်သွားပါလိမ့်မယ်။ တရားစာပေတွေဟာ အစွန့်ပစ်ခံပစ္စည်းတွေ ဖြစ်သွားပါလိမ့်မယ်။

စာရှုသူဟာလည်း ဒီအခြေအနေမျိုး ဆိုက်ရောက်လာမှာကို လုံးဝလိုလားမှာ မဟုတ်ပါ။ မလိုလားရင် ကိုယ့်အိမ်ကိုခြစားမခံရအောင် စောင့်ရှောက်ရပါမယ်။ ကာကွယ်ရပါမယ်။ နိုးနိုးကြားကြား ဆောင်ရွက်ရပါမယ်။

http://www.dhammadownload.com

# သင်ကော ဘာပြောချင်သလဲ

ရန်ကုန်မြို့က နာမည်ကြီးတရားရိပ်သာကြီး တစ်ခုမှာ တရားပြနေတဲ့ ကမ္မဋ္ဌာန်းဆရာ သံဃာတော်တစ်ပါးက ဘာသာခြားအန္တရာယ် ကြိုတင်ကာကွယ်ရေးနဲ့ ပတ်သက်ပြီး မေဃဝတီဆရာတော် ဦးနာရဒ ရေးထားတဲ့ ဗုဒ္ဓဘာသာသမိုင်း စာအုပ်ထဲက အကြောင်းအရာတွေကို ဟောပြောလေ့ရှိသတဲ့။ အိန္ဒိယနိုင်ငံမှာ ဗုဒ္ဓသာသနာကွယ်ပျောက်ရခြင်း အကြောင်းတွေကို စုံစေ့အောင် ဗုဒ္ဓသမိုင်းစာအုပ်က တင်ပြထားပါတယ်။ အဲဒီစာအုပ်ထဲက အရေးကြီးတဲ့ စာပိုဒ်တွေကို အလွတ်ရအောင် ကျက်မှတ်ပြီး စာမျက်နှာနံပါတ်နဲ့တကွ ပြောပြသတဲ့။ အဲဒီ ကမ္မဋ္ဌာန်းဆရာတော်ဟာ ပရိယတ်လည်း ကျွမ်းကျင်တော်မူတဲ့ ပညာရှင်တစ်ပါးပါပဲ။ ဗုဒ္ဓသာသနာ့အန္တရာယ် ကြိုတင်ကာကွယ်ရေးနဲ့ ပတ်သက်ပြီး သူက အလွန့်အလွန်ပဲ စိတ်ထက်သန်တော်မူတယ်။ သူက ဒီလို ပြောပြတယ်။

“တပည့်တော်တို့ မြန်မာ့သမိုင်းမှာ ရာဇသင်္ကြံဟာ သေခါနီးဆဲဆဲ အချိန်လေးမှာ နောက်ဆုံးစကားလေးကို ပြောကြားသွားတယ်။ ရာဇသင်္ကြံရဲ့ နောက်ဆုံးစကားလေးက “မြောက်ဘက်က ရန်သူတွေကို

http://www.dhammadownload.com



သတိထားကြ၊သတိထားကြ” တဲ့။ အဲဒီနောက်ဆုံးစကားလေးကို ပြော လည်းပြီးရော အသက်ထွက်သွားသတဲ့။ တပည့်တော်လည်း သေခါနီး ဆဲဆဲ အချိန်လေးမှာ နောက်ဆုံးစကားပြောနိုင်ခဲ့ရင် ပြောချင်တာက “ဘာသာခြား အန္တရာယ်ကို ကာကွယ်ကြ၊ ကာကွယ်ကြ” လို့ ပြောချင် တာပါပဲ။”

မြတ်စွာဘုရား မိန့်ကြားသွားတဲ့ နောက်ဆုံးစကားတော်ကတော့-

ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာ ဒေန သမ္ပာဒေထ။

မြန်မာလို အဓိပ္ပာယ်ကတော့ -

“ရဟန်းတို့၊ ယခု သင်တို့အား ငါဘုရား နောက်ဆုံးစကား မိန့် ကြားတော်မူမယ်၊ ရုပ် နာမ် သင်္ခါရတရားတွေဟာ ပျက်တတ်တဲ့ သဘောရှိကြတယ်၊ မမေ့မလျော့သော သတိတရားဖြင့် သီလ သမာဓိ ပညာကိစ္စတို့ကို ပြီးစီးပြည့်စုံစေကြလော့” တဲ့။

မြတ်စွာဘုရားရဲ့ အဲဒီနောက်ဆုံးစကားတော်အရ ဘုရားတပည့် ဗုဒ္ဓသာသနာဝင် ရဟန်းရှင်လူတွေဟာ သတိနဲ့ သီလပြည့်စုံအောင်၊ သမာဓိ ပြည့်စုံအောင် ကြိုးစားကြရပါမယ်။ မိမိတို့ရဲ့ ရုပ်ခန္ဓာကြီးဟာ မကြာခင်ပျက်စီးသွားမှာမို့ တကယ်တော့ အားကိုးလို့မရပါဘူး။ ပျက်စီး တတ်တဲ့ ဒီခန္ဓာကြီးထဲက သီလအနှစ်၊ သမာဓိအနှစ်၊ ပညာအနှစ် တွေ ကို သတိနဲ့ရအောင် ထုတ်ယူကြရပါမယ်။

မြတ်စွာဘုရားက သတိနဲ့ သီလရှင်၊ သမာဓိရှင်၊ ပညာရှင်ဖြစ် အောင် ကြိုးစားကြဖို့ နောက်ဆုံးစကားအနေနဲ့ အရေးတကြီးမိန့်ကြား တော်မူခဲ့ပါတယ်။ အရာရာမှာ သတိရှိနိုင်ရင် သီလရှင်၊ သမာဓိရှင်၊ပညာ ရှင် ဖြစ်လာမှာပါပဲ။

အမတ်ကြီး ဦးပေါ်ဦးကတော့ သေတဲ့အခါ ပါးစပ်နဲ့စကားမပြော ဘဲ လက်ဝါးနဲ့ အသံတိတ် စကားပြောသွားပါတယ်။ သူရဲ့လက်ယာ ဘက်လက်ကို အခေါင်းအပြင်ဘက် အထုတ်ခိုင်းပြီး လက်ယာဘက်

http://www.dhammadownload.com



လက်ဖဝါးကို ဖြန့်ထားခိုင်းသတဲ့။ "သေသွားတဲ့ ငါ့ရဲ့နောက်ကို ဘယ်သားသမီး ဇနီး ဘယ်ပစ္စည်းမှ မပါ လက်ချည်းဗလာပါပဲ။ ငါယူသွားနိုင်တာကတော့ ငါ့ရဲ့ကုသိုလ်ကံ အကုသိုလ်ကံတွေပါပဲ"တဲ့။

ဦးပေါ်ဦးဟာ ပညာရှိအမတ်ကြီး ပီသပါပေတယ်။

စာရှုသူရော သေခါနီးမှာ စကားပြောနိုင်ခဲ့ရင် ဘယ်လိုစကားတွေကို ပြောချင်ပါသလဲ။ သင့်ဘဝမှာ ကျန်ရစ်သူတွေကို အရေးအကြီးဆုံး၊ အပြောချင်ဆုံး စကားတစ်ခွန်းလောက်တော့ ရှိပါလိမ့်မယ်။

# ကာကွယ်ရေးကောင်းမှ ငြိမ်းချမ်းသာယာမည်

အိမ်တစ်အိမ်၌ အကာအရံလုံခြုံဖို့ လိုအပ်ပါသည်။ ရွာတစ်ရွာ၊ မြို့တစ်မြို့၊ နိုင်ငံတစ်နိုင်ငံမှာလည်း ထိုနည်းအတူပင် အကာအရံလုံခြုံဖို့ လိုအပ်လှပါတယ်။ အကာအရံ မရှိလျှင်ဖြစ်စေ၊ ရှိလျှင်လည်း ပွင့်လင်းနေလျှင်ဖြစ်စေ၊ မလုံမခြုံဖြစ်နေလျှင်ဖြစ်စေ အနှောင့်အယှက် ပေးလိုသည့် အန္တရာယ်တွေကို လက်ယပ်ခေါ်နေသလို ဖြစ်နေပါသည်။ အန္တရာယ်တွေကလည်း ထိုအခွင့်ကောင်းကို ချောင်းမြောင်းနေကြပါသည်။ လုံခြုံရေးအတွက် အိမ်သူအိမ်သား၊ ရွာသူရွာသား၊ မြို့သူ မြို့သား၊ နိုင်ငံသူနိုင်ငံသားတို့ နိုးကြားမှု မရှိကြလျှင် ထိုအိမ်၊ ထိုရွာ၊ ထိုမြို့၊ ထိုနိုင်ငံ၌ နေကြသူတွေအားလုံး ဒုက္ခရောက်ဖို့အရေးမှာ ဝေးလှမည်မဟုတ်ပါ။ နိုးကြားမှုမရှိလေ ဒုက္ခရောက်ဖို့နီးလေ ဖြစ်ပါသည်။

မြန်မာနိုင်ငံရှိ အိမ်အများစု၊ ရွာအများစုနှင့် မြို့တိုင်း မြို့တိုင်းတွင် ဗုဒ္ဓယဉ်ကျေးမှု အကာအရံတွေကို ကာရံလို့ ထားကြပါသည်။ ထိုအိမ်များ၊ ရွာများ၊ မြို့များ၌ရှိသည့် ထိုဗုဒ္ဓဘာသာ ယဉ်ကျေးမှု အကာအရံတွေကို လုံလုံခြုံခြုံရှိ မရှိ သတိပြုကြရပေလိမ့်မည်။ ထိုဗုဒ္ဓယဉ်ကျေးမှု အကာအရံတွေ ပွင့်နေလျှင်ဖြစ်စေ (သို့) မလုံမခြုံ ဖြစ်နေလျှင်ဖြစ်စေ၊ တစ်ဖက်မှရန်မူမည့် အန္တရာယ်တွေ အလွယ်တကူ ဝင်ရောက်လာကြပေလိမ့်မည်။ ထိုတစ်ဖက်မှ အန္တရာယ်တွေ မလာရောက်နိုင်ဖို့ရာ ဗုဒ္ဓဘာ

http://www.dhammadownload.com



သာဝင်တို့အဖို့ ကာကွယ်ရေးတောင့်တင်းဖို့ လိုအပ်လှပါသည်။ ကာကွယ်ရေး ကောင်းလေလေ လုံခြုံလေလေ၊ လုံခြုံလေလေ လွတ်လပ်လေလေ၊ လွတ်လပ်လေလေ အေးချမ်းလေလေ၊ အေးချမ်းလေလေ ငြိမ်းချမ်းမှုရလေလေ ဖြစ်ပါမည်။ ထိုအရာအားလုံးသည် ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ရခြင်း၏ အဆင့်ဆင့် အရင်းခံတွေ ဖြစ်ပါသည်။

ဗုဒ္ဓသာသနာဖြင့် ငြိမ်းချမ်းသာယာသောအိမ်၊ ငြိမ်းချမ်းသာယာသောရွာ၊ ငြိမ်းချမ်းသာယာသောမြို့၊ ငြိမ်းချမ်းသာယာသောနိုင်ငံဖြစ်အောင် ကြိုးပမ်းလိုကြသူ ဗုဒ္ဓသာသနာဝင်တိုင်းအဖို့ ဗုဒ္ဓယဉ်ကျေးမှု ကာကွယ်ရေး တောင့်တင်းခိုင်မာအောင် လုပ်ကြဖို့အရေးဟာ အသေးအမွှား အရေးမထားလောက်သည့် ကိစ္စလေးပါဟု သဘောမထားသင့်ကြပါပေ။

မြန်မာနိုင်ငံ၌ လူဦးရေသန်း ၄၀ ကျော်ရှိရာ ဘာသာခြားဦးရေမှာ ၆ သန်းလောက်ရှိသဖြင့် ကျန်ရှိသည့်ဦးရေမှာ ဗုဒ္ဓသာသနာဝင်တို့ ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ သို့သော် "ဒီဘုရားမှ ဒီဘုရား" "ဒီတရားမှ ဒီတရား" "ဒီသံဃာမှ ဒီသံဃာ"ဟု ရတနာသုံးပါးအပေါ် မတုန်မလှုပ် သက်ဝင်နိုင်အောင် ယုံကြည်မှုခိုင်မာသည့် မိရိုးဖလာလွန် ဗုဒ္ဓသာသနာဝင်ဦးရေမှာ ကိန်းဂဏန်းများချင်မှ များပါလိမ့်မည်။ မှုန်ဝါးဝါး ချည့်နဲ့နဲ့ မိရိုးဖလာအမည်ခံ ဗုဒ္ဓသာသနာဝင်တွေကသာ များပါလိမ့်မည်။ သူတို့သန္တာန်တွင် ဗုဒ္ဓယဉ်ကျေးမှုအင်အား မကောင်းသည့်အတွက် လေဟာပြင်ကြီးသဖွယ် ဖြစ်နေပါတော့သည်။

ဗုဒ္ဓယဉ်ကျေးမှု ဟာလာဟင်းလင်း ဖြစ်နေသည့် ထိုကွက်လပ်ကြီးတွင် ဘာသာခြား အယူဝါဒတွေ၊ ပြည်ပမှ ယဉ်ကျေးမှုတွေ၊ မဟာယာန၏ အငွေ့အသက်ဖြစ်သည့် ဂါထာမန္တရားအစွမ်းကို အားကိုးမှုတွေ၊ ဘိုးတော်ကို ကိုးကွယ်မှု၊ နတ်တို့ကို ကိုးကွယ်မှု၊ ဘာသာမဲ့ အယူ

http://www.dhammadownload.com



ဝါဒ၊ မူးယစ်ဆေးဝါး၏ ကျေးကျွန်ဘဝရောက်မှု စသည့် မလိုလားအပ် သောအရာတို့ တစ်ဟုန်ထိုး ဝင်ရောက်လာကြသည်မှာ အံ့အားသင့်စရာ မကောင်းလှတော့ပါ။

တောရော မြို့ပါ မြန်မာနိုင်ငံ တစ်ဝန်းလုံး၌ ဗုဒ္ဓယဉ်ကျေးမှု သင်တန်းတွေ ဖွင့်လှစ်ကာ ဗုဒ္ဓယဉ်ကျေးမှုတွေကို စာတွေ့၊ လက်တွေ့ လိုက်နာကျင့်သုံးစေခြင်းသည် ကလေးများ၏သန္တာန်တွင် ဘာသာခြား အယူဝါဒ၊ ပြည်ပမှယဉ်ကျေးမှု၊ ဂါထာမန္တရားအစွမ်းကို အားကိုးမှု၊ ဘိုးတော်နှင့် နတ်ကိုးကွယ်မှု၊ ဘာသာမဲ့ဝါဒ၊ မူးယစ်ဆေးဝါး ကျေးကျွန် ဘဝရောက်မှု စသည့်တို့ မခိုဝင်ဖို့ရာ ဖြစ်ပါသည်။

ဗုဒ္ဓသာသနာအကျိုး၊ နိုင်ငံတော်အကျိုး သယ်ပိုးကြမည့် နောင်ဝယ်လူကြီးများ ဖြစ်လာမည့် ယနေ့လူငယ်များ၏ ဗုဒ္ဓယဉ်ကျေးမှု လေဟာပြင်တွင် ဗုဒ္ဓအဆုံးအမနှင့်အညီ ကိုယ်ယဉ်ကျေးမှု၊ နှုတ်ယဉ်ကျေးမှု၊ စိတ်ယဉ်ကျေးမှုတွေ စိမ့်ဝင်နေဖို့ရာ စာတွေ့ လက်တွေ့ ပေါင်းစပ်သင်ကြားပေးသည့် ဗုဒ္ဓယဉ်ကျေးမှုသင်တန်းများသည် မလုပ်မဖြစ် လုပ်ရမည့်သင်တန်းများ ဖြစ်နေပါသည်။

တောကြို တောကြားပါမကျန် မြန်မာနိုင်ငံ တစ်ဝန်းလုံး၌ ဗုဒ္ဓယဉ်ကျေးမှုသင်တန်းတွေ ဖွင့်လှစ်ကာ ဗုဒ္ဓယဉ်ကျေးမှုတွေ စာတွေ့ လက်တွေ့ ပေါင်းစပ်သင်ကြားဖို့ အနာဂတ် မြန်မာနိုင်ငံတော်အတွက် အမြော်အမြင်ကြီးမားကြသည့် ဆရာ ဒကာတို့ နိုးနိုးကြားကြား ကြိုးစားကြရန် အချိန်တန်နေပါပြီ။ အမည်ခံ ဗုဒ္ဓသာသနာဝင်တို့၏ ဗုဒ္ဓယဉ်ကျေးမှု လေဟာပြင်ကွက်လပ်တွင် ဗုဒ္ဓယဉ်ကျေးမှုတွေကို ဖြည့်စွက်ပေးဖို့ရာ အရေးတကြီး လိုအပ်နေပါပြီ။

မြန်မာနိုင်ငံရှိ အိမ်တိုင်း၊ ရွာတိုင်း၊ မြို့တိုင်းတွင် ဗုဒ္ဓယဉ်ကျေးမှု လေဟာပြင်ကွက်လပ်သည် ကျယ်သည်ထက်ကျယ် ကြီးသည်ထက်

http://www.dhammadownload.com



ကြီးမလာစေဘဲ ကျဉ်းသည်ထက်ကျဉ်း၊ ငယ်သည်ထက် ငယ်ရာမှ လေဟာပြင် ကွက်လပ်ကြီး လုံးဝကွယ်ပျောက်ကာ ဗုဒ္ဓယဉ်ကျေးမှုတွေ ပြည့်လျှံနေစေဖို့ ကြိုးပမ်းကြရပါမည်။

စာတွေ့ လက်တွေ့ သင်ယူထားသည့် ဗုဒ္ဓယဉ်ကျေးမှုတွေကို မေ့ပျောက်မသွားစေဘဲ ယခုဘဝတစ်လျှောက်လုံးမှာရော ဘဝသံသရာဆက်ဆက်မှာပါ ကလေးတို့၏ နှလုံးသားထဲတွင် စွဲမြဲတည်ရှိနေအောင် ကြိုးစားပေးကြရပါမည်။

ကလေးတို့၏ နှလုံးသားထဲတွင် ဗုဒ္ဓယဉ်ကျေးမှုတွေ ခိုင်ခိုင်မြဲမြဲတည်ရှိနေပြီး ကိုယ်အမူအရာယဉ်ကျေးသူ၊ နှုတ်အပြောအဆို ယဉ်ကျေးသူ၊ စိတ်နေသဘောထား ယဉ်ကျေးသူလေးတွေ ဖြစ်လာအောင် ကြိုးစားပေးကြရပါမည်။ ကလေးတို့ ပိုင်ဆိုင်ထားသည့် ဗုဒ္ဓယဉ်ကျေးမှုမျိုးစေ့တို့သည် အညွန့်အတက် အခက်တွေ ထွက်ကာ ဗုဒ္ဓယဉ်ကျေးမှုထွားကျိုင်းဖွံ့ဖြိုးသည့် ပင်စည်ကြီးတွေအထိ ဖြစ်လာအောင် ကြိုးစားပေးကြရပါမည်။ လက်လှမ်းမီရာ၌လည်း ဗုဒ္ဓယဉ်ကျေးမှုမျိုးစေ့တွေကို ကြဲချပေးကြရပါမည်။ အညွန့်အတက် အခက်အရွက်တွေ ဝေဆာထွားကျိုင်း ဖွံ့ဖြိုးသည့် ပင်စည်ကြီးတွေ များသည်ထက် များလာပြီး အဆက်မပြတ် တိုးပွားလာအောင် စိုက်ပျိုးပေးကြရပါမည်။

သစ်ပင်စိုက်လိုလျှင် အစေ့ကစပြီး စိုက်ပျိုးမှသာ သီးလာသည့် အသီးသည် အစေ့သေး၏၊ အသားများ၏၊ အခွံပါး၏၊ အမျှင်နည်း၏။ ကိုင်းကူးစိုက်လျှင်ကား သီးလာသည့်အသီးသည် အစေ့ကြီး၏၊ အသားနည်း၏၊ အခွံထူ၏၊ အမျှင်များ၏။

ထို့အတူပင် ကလေးငယ်များ သန္တာန်တွင် ငယ်ရွယ်စဉ်ကပင် ဗုဒ္ဓယဉ်ကျေးမှုတွေကို ထည့်သွင်းစိုက်ပျိုးပေးကြရပါမည်။ ကြီးလာခါမှပေးရလျှင် ငယ်စဉ်ကလောက် ခရီးမရောက်တော့ပါပေ။

http://www.dhammadownload.com



ဗုဒ္ဓသာသနာဝင် မိဘတို့သည် မိမိတို့၏ သွေးသားကလေးများ နှလုံးသား၌ ဗုဒ္ဓယဉ်ကျေးမှုတံဆိပ်ကို ငယ်စဉ်ကပင် ခတ်နှိပ်ပေးထား ကြရပါမည်။ သို့မှသာ အသက်အရွယ်ကြီးရင့်လာကာ သေသွားသည့် အခါတိုင်အောင် သူတို့၏ နှလုံးသား၌ ဗုဒ္ဓယဉ်ကျေးမှု အဆီအနှစ် သည် စွဲတည်ရစ်ပေလိမ့်မည်။ အိုးလုပ်သမားသည် အိုးမဖုတ်ခင်ကပင် အိုး၌ ကိုယ်လိုချင်သည့် ပုံစံတံဆိပ်ကို ခတ်နှိပ်ထားရ၏။ အိုးဖုတ်ပြီး သောအခါ ထိုခတ်နှိပ်ထားအပ်သော တံဆိပ်သည် အိုးပင်ကွဲသွားစေ ကာမူ မပျက်ပြယ်ဘဲ အမြဲတစေ တည်ရှိနေပေလိမ့်မည်။

ဤအဓိပ္ပာယ်တို့ကို ရေးသားဖော်ပြထားသည့် ကျေးဇူးတော်ရှင် အမရပူရမြို့၊ မဟာဂန္ဓာရုံဆရာတော်ကြီး၏ အောက်ပါလင်္ကာလေး သည် မှတ်သားဖွယ် လိုက်နာကျင်သုံးဖွယ် အလွန်ပင် ကောင်းလှပါ သည်။ ထို့ကြောင့် ထိုလင်္ကာလေးကို စာရေးသူက စာရှုသူတို့အား လက်ဆောင်ကမ်း ဓမ္မဒါန ပြုလိုက်ပါရစေ။

အိုးမဖုတ်ခင်၊ အိုးလုပ်စဉ်ဝယ်၊ အိုးတွင်နှိပ်ခတ်၊ တံဆိပ်မှတ်ကား၊ မပြတ်မစဲ၊ အိုးပင်ကွဲလည်း၊ အမြဲတစေ၊ တည်ရှိနေသို့၊ ထွေထွေသွေး သား၊ ကလေးများ၌၊ ဘုရားတံဆိပ်၊ ဘာသာစိတ်ကို၊ ခတ်နှိပ်နိုင်မှ၊ သက် ဆုံးကျအောင်၊ ဗုဒ္ဓဝါဒီ၊ စွဲ၍တည်မည်၊ ကိုယ်စီ ခတ်နှိပ်စေသတည်း။

http://www.dhammadownload.com

# ခဉ်းစားတော်မူကြပါ

"သာမဏေကျော်တော့ ပျော်နေမှာပေါ့။"

"ဘာပြုလို့လဲ။"

"သာမဏေကျော်ရဲ့ တပည့်မ သီလရှင်တွေ ၁၉၉၉ ခု စာချတန်းနဲ့ အလတ်တန်းတွေ အောင်စာရင်းမှာ ပထမ ရတဲ့အပြင် နီပေါသီလရှင် မဝိမလဉာဏီကလည်း စာချတန်း ၃ ကျမ်းလုံး အောင်တယ် မဟုတ်လား။"

အမေရိကန်နိုင်ငံ ဆန်ဟိုစေးရှိ တထာဂတကမ္မဋ္ဌာန်းရိပ်သာမှ အရှင်ပညာဒီပါဘိဝံသသည် စာရေးသူထံ တယ်လီဖုန်းဖြင့် စကားပြောလာခဲ့ပါသည်။ စာရေးသူက ပြန်၍ ပြောလိုက်ပါသည်။

"လောကကြီးမှာ ဒါတွေဟာ ဆန်းလှတော့တာ မဟုတ်ပါဘူး၊ ဒါကြောင့် ထူးပြီး မပျော်ပါဘူး။"

မူလတန်း, အငယ်, အကြီးတန်း ပထမ-မဝိမလဉာဏီ၊ ၁၉၉၉ ခု စာချတန်းတွင် ပထမ ရရှိသွားသော မစာရုဒဿိနီနှင့် ပထမလတ်တန်း

http://www.dhammadownload.com



တွင် ပထမ ရရှိသွားသည့် မကမလညာနီတို့သည် အရှင်ပညာဒီပါ ဘိဝံသထံတွင် စာသင်ယူခဲ့ကြပါသည်။ ထို့ကြောင့် အရှင်ပညာဒီပါ ဘိဝံသသည် သူ့တပည့်ဆရာလေးတို့ အောင်မြင်မှုကို ကြားသိရပြီးစ ဖြစ်၍ အားရဝမ်းသာဖြစ်နေပုံ ရပါသည်။ ဆရာလေး ၃ ပါး၏ စာချ ဆရာများ ဖြစ်ကြသည့် အမေရိက, တထာဂတကမ္မဋ္ဌာန်းရိပ်သာမှ အရှင်ယောသိတာဘိဝံသ, အရှင်ညာနိကာဘိဝံသ၊ စင်ကာပူရောက် အရှင်ဝိမလာစာရာဘိဝံသ၊ အိန္ဒိယရောက် အရှင်သီလာစာရ၊ မလေး ရှားရောက် အရှင်ပညာဘိနန္ဒနှင့် အင်္ဂလန်နိုင်ငံရောက် အရှင်ဉာနုဇ္ဇော တာဘိဝံသတို့လည်း သူတို့ တပည့်ဆရာလေး ၃ ပါး၏ အောင်မြင်မှု တို့ကို ကြားသိခဲ့ရလျှင် အရှင်ပညာဒီပါဘိဝံသ လိုပင် ဖြစ်နေပါလိမ့် မည်။

ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာမှ အစိုးရ မူလ တန်းတွင် မဝိမလညာနီနှင့် မစာရုဒဿိနီ, မရုစိမတီ, အငယ်တန်းတွင် မဝိမလညာနီ၊ အလတ်တန်းတွင် မစာရုဒဿိနီနှင့် မကမလညာနီ၊ အကြီး တန်းတွင် မဝိမလညာနီ၊ စာချတန်းတွင် မစာရုဒဿိနီတို့သည် တစ်နိုင်ငံ လုံး၌ သီလရှင် ပထမရခဲ့ကြပါသည်။ တစ်နိုင်ငံလုံး၌ သီလရှင် ပထမ ရသည့် တပည့်ဆရာလေးတွေ များနေပြီဖြစ်၍ စာရေးသူမှာ ထူးပြီး မပျော်လှပါ။

မူလတန်း, အငယ်, အလတ်, အကြီးတန်း စာသင်သား သီလရှင် တို့အား စာဝါ ကူညီပို့ချပေးမည့် သီလရှင်တွေ စာရေးသူမှာ တိုးလာ သောကြောင့်ကား ဝမ်းသာပါ၏။ စာချတန်းအောင်ပြီး မအဂ္ဂညာနီ (နီပေါ)၊ မစာရုဒဿိနီ၊ မဝိမလညာနီ (နီပေါ) တို့သည် စာသင်သား သီလရှင်တို့အား စာဝါ ပို့ချပေးနေကြပါပြီ။ နီပေါမွှာစရိယများ ဖြစ် ကြသော မအဂ္ဂညာနီနှင့် မဝိမလညာနီတို့သည် အမိနီပေါနိုင်ငံ၌ ထေရ

http://www.dhammadownload.com



ဝါဒဗုဒ္ဓသာသနာ ပြန်လည် အားကောင်းအောင် ကြိုးစားကြဦးမည့် အာဇာနည်လေးများ ဖြစ်ကြပါသည်။ အနာဂတ်နီပေါ ထေရဝါဒဗုဒ္ဓ သာသနာတော်အတွက် အားကိုးလိုသဖြင့် သူတို့လေးတို့ကို နီပေါမှ ဆရာတော်တို့, သီလရှင်ဆရာကြီးတို့နှင့် မိဘဆွေမျိုးတို့က မြန်မာနိုင်ငံ, ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာသို့ ပို့ထားခြင်း ဖြစ်ပါ သည်။

မစာရုဒဿိနီသည် စက်မှုတက္ကသိုလ် တတိယနှစ်ရောက်ရှိခဲ့ပြီး အစိုးရမူလတန်း, အလတ်တန်း, စာချတန်းတို့၌ သီလရှင် ပထမရရှိခဲ့ သဖြင့် မဝိမလညာနီကဲ့သို့ ပထမ (၃) ထပ်ကွမ်း ရရှိထားသူ ဖြစ်ပါသည်။ မကမလညာနီသည် ဆရာဝန်ဘွဲ့ရပြီး သီလရှင်ဝတ်လာကာ ပထမ လတ်တန်း၌ ပထမ ရရှိသွားပါသည်။ ဥယျာဉ်မှူးသဖွယ် ဖြစ်တော်မူ သည့် ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ကြီး သည် ထူးခြားသော ပန်းပွင့်လေးများသဖွယ်ဖြစ်သော ပထမရကြသည့် တပည့်ဆရာလေးတို့၏ အောင်မြင်မှုကို ကြည့်ကာ မုဒိတာပွားနေတော် မူပါလိမ့်မည်။

မစာရုဒဿိနီသည် အင်္ဂလိပ်စကားကို ကောင်းကောင်း ပြော တတ်သောကြောင့် ပြည်ပယောဂီတို့အတွက် များစွာအကူအညီ ပေးခဲ့ ပါသည်။ ယခုမူကား စာချတန်းပြီးသွား၍ ရှေးကထက်ပို၍ ပြည်ပ ယောဂီတို့အား အကူအညီ ပေးနိုင်ပါပြီ။ ပဏ္ဍိတာရာမဆရာတော်ကြီး သည် အင်္ဂလိပ်စာလည်း တော်သည့် ပရိယတ်, ပဋိပတ် စွယ်စုံတပည့် လေးတွေ ပေါ်ထွန်းလာအောင် ကြိုးစားပေးတော်မူခဲ့ရာ ယခုအခါ မစာရုဒဿိနီတစ်ပါး ထပ်မံ၍ ပေါ်ထွန်းလာခဲ့ပြန်ပါပြီ။ မအဂ္ဂညာနီနှင့် မဝိမလညာနီတို့လည်း တက္ကသိုလ်ကျောင်းသူတွေ ဖြစ်ခဲ့သောကြောင့် အင်္ဂလိပ်စာ တော်ကြပါသည်။ ဆရာဝန်ဆရာလေးဟု အခေါ်များနေ

http://www.dhammadownload.com



သော မကမလညာနီသည်လည်း စာချတန်း ပြီးသွားလျှင် မစာရဒသိနီ လိုပင် အပြည့်အဝ အားကိုးလို့ရသော တပည့်လေးတစ်ပါး ဖြစ်လာပါ လိမ့်မည်။

စာရေးသူသည် ဤကဲ့သို့ တော်ကြသည့် သီလရှင်လေးတို့ကို ကြည့်ပြီး မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသ မိန့်ကြား တော်မူခဲ့သည့် စကားလေးတို့ကို သတိရလာမိပါသည်။

"သဗ္ဗညုတဘုရားရှင်တည်ထောင်ခဲ့တဲ့သာသနာတော်ကို အထက် တန်းစားရှင်ဘုရင်တွေ, အိမ်ရှေ့စံတွေ, မင်းညီမင်းသားတွေ, ပညာရှိ ပဏ္ဍိတ်တွေ, သူဌေးသူကြွယ်တွေ, ဂုဏ်ရှိ၊ သိန်ရှိ ပုဂ္ဂိုလ်တွေ ချည်းလို လိုက တာဝန်ထမ်းလာခဲ့ကြ, လက်ဆင့်ကမ်းလာခဲ့ကြ, ချီးမြှောက် ထောက်ပံ့လာခဲ့ကြတာဆိုတော့ သာသနာကို အားလုံး က မော့ကြည့်ရ တဲ့ အခြေအနေထိ တင့်တယ်ခဲ့တယ်" တဲ့။

ခေတ်ပညာလည်း တတ်, ပိဋကတ်စာပေလည်း တတ်သည့် အပြင် အကျင့်ပဋိပတ်ပါရှိသည့် ဘုရားသမီးတော်တို့ မြန်မာနိုင်ငံ၌ များပြားလာလျှင် မြန်မာအမျိုးသမီးထုအတွက် အားတက်ဂုဏ်ယူဖွယ် ရာ ဖြစ်လာပါမည်။ မြန်မာနိုင်ငံနှင့် မြန်မာဗုဒ္ဓသာသနာအတွက်လည်း အားကိုးအားထားစရာ ပုဂ္ဂိုလ်တွေ ပို၍ များပြားလာပါလိမ့်မည်။

မဟာဂန္ဓာရုံဆရာတော်ကြီး၏ အောက်ပါ တိုက်တွန်းစကားလေး သည်လည်း မှတ်သားစရာ ကောင်းလှပါပေသည်။

"စိတ်ကောင်းလည်း ထား, သဒ္ဓါတရားလည်းရှိပြီး ထက်မြက်တဲ့ ရဟန်း, ရှင်, လူတွေ တက်ညီလက်ညီနဲ့ တိုင်ပင်ပြီး သာသနာ့ဝန်ကို ထမ်းကြမယ်ဆိုရင် ဘုရားရှင်ရဲ့ သာသနာတော်ကြီးဟာ ဂုဏ်ရှိရှိနဲ့ ခိုင်ခံ့ တည်ကြည်စွာ တည်ရှိနေပါလိမ့်မယ်။"

http://www.dhammadownload.com



"ဒီလိုမှ မဟုတ်ဘဲ ကိုယ်စီ စွမ်းလျက် မထမ်းရွက်ကြဘူး ဆိုရင် ဖြင့် ဂုဏ်သိန်မဲ့ကာ ကွယ်ပပါလိမ့်မယ်၊ ဂုဏ်ရှိရှိနဲ့ တည်စေမှာလား၊ ဂုဏ်မဲ့မဲ့နဲ့ ကွယ်စေမှာလား စဉ်းစားတော်မူကြပါ" တဲ့။

မဟာဂန္ဓာရုံ ဆရာတော်ကြီး၏ တိုက်တွန်းစကားလေးတို့ကို ဖတ်ရှုပြီး စာရှုသူလည်း စဉ်းစားခန်း ဝင်နေလိမ့်မည်ဟု မှန်းဆကြည့်နေမိပါသည်။

http://www.dhammadownload.com

# ဘုရားရှင်ရဲ့ဆက်ဆံရေး

အမေရိကက တရားဌာနတစ်ခုမှာ တရားပြဆရာနဲ့ ယောဂီအမျိုးသမီးတို့ သံယောဇဉ်ငြိတွယ်ပြီး ပြဿနာဖြစ်တဲ့ကိစ္စနဲ့ ဆက်စပ်ကာ ပဏ္ဍိတာရာမ ဆရာတော်ကြီးက ဒီလိုမိန့်တော်မူပါတယ်။

"မြတ်စွာဘုရားဟာ ပရိသတ်ကို ချဉ်းကပ်တဲ့အခါ ကရုဏာနဲ့ ချဉ်းကပ်တော်မူပါတယ်။ ပညာနဲ့ ခွဲခြားတော်မူတယ်။ ဘုရားတပည့်ဖြစ်ကြသူတွေကလည်း ဒကာ၊ ဒကာမတွေကို ချဉ်းကပ်တဲ့အခါ ကရုဏာနဲ့ ချဉ်းကပ်ကြရပါတယ်။ ဒကာ၊ ဒကာမတွေထံက ရလိုတဲ့ မျှော်လင့်ချက်နဲ့ မချဉ်းကပ်ရပါဘူး။ ကရုဏာနဲ့ ချဉ်းကပ်တဲ့အခါမှာလည်း သံယောဇဉ်နဲ့ ရောရောနှောနှော မလုပ်ရပါ။ ပညာနဲ့ ခွဲခြားကာ ဆက်ဆံရပါတယ်။"

ဦးဝိဝေကာနန္ဒဟာ ဂျာမနီ၊ အင်္ဂလိပ်၊ ပြင်သစ်၊ စပိန်၊ ရုရှား၊ အီတလီ၊ မြန်မာ စတဲ့ ဘာသာ ၁၀ မျိုးလောက် ပြောတတ်ပါတယ်။ သူ့ကို ပဏ္ဍိတာရာမဆရာတော်ကြီးက ပါဠိဘာသာကိုလည်း ကျကျနန ကျွမ်းကျင်အောင် လေ့လာစေချင်ပါတယ်။ သူကတော့ တရား အားထုတ်တဲ့အလုပ် လျော့သွားမှာစိုးလို့ ပါဠိစာပေ မသင်ယူချင်တော့ပါ။ ဆရာတော်ကြီး က သူ့ကို ပါဠိဘာသာ စိတ်ဝင်စားလာစေလိုတဲ့အတွက်

http://www.dhammadownload.com



အထက်ပါစကားရပ်ကို ပါဠိလို ရွတ်ပြပါတယ်။ သူက အဲဒီပါဠိစကားလုံးလေးတွေကို သိပ်သဘောကျသွားပါတယ်။ အဓိပ္ပာယ် သိပ်ကောင်းတာပဲ ဘုရား လို့လည်း အားရပါးရ ပြောပြနေပါတယ်။

ဆရာတော်ကြီး ရွတ်ပြတဲ့ပါဠိက

"ကရုဏာယ ဥပဂမနံ၊ ပညာယ အပဂမနံ" တဲ့။

ရဟန်းသံဃာတွေဟာ ဒကာ၊ ဒကာမတွေရဲ့ ဆင်းရဲကို ဖယ်ရှားပေးလိုတဲ့ ကရုဏာနဲ့ ဒကာ၊ ဒကာမတွေကို ချဉ်းကပ်ကြရပါတယ်။ ချဉ်းကပ်တဲ့အခါမှာလည်း ရင်းနှီးသွားရင် သံယောဇဉ် ငြိတွယ်လာတတ်ကြပါတယ်။ သံယောဇဉ် မငြိတွယ်မိရအောင် ပညာနဲ့ ခွာရပါတယ်။ ဒကာ၊ ဒကာမတွေနဲ့ ဆက်ဆံတဲ့အခါမှာ ဘုရားရှင်ရဲ့ ဆက်ဆံနည်းကို အတုယူပြီး ကျင့်သုံးတတ်အောင် ဆရာတော်ကြီးက သူ့တပည့်တွေအား စကားအလျဉ်းသင့်လာလို့ ပြောပြခြင်း ဖြစ်ပါတယ်။ သာသနာ့ဝန်ထမ်း ရှင်၊ ရဟန်းတွေရော၊ အမျိုးသမီးတွေနဲ့ ဆက်ဆံတဲ့ လူဝတ်ကြောင် ဆရာတွေပါ ဘုရားရှင်ရဲ့ဆက်ဆံနည်းကို ကောင်းကောင်းကြီး အသုံးပြုသင့်ကြပါတယ်။

http://www.dhammadownload.com

# အလှရဲ့အကျည်းတန်

ရုပ်ရည်ချောမောလှပလို့ အလှမာန်ဝင့်ကြသူလေးတွေကို တွေ့ရလေတိုင်း အလွန်လှပြီး အလွန်အလှမာန်ဝင့်ခဲ့တဲ့ ခေမာမိဖုရားနဲ့ ဇနပဒကလျာဏီတို့ကို သတိရမိတယ်။ ရုပ်အလှရဲ့အပြစ်တွေကို ဟောကြားတဲ့ ဘုရားရှင်ထံ သူတို့နှစ်ဦးဟာ မသွားချင်ကြဘူးလေ။ ခေမာဟာ ဝေဠုဝန်ကျောင်းဒကာ ဗိမ္ဗိသာရရဲ့ မိဖုရားဆိုတော့ ဘုရားရှင်ရဲ့ကျောင်းဒကာမ ပေါ့။ ဇနပဒကလျာဏီဆိုတာကလည်း ဘုရားရှင်ရဲ့အဖေတူ အမေကွဲ ညီမလေးပဲ။ သူတို့နှစ်ဦးဟာ ခေတော့ မခေကြဘူး။ ဘုရားတရားကို နာရတော့လည်း ရဟန္တာမကြီးတွေ ဖြစ်သွားကြတယ်။

ဘုရားက အလှသွေးကြွယ်ခိုက်မို့ အလှမာန်ဝင့်နေသူ သူတို့လေးတွေအား တရားမဟောခင် သူတို့အလှထက် အဆပေါင်းများစွာ သာလွန်လှပတဲ့ ၁၆ နှစ်မယ်လေးတစ်ဦးကို တန်ခိုးနဲ့ဖန်ဆင်းပြတယ်။ အဲဒီအလှမယ်လေးရဲ့ အလှကို မြင်ရတဲ့အခါ သူတို့အလှဟာ ရွှေဟင်္သာမတွေရဲ့ အကြားမှာ ရောက်သွားတဲ့ ကျီးမလေးလို ဖြစ်သွားသတဲ့။ အလှပဂေး အလှထိပ်ခေါင်တင် အလှမယ်လေးပေါ့။ ဖန်ဆင်းထားတဲ့အလှမယ်လေးက ဘုရားအနီးမှာ ယပ်ခတ်ပေးနေတယ်။ အလှထိပ်ခေါင်

http://www.dhammadownload.com



တင် အလှမယ်လေးရဲ့ မျက်နှာကို မြင်ရတော့ သူတို့မျက်လုံးတွေ တုန်လှုပ်ကုန်တယ်။

အလှမာန်ဝင့်သူနှစ်ဦးရဲ့ အလှမာန်ကို ဆူးတစ်ချောင်းနဲ့ ဆူးတစ်ချောင်း နုတ်သလို နုတ်လိုတဲ့ ဘုရားဟာ အလှမယ်လေးကို ၁၆ နှစ်အရွယ်ကနေ အသက် ၂၀ အရွယ်ဖြစ်အောင် ဖန်ဆင်းပြလိုက်တယ်။ ၁၆ နှစ် အရွယ်နဲ့ ၂၀ အရွယ်ရဲ့မတူတော့တာကို မြင်လိုက်ရတော့ အလှမာန်ဝင့်သူနှစ်ဦးရဲ့အလှမာန်လေးတွေ လျော့လာတယ်။ သားဖွားမိခင်အရွယ်၊ အလယ်အလတ် မိန်းမအရွယ်၊ အဘွားအရွယ်၊ အဘွားအိုကြီးအရွယ်တွေနဲ့ ဘုရားရှင်က ပြောင်းပြောင်းပြီး ဖန်ဆင်းပြတယ်။ တစ်ရွယ်ပြီးတစ်ရွယ် အလှတွေ ပျောက်ကွယ်သွားတာကို အလှမာန်ဝင့်သူနှစ်ဦး တွေ့ရပြန်တော့ အလှမာန် ဒီဂရီဟာ အောက်ခြေကို ရောက်သွားတယ်။ ဝင့်ခဲ့တဲ့အလှမာန်တွေ လွင့်ပြယ်လာကြတယ်။

အဲဒီနောက်မှာ ဘုရားရှင်က အလှမယ်လေးကို သွားတွေအကုန်လုံး ကျိုး၊ ဆံပင်တွေ တစ်ပင်မကျန် ဖြူ ခါးကိုင်းပြီး တုတ်ကိုင်ကာ တုန်တုန်ရီရီဖြစ်နေတဲ့ အဘွားအိုကြီးအရွယ် ဖန်ဆင်းပြလိုက်တယ်။ အလှမာန်ဝင့်သူနှစ်ဦးရဲ့ အလှမာန်တွေဟာ အနိမ့်ဆုံး ဒီဂရီလောက်ရောက်သွားကြတယ်။ ဖန်ဆင်းထားတဲ့ မိန်းမအိုကြီးဟာ ကိုင်ထားတဲ့ တုတ်နဲ့ ယပ်တောင်ကို လွှတ်ချပြီး အသံကုန် အော်ဟစ်ညည်းတွားကာ မြေပေါ် လဲကျလျက် သူမ ကျင်ကြီးကျင်ငယ်တွေထဲမှာ နစ်မြုပ်ကာ လူးလှိမ့်နေတော့တယ်။ သေပြီး ဖူးဖူးရောင်ပုပ်ကာ အပေါက်ကိုးပေါက်က ပြည်တွေ၊ ပိုးလောက်တွေ ထွက်လာကြတယ်။ ကျီး၊ လင်းတ စတဲ့ သတ္တဝါတွေ ဝိုင်းလာကြတယ်။ အဲဒီလို အခြေအနေကိုလည်း ဘုရားရှင်က တန်ခိုးနဲ့ဖန်ဆင်းပြလိုက်တယ်။

အလှတရားရဲ့ပြောင်းလွဲဖောက်ပြန်တတ်တဲ့သဘောကို ကိုယ်တွေ့ကြုံလိုက်ကြရတဲ့ အလှမာန်ဝင့်သူနှစ်ဦးရဲ့ အလှမာန်တွေဟာ ကြက်

http://www.dhammadownload.com



ပျောက်ငှက်ပျောက် ပျောက်ကုန်ကြပါတော့တယ်။ အဲဒီအခါ ရောက်မှ အလှမာန်ဝင့်သူနှစ်ဦးအား ခန္ဓာကိုယ်ကြီးရဲ့တပ်မက်ဖွယ်၊ တွယ်တာဖွယ် မရှိပုံ၊ အနှစ်သာရ ကင်းမဲ့ပုံတွေကို မိန့်ကြားကာ တရားရှု မှတ်နည်းကို မိန့်ကြားတော်မူပါတယ်။ အလှမာန်ဝင့်သူနှစ်ဦးဟာ တရားရှုမှတ်ကာ ရဟန္တာမကြီးတွေ ဖြစ်သွားကြပါတယ်။ အဆင့်အမြင့်ဆုံး စိတ်အလှပိုင်ရှင်တွေ ဖြစ်သွားတော့ ရုပ်အလှရဲ့အားနည်းချက်၊ အကျည်းတန် ချက်တွေကို ကောင်းကောင်း နားလည်သဘောပေါက်သွားကြပါတော့တယ်။

ရုပ်အလှရဲ့ အကျည်းတန်မှုတွေကို မြင်အောင်ကြည့်ကာ ရုပ်လှသူဖြစ်ဖြစ်၊ မလှသူဖြစ်ဖြစ် စိတ်အလှပိုင်ရှင်ဖြစ်အောင် ကြိုးစားသင့်ကြပါတယ်။

http://www.dhammadownload.com

# ဥတ္တရာရဲ့စိတ်ထား

"ငါ့ရဲ့သူငယ်ချင်းမက ငါ့အား ကျေးဇူးပြုထားတယ်၊ စကြဝဠာက အလွန်ကျဉ်းမြောင်းပါသေးတယ်။ ဗြဟ္မာ့ဘုံက အလွန်နိမ့်ကျပါသေးတယ်။ ငါ့သူငယ်ချင်းမရဲ့ဂုဏ်ကသာ ကြီးမားပါပေတယ်။ မှန်တယ်၊ ငါဟာ သူမကို အမှီပြုပြီး ဒါနပြုခွင့်၊ တရားနာခွင့်ကို ရခဲ့တယ်။ ငါဟာ သူမအပေါ် အမျက်ထွက်ခဲ့ရင် သူမ ခပ်ယူလာတဲ့ထောပတ်ဟာ ငါ့ကို ပူလောင်ပါစေ၊ ငါ့မှာ အမျက်မရှိခဲ့ရင် ငါ့ကို မလောင်ပါစေနဲ့"လို့ တွေးကာ သူမကို မေတ္တာနဲ့ ဖြန့်နေပါတယ်။ ဥတ္တရာရဲ့ဦးထိပ်ပေါ်မှာ သွန်လောင်းလိုက်တဲ့ ပူလောင်နေတဲ့ထောပတ်ဟာ ရေအေးလို ဖြစ်သွားပါတယ်။

သီရိမာဆိုတဲ့ ပြည့်တန်ဆာမက ဥတ္တရာရဲ့ဦးထိပ်ပေါ် လောင်းလိုက်တာ ဖြစ်ပါတယ်။ သီရိမာကို တစ်နေ့အတွက် တစ်ထောင်ကျပ်ပေးပြီး ၁၅ ရက် ဥတ္တရာရဲ့ ဘာသာခြားယောကျ်ားအတွက် ငှားထားတာဖြစ်ပါတယ်။ ဒါပေမဲ့ သီရိမာဟာ အငှားဖြစ်တဲ့ သူမရဲ့ဘဝကို မေ့သွားပြီး အိမ်ပိုင်ရှင်လို့ ထင်သွားပါတယ်။ တကယ့်အိမ်ပိုင်ရှင်ဖြစ်တဲ့

http://www.dhammadownload.com



ဥတ္တရာအပေါ် မနာလိုစိတ်ဖြစ်ပြီး ရန်ငြိုးဖွဲ့ကာ ဒုက္ခရောက်အောင်လုပ်မယ်ဆို တဲ့ ရည်ရွယ်ချက်နဲ့ အိမ်ပေါ်က ဆင်းလာခဲ့ပါတယ်။ မီးဖိုချောင်ထဲ ဝင်သွားပြီး မုန့်ကြော်တဲ့နေရာက အလွန်ပူလောင်နေတဲ့ထောပတ်ကို ဇွန်းနဲ့ ခပ်ယူကာ ဥတ္တရာအပေါ် လောင်းလိုက်ပါတယ်။

ဘာသာခြားခင်ပွန်းရဲ့ အိမ်ကို ရောက်ကတည်းက ရဟန်းတွေကို ဖူးမြော်ခြင်း စတဲ့ ကောင်းမှုတွေထဲက ကောင်းမှုတစ်ခုကိုတောင် လုပ်ဆောင်ခွင့် ဥတ္တရာမှာ မရပါ။ ဒါနပြု တရားနာလိုတဲ့အတွက် သီရိမာကို အခကြေးငွေပေးကာ ငှားထားတာ ဖြစ်ပါတယ်။ ဥတ္တရာဟာ သောတာပန် ဖြစ်လို့ ဘုရားအမှူးရှိတဲ့ သံဃာတွေကို ဒါနပြုခွင့်ရတဲ့ အပြင် တရားလည်း နာခွင့်ရနေတာကို အပျော်ကြီးပျော်နေပါတယ်။

**(ဓမ္မပဒ၊ ၄၊ ဒု၊ ၂၀၁)**

ဥတ္တရာရဲ့ ကျေးဇူးသိစိတ်ထားနဲ့ မေတ္တာစိတ်ထားဟာ ထူးခြားလှပါပေတယ်။ ဘုရားရှင်က ဥတ္တရာရဲ့စိတ်ထားကို သိသွားတဲ့အခါ "သာဓု သာဓု"လို့ မိန့်တော်မူပါတယ်။ ဒေါသထွက်လာသူကို ဒေါသမထွက်ခြင်းနဲ့ အနိုင်ယူရတယ်လို့လည်း မိန့်တော်မူပါတယ်။ ဒေါသထွက်သူကို ဥတ္တရာလို ဒေါသမထွက်တဲ့နည်းနဲ့ အနိုင်ယူနိုင်အောင် ကြိုးစားသင့်ကြပါတယ်။ အနိုင်ယူနိုင်ရင် ကောင်းကျိုးအထွေထွေ ရရှိလာတာကို ကိုယ်တွေ့သိလာပါလိမ့်မယ်။

http://www.dhammadownload.com

# မလ္လိကာရဲ့စိတ်ထား

"အပြစ်မရှိတဲ့ သင်တို့ရဲ့ခင်ပွန်းတွေဟာ မိမိတို့ ရှေးကံရဲ့အကျိုးကို ရရှိသွားကြတယ်။ သင်တို့ ဝမ်းမနည်းကြနဲ့၊ မငိုကြွေးကြနဲ့၊ ကောသလမင်းပေါ် မှာ ဒေါသမထားကြနဲ့"

ဒီဩဝါဒစကားကို ပြောကြားနေသူရဲ့ ခင်ပွန်းနဲ့သား ၃၂ ယောက်ရဲ့ ဦးခေါင်းတွေကို ဖြတ်သတ်ခံထားရပါတယ်။ သူ့ရဲ့ချွေးမ ၃၂ယောက်အား အထက်ပါဩဝါဒစကားကို ပြောကြားနေတာ ဖြစ်ပါတယ်။ သတ်ခံကြရတဲ့နေ့မှာပဲ အဲဒီဩဝါဒစကားကို ပြောကြားတာ ဖြစ်ပါတယ်။ ကောသလရဲ့စီမံချက်အရ သူ့သားတွေနဲ့ သူ့ခင်ပွန်းဟာ သေကြရတာ ဖြစ်ပါတယ်။ ကောသလမင်းဟာ သူ့ရာဇပလ္လင်ကို လုလိမ့်မယ်လို့ အထင်မှားပြီး တစ်ဖက်လှည့်နဲ့သုတ်သင်ခိုင်းတာ ဖြစ်ပါတယ်။ အသတ်ခံရသူတွေက ကောသလမင်းရဲ့စစ်သူကြီးဗန္ဓုလနဲ့ သားတွေပဲ ဖြစ်ပါတယ်။ ဗန္ဓုလရဲ့ဇနီး မလ္လိကာဟာ သာမန်အမျိုးသမီးသာ ဖြစ်ခဲ့ရင် ချုံးပွဲချပြီး ငိုကြွေးမိပါလိမ့်မယ်။

အဲဒီနေ့က မလ္လိကာက ရဟန်းငါးရာနဲ့အတူ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်တို့ကို ဆွမ်းကပ်ဖို့ ပင့်ထားပါတယ်။ အဲဒီနေ့ နံနက်မှာပဲ "ခင်ပွန်းဗန္ဓုလနဲ့ သား ၃၂ ယောက်လုံးရဲ့ဦးခေါင်းကို ဖြတ်သတ်ခံရတယ်"လို့ ရေးပို့တဲ့စာကို ယူဆောင်ကာ မလ္လိကာအား လာပေးကြပါတယ်။ မလ္လိကာဟာ အဲဒီအခြေအနေကို သိပြီး ဘယ်သူ့အား ဘာကိုမှ မပြောဘဲ ရင်ခွင်ထဲမှာ စာကိုထားကာ ရဟန်းအပေါင်းကိုပဲ ဆွမ်းပြုစု

http://www.dhammadownload.com



လုပ်ကျွေးနေပါတယ်။ အဲဒီအခါ မလ္လိကာရဲ့ အလုပ်အကျွေးမိန်းမတွေ က ရဟန်းတွေအား ဆွမ်းလှူဒါန်းပြီး ထောပတ်အိုးကို သယ်ဆောင်လာကြတုန်း မထေရ်တွေရဲ့ရှေ့မှာ ထောပတ်အိုး ကွဲသွားပါတယ်။

အရှင်သာရိပုတ္တရာက "ကွဲတတ်တဲ့သဘောရှိတဲ့ဟာ ကွဲတာပဲ၊ တွေးမပူနဲ့"လို့ ပြောပါတယ်။ မလ္လိကာက ရင်ခွင်ထဲကစာကို ထုတ်ဆောင်ပြီး "သား ၃၂ ယောက်နဲ့ ခင်ပွန်းရဲ့ဦးခေါင်းတွေကို ဖြတ်ခံရကြောင်း ရေးပို့တဲ့ဒီစာကို တပည့်တော်ထံ လာပေးကြပါတယ်။ တပည့်တော်ဟာ အဲဒီသတင်းကြားရလို့လည်း စိတ်မပူပါ။ ထောပတ်အိုး ကွဲတာလောက်နဲ့ ဘာပူစရာရှိမှာလဲ ဘုရား"လို့ လျှောက်ထားပါတယ်။ အရှင်သာရိပုတ္တရာက တရားဟောပြီး ကျောင်းကိုပြန်ကြွသွားပါတယ်။

**(ဓမ္မပဒ၊ ၌၊ ပ၊ ၂၂၄)**

မလ္လိကာဟာ စိတ်ထားမတတ်ရင် ကောသလမင်းအပေါ် ရန်ငြိုးထားပြီး ဒေါသတွေ ပွားနေနိုင်ပါတယ်။ သူ့ခင်ပွန်းနဲ့ သားတွေအပေါ် အချစ်ကြီးသလောက် ကောသလမင်းအပေါ် အမျက်မီးကလည်း ကြီးနိုင်ပါတယ်။ "ဘယ်သူမပြု မိမိမှု"လို့ နှလုံးသွင်းနိုင်မှုက မလ္လိကာရဲ့ ဒေါသမီး၊ သောကမီး၊ ပရိဒေဝမီးတွေကို ငြိမ်းသတ်ထားပါတယ်။ မလ္လိကာဟာ ဘယ်သူမပြု မိမိမှုလို့ နှလုံးသွင်းနိုင်တာကလည်း သူ့နှလုံးသားမှာ တရားအအေးဓာတ် မကိန်းဝပ်ရင် မဖြစ်ပေါ်လာနိုင်ရာပါ။ တရားအအေးဓာတ် အားကောင်းနေလို့သာ သူ့နှလုံးသားကို ဒေါသမီး၊ သောကမီး၊ ပရိဒေဝမီးတွေ မလောင်မြိုက်နိုင်တာ ဖြစ်ရာပါတယ်။ ဒေါသမီး၊ သောကမီး၊ ပရိဒေဝမီး လောင်စရာအခြေအနေတွေကို တွေ့ကြုံရင်ဆိုင်ရတဲ့အခါ မလ္လိကာကို အားကျသင့်ပါတယ်။ အတုယူသင့်ပါတယ်။

http://www.dhammadownload.com

# တစ္ဆေမရဲ့စိတ်ထား

"လောကမှာ ကိုယ့်လင်ကိုချစ်ပါတယ်။ ကိုယ့်သားသမီးကို ချစ်ပါတယ်။ အဲဒီသားသမီး လင်တို့ထက် နိဗ္ဗာန်တရားရှာမှီးရတာကို ငါဟာပိုပြီးချစ်ပါတယ်။"

"အကြောင်းကတော့ သား သမီး၊ ခင်ပွန်းတွေက အို နာ သေစတဲ့ သံသရာဆင်းရဲတွေက မလွတ်မြောက်စေနိုင်ဘဲ သူတော်ကောင်းတရား နာကြားရတာကသာ သံသရာဆင်းရဲက လွတ်မြောက်စေနိုင်လို့ပါပဲ။"

**(သဂါထာဝဂ္ဂသံယုတ်ပါဠိ၊ ၇၊ ပုနဗ္ဗသုသုတ်၊ ၂၁၂)**

စားစရာလည်းမရှိ ဝတ်စရာလည်း မပြည့်စုံ၊ နေစရာအိမ်လည်း မရှိဘဲ အလွန်ဆင်းရဲရှာတဲ့ တစ္ဆေမတစ်ယောက်ဟာ ဥတ္တရာဆိုတဲ့ သမီးငယ်လေးကို ရင်ခွင်မှာ ပွေ့ချီပြီး ပုနဗ္ဗသုဆိုတဲ့ သားငယ်ကိုလက်ဆွဲကာ ဇေတဝန်ကျောင်း နောက်ဖေးတံတိုင်းအနီးမှာ ကျင်ကြီး၊ ကျင်ငယ်၊ တံတွေး၊ နှပ်ကို စားသောက်ဖို့ရှာရင်း ဇေတဝန်ကျောင်းတံခါးပေါက်ဝ ရောက်လာပါသတဲ့။

ဘုရားရှင်ရဲ့ တရားအသံဟာ တစ်ဆက်တည်း တည်နေတဲ့ ပရိသတ်ရဲ့ အပြင်ဘက်ကို ထွက်ရိုးထုံးစံမရှိတာမို့ တရားနာနေတဲ့ ဘုရားရှင်ရဲ့အသံကို တစ္ဆေမဟာ မကြားရပါဘူး။ တံခါးဝကနေပြီး ကြည့်လိုက်တော့ တရားနာနေတဲ့ ပရိသတ်တွေ ငြိမ်ပြီး နာနေတာကိုတော့

http://www.dhammadownload.com



တွေ့ရပါတယ်။ တစ်စုံတစ်ခု ပစ္စည်းဝေငှနေတယ်လို့ ထင်ပါတယ်။ ပစ္စည်းဝေငှရာက ဖိတ်လျှံကျတဲ့ ထောပတ်၊ ဆီ၊ ပျားရည်၊ တင်လဲတို့ စားစရာတစ်ခုခုတော့ ရလိမ့်မယ်လို့ မျှော်လင့်ပြီး ကျောင်းဝင်းထဲဝင် သွားပါတယ်။

ပရိသတ်အစွန်းနားရောက်လို့ ဆက်စပ်မိတဲ့ အခါကျတော့ ဘုရားရှင်ဟောတဲ့ တရားသံကိုကြားရတယ်။ ဘုရားရှင် အသံတော်က လည်း အလွန်ကောင်းတဲ့အသံဖြစ်လို့ အရေ၊ အသား၊ အကြော၊ အရိုး တွေကို ဖောက်ထွင်းပြီး ခြင်ဆီကို ဆိုက်ကာတည်ပါသတဲ့။ တရားသံ လည်းဖြစ်နေလို့ ငြိမ်ပြီးရပ်တန့်ကာ ရိုရိုသေသေနဲ့ တရားနာနေပါ တယ်။ အဲဒီအခါ သူ့ကလေးတွေက "အမေ ကျွန်တော် ကျွန်မတို့ ဗိုက် ဆာလှပြီ၊ စားစရာရှာပေးပါဦး၊ အမေက ဘာဖြစ်လို့ သစ်ငုတ်ကြီးလို ရပ်တည်နေရတာလဲ"စသည်နဲ့ ဆူပူကြပါသတဲ့။

အဲဒီအခါ မိခင်တစ္ဆေမကြီးက ဒီလိုတောင်းပန်ရှာပါသတဲ့။

"ချစ်သမီးဥတ္တရာနဲ့ ချစ်သားပုနဗ္ဗသုရေ၊ အမေ ဘုရားတရားကို နာယူနေတုန်း သားတို့ သမီးတို့ တိတ်တိတ်နေကြပါကွယ်။ ဘုရားရှင် က ဆင်းရဲနှောင်ကြိုးအားလုံးကို ပြေစေနိုင်တဲ့ နိဗ္ဗာန်တရားကို ဟော နေပါတယ်။ အဲဒီနိဗ္ဗာန်တရားကို အမေက အလွန်ပဲ လိုလား နှစ်သက် နေပါတယ်။"

ဆင်းရဲငြိမ်းတဲ့နိဗ္ဗာန်ဟာ ဆင်းရဲနဲ့ ရင်ဆိုင်နေရတဲ့ တစ္ဆေမ အတွက် အဖိုးတန်ကြောင်း ပိုပြီးထင်ရှားပါတယ်။ အဲဒီတရားကို နာ နေရင်း ရှုမှတ်နှလုံးသွင်းပြီး အမေတစ္ဆေမဟာ သား ပုနဗ္ဗသုနဲ့အတူ သောတာပန် ဖြစ်သွားပါတယ်။ သောတာပန်ဖြစ်တာနဲ့ တစ်ပြိုင်နက် တစ္ဆေဘဝက အခြေအနေတွေ အကုန်ပြောင်းလဲပြီး နတ်ကောင်းနတ် မြတ်အခြေအနေမျိုးနဲ့ ပြည့်စုံသွားပါတယ်။ ရုပ်အဆင်းတွေလည်း လှပ တင့်တယ်ပြီး အဝတ်အဆင်တန်ဆာတွေလည်း ပြည့်စုံသွားပါတယ်။

http://www.dhammadownload.com



နတ်ဩဇာ အစားကောင်းတွေကိုလည်း ရသွားကြပါတယ်။ သမီးငယ် ဥတ္တရာလည်း အမေရဲ့ကံကြောင့် နတ်ကောင်းအနေ အသုံးအဆောင်မျိုးကို ရသွားပါတယ်။

သား၊ သမီး၊ ခင်ပွန်းထက် တရားကိုပိုချစ်တဲ့ တဈွေမရဲ့စိတ်ထားဟာ ဘယ်လောက်ထူးခြားသလဲ၊ တရားကိုချစ်လို့ ဘဝအဆင့်မြင့်ခဲ့ရတာလည်း မှတ်သားစရာပါပဲ။ တရားကို ချစ်နိုင်လေလေ ဘဝအဆင့်မြင့်လာလေလေပါပဲ။ တဈွေမလို တရားအချစ် အားကောင်းအောင်ကြိုးစားသင့်ကြပါတယ်။

http://www.dhammadownload.com

# ကျေးမင်းရဲ့စိတ်ထား

"ငါဟာ သင့်ရဲ့သလေးစပါးကို ဆောင်ယူသွားပြီး ကြွေးဟောင်းကို ဆပ်ပါတယ်။ ကြွေးသစ်ကို ပေးပါတယ်။ လက်ပံပင်တောမှာ ဘဝသံသရာမှာပါမယ့် ရွှေအိုးတစ်အိုးကိုလည်း မြှုပ်နှံပါတယ်။"

ဘုရားလောင်း ကျေးမင်းဟာ သလေးစပါးခင်းထဲမှာ ကျော့ကွင်း မိပါတယ်။ လယ်စောင့်သမားက ဘုရားလောင်းကျေးမင်းရဲ့ အော်သံနဲ့ ကျန်တဲ့ကျေးငှက်တွေ ကောင်းကင်မှာ ပျံသွားသံကို ကြားရလို့ "ဘယ်လိုလဲ"လို့ သိလိုလို့ လယ်စောင့်တဲက ဆင်းပြီး ကျော့ကွင်းရှိရာကို သွားကာ ကျေးမင်းကို မြင်လို့ ကျေးမင်းကျော့ကွင်းမှာ မိနေတာကို သိရတဲ့အတွက် ဝမ်းသာသွားပါတယ်။ ကျေးမင်းကို ကျော့ကွင်းက လွှတ်ပေးလိုက်ပါတယ်။ ခြေထောက်နှစ်ချောင်းကို တစ်ပေါင်းတည်း ချည်ပြီး မြဲမြံစွာ ကိုင်ယူကာ သာလိဒ္ဒိယရွာကို သွားပြီး ကျေးမင်းကို ကောသိယအနွယ်ရှိ လယ်ပိုင်ရှင်ပုဏ္ဏားအား ပေးပါတယ်။ ပုဏ္ဏားက ချစ်ခင်မှုများစွာနဲ့ ဘုရားလောင်းကျေးမင်းကို လက်နှစ်ဖက်နဲ့ မြဲမြံကိုင်ပြီး ရင်ခွင်မှာ ထိုင်စေကာ

"ကျေးမင်း၊ သင့်ရဲ့ဝမ်းဗိုက်က အခြားကျေးငှက်တွေရဲ့ဝမ်းဗိုက်လိုပဲ မဟုတ်လား၊ သင့်ရဲ့ဝမ်းဗိုက်က ပိုကြီးသလား၊ သလေးစပါးကို

http://www.dhammadownload.com



အလိုရှိသလောက် နှုတ်သီးနဲ့ချီပြီး သွားတဲ့သင်ဟာ စပါးကျီကို ပြည့်အောင်လုပ်တာလား၊ သင်နဲ့ငါဟာ ရန်ငြိုးရှိလို့လား၊ သလေးစပါးကို ဘယ်နေရာမှာ သိမ်းထားသလဲ၊ ငါ့ကိုပြောပြစမ်းပါ" လို့ ပြောပါတယ်။

အဲဒီအခါ ကျေးမင်းက သူ့မှာ သင်ပုဏ္ဏားရဲ့ ရန်ငြိုးမရှိကြောင်းနဲ့ စပါးကျီမရှိကြောင်းကို ပြောပြီးအထက်မှာ ဖော်ပြခဲ့တဲ့စကားကို ပြောပါတယ်။ ပုဏ္ဏားက ကျေးမင်းကို အဲဒီစကားရဲ့အဓိပ္ပာယ်ကိုမေးလို့ ကျေးမင်းက ဒီလိုရှင်းပြပါတယ်။

"ပုဏ္ဏား၊ ငါ့မှာ အတောင်မပေါက်သေးတဲ့ သားငယ်၊ သမီးငယ်လေးတွေ ရှိပါတယ်။ ငါကျွေးမွေး ပြုစုစောင့်ရှောက်ထားတဲ့ သူတို့က ငါ့ကိုပြန်ပြီး ကျွေးမွေး၊ ပြုစုစောင့်ရှောက်ကြပါလိမ့်မယ်။ ဒါကြောင့် ငါဟာ သူတို့အား ကြွေးသစ်ကို ပေးပါတယ်။"

"ငါ့မှာ မိအိုဖအိုတွေလည်း ရှိပါတယ်။ သူတို့အတွက် နှုတ်သီးနဲ့ ချီသွားပြီး သူတို့အား ကျေးဇူးကြွေးဟောင်းကို ဆပ်ပေးပါတယ်။"

"အဲဒီလက်ပံပင်မှာ တောင်ပံကျိုးတဲ့ အခြားငှက်တွေ အလွန်အားနည်းနေတဲ့ငှက်တွေ ရှိပါသေးတယ်။ သူတို့အား ကုသိုလ်ပြုလိုလို့ ချီပေးသွားပါတယ်။ အဲဒီအလှူကို ပညာရှိတွေက ရွှေအိုးလို့ ဆိုကြပါတယ်။"

ပုဏ္ဏားက ဘုရားလောင်းကျေးမင်းရဲ့ တရားစကားကို ကြားရတဲ့အခါ ကြည်ညိုစိတ်ဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုပြောပါတယ်။

"အသင်ကျေးမင်းဟာ ကောင်းမြတ်လှပါပေတယ်။ အလွန်ပဲ တရားရှိပါပေတယ်။ အချို့လူတွေမှာ ဒီလိုတရားမရှိပါ။ သလေးစပါးကို ကျေးငှက်တွေနဲ့တကွ အလိုရှိသလိုစားပါ၊ နောင်လည်း ထပ်တွေ့လိုပါတယ်။ သင်ကျေးမင်းကို မြင်ရတာ ချစ်ခင်စရာ ဖြစ်ပါတယ်။"

**(ဇာတက၊ ၄၊ စတုတ္ထ၊ သာလိကေဒါရဇာတ်၊ ၂၇၉)**

http://www.dhammadownload.com



ဘုရားလောင်းကျေးမင်းရဲ့စိတ်ထားဟာ ကြည်ညိုလေးစားစရာကောင်းပါပေတယ်။ လူသာမန်တွေ ဒီလိုစိတ်ထား မထားရှိနိုင်ကြပါ။ မိဘကျေးဇူး မသိသူတွေ၊ သားသမီးကို မစောင့်ရှောက်သူတွေ၊ ဒုက္ခရောက်နေတဲ့ ပတ်ဝန်းကျင်ကို ကယ်တင်လိုစိတ် မရှိသူတွေအဖို့ ကျေးမင်းရဲ့စိတ်ထားဟာ အလွန်ပဲ အတုယူစရာ ကောင်းလှပါတယ်။ ကျေးမင်းဟာ တိရစ္ဆာန်ဖြစ်လို့ ဘဝအနေနဲ့ နိမ့်ကျပေမယ့် စိတ်ထားကတော့ အလွန်ပဲ မြင့်မားလှပါပေတယ်။

ကျေးဇူးသိစိတ်ထား၊ တာဝန်သိစိတ်ထား၊ ကယ်တင်လိုတဲ့စိတ်ထားတွေဟာ လူသားလောကကြီးထဲမှာ များပြားလာရင် လူသားတွေရဲ့ဘဝဟာ ပျော်ရွှင်ကြည်နူးစရာဘဝ ဖြစ်လာပါလိမ့်မယ်။ အဲဒီစိတ်ထားတွေ လူလောကကြီးမှာ ဆိတ်သုဉ်းမသွားဖို့ ခေါင်းပါးမသွားဖို့ လိုအပ်လှပါတယ်။

http://www.dhammadownload.com

# သူလောက်နိုးနိုး

ခင်ပွန်းသည်ဖြစ်တဲ့ ဘာရဒွါဇပုဏ္ဏားက အယူမှားရှိသူ ဖြစ်တယ်။ သူက“ဘုရား၊ တရား၊ သံဃာ”လို့ ပြောလိုက်ရင် နားတွေကိုပိတ်ထားတယ်။ ခက်ထန်တယ်၊ ရှားငုတ်နဲ့ တူတယ်။ ဇနီးသည် ဓနဉ္စာနီပုဏ္ဏေးမကတော့ သောတာပန် အရိယာပုဂ္ဂိုလ် ဖြစ်တယ်။ ပုဏ္ဏေးမက ဘုရား၊ တရား၊ သံဃာကို အလွန်ကြည်ညိုတယ်။ ပုဏ္ဏားက အလှူပေးတဲ့အခါ ပုဏ္ဏား ၅၀၀တို့အား ရေမပါတဲ့ ဃနာနို့ထမင်းကိုလှူတယ်။ ပုဏ္ဏေးမက ဘုရားအမှူးရှိတဲ့ သံဃာအား အရသာအမျိုးမျိုးရှိတဲ့ စားဖွယ်ကိုလှူတယ်။ ပုဏ္ဏားအလှူ လှူတဲ့နေ့မှာ ပုဏ္ဏားရဲ့အလိုကို လိုက်လိုတာရယ်နဲ့ နှမြောမှုကင်းနေတာရယ်ကြောင့် ကိုယ်တိုင် ပြုစု လုပ်ကျွေးတယ်။ ပုဏ္ဏေးမ အလှူလှူတဲ့နေ့မှာတော့ ပုဏ္ဏားက နံနက်စောစောပဲ အိမ်ကထွက်ပြီး ပြေးတယ်။

တစ်နေ့မှာ ပုဏ္ဏားက ပုဏ္ဏေးမနဲ့ မတိုင်ပင်ဘဲ ပုဏ္ဏား ၅၀၀တို့ကို ဖိတ်ပြီးမှ ပုဏ္ဏေးမကို “ရှင်မရေ၊ နက်ဖြန်ခါငါတို့အိမ်မှာ ပုဏ္ဏား ၅၀၀ ထမင်းစားကြလိမ့်မယ်”လို့ ပြောတယ်။

“ကျွန်မက ဘာလုပ်ရမှာလဲ”

“ရှင်မက အခြား ဘာမှ လုပ်စရာမလိုပါဘူး။ ချက်တာ၊ ပြုစုလုပ်ကျွေးတာအားလုံးကို အခြားလူတွေ လုပ်ကြလိမ့်မယ်။ ရှင်မက ရပ်ရင်းဖြစ်ဖြစ်၊ ထိုင်ရင်းဖြစ်ဖြစ်၊ ချေပြီးရင်ဖြစ်ဖြစ်၊ ချောင်းဆိုးရင်ဖြစ်ဖြစ်

http://www.dhammadownload.com



"နမော ဗုဒ္ဓဿ၊ ဘုရားရှင်အား ရှိခိုးပါ၏"လို့ ဆိုဆိုပြီး ဦးပြည်း(ကတုံး) ရဟန်းကို ရှိခိုး ရှိခိုးနေတာပဲ။ နက်ဖြန်တစ်ရက်လေးတော့ အဲဒါကို မလုပ်ပါနဲ့။ အကြောင်းက ပုဏ္ဏားတွေက အဲဒီစကားကိုကြားရင် စိတ်မကောင်းဖြစ်ကြလို့ပါ။ ငါ့ကို ပုဏ္ဏားတွေနဲ့ စိတ်ဝမ်းကွဲအောင် မလုပ်ပါနဲ့"

"အို ရှင်ဟာ ပုဏ္ဏားတွေနဲ့ ကွဲကွဲ၊ နတ်တွေနဲ့ ကွဲကွဲ၊ ကျွန်မက ဘုရားရှင်ကို သတိရရင်တော့ ရှိမခိုးဘဲ မနေနိုင်ဘူး"

"ရှင်မရေ အိမ်ခြေ ၁၀၀ ရှိတဲ့ရွာမှာ ရွာတံခါးကိုတောင် ပိတ်ဖို့ကြိုးစားကြတာပဲ။ ပုဏ္ဏားတွေ စားနေချိန်လေးမှာ လက်နှစ်ချောင်းတို့နဲ့ ပိတ်ရမယ့်ပါးစပ်ကို ရှင်မက မပိတ်နိုင်ဘူးလား"

အဲဒီလို အထပ်ထပ်ပြောပေမယ့်လည်း မတားမြစ်နိုင်လို့ ခေါင်းရင်းမှာထားတဲ့ သန်လျက်ဓားလွယ်ကို ကိုင်ကာ "ဟေ့ ရှင်မ၊ နက်ဖြန်ခါ ပုဏ္ဏားတွေ စားပွဲထိုင်နေတုန်း အဲဒီဦးပြည်းရဟန်းတွေကို ရှိခိုးနေရင် နင့်ကိုယ်ကို ဒီဓားနဲ့ ခြေဖျားကစပြီး ဆံဖျားတိုင်အောင် မျှစ်လို ပင်အပိုင်းပိုင်းဖြစ်အောင် ခုတ်ဖြတ်ပြီး စုပုံထားမယ်"လို့ ပြောတယ်။ ပုဏ္ဏေးမက သောတာပန်ဆိုတော့ မြေကြီးလိုပါပဲ၊ မတုန်လှုပ်ပါဘူး။ မြင်းမိုရ်တောင်လိုပါပဲ၊ လှိမ့်လို့မရပါဘူး။ "အိုပုဏ္ဏား၊ ငါ့ရဲ့အင်္ဂါကြီးငယ်တွေကို အလိုရှိတိုင်း ခုတ်ဖြတ်ပါ။ ငါဟာ ဘုရားအဆုံးအမသာသနာမှ မရှောင်ကြဉ်နိုင်ပါ" စသည်ဖြင့် ဂါထာပေါင်း ၅၀၀ နဲ့ ရဲရဲတောက်စကား တွေကို ပြောဆိုပါတယ်။

ပုဏ္ဏားက ပုဏ္ဏေးမကို သုံးသပ်ဖို့၊ ရိုက်ဖို့ မစွမ်းနိုင်လို့ "ရှင်မ၊ မင်းလုပ်လိုတာကို လုပ်ပါတော့"လို့ ပြောကာ ဓားကို အိပ်ရာပေါ် ပစ်ချလိုက်တယ်။ နောက်တစ်နေ့မှာ အိမ်ကို နွားချေးအစိုနဲ့ လိမ်းကျံခိုင်းပြီး ပေါက်ပေါက်၊ ရေပြည့်အိုး၊ ပန်း၊ နံ့သာ စသည်တွေနဲ့ နေရာအနှံ့အပြားမှာ တန်ဆာဆင်စေကာ ပုဏ္ဏား ၅၀၀ အတွက် ထောပတ်အသစ်၊

http://www.dhammadownload.com



သကြားအသစ်၊ ပျားရည်အသစ် ထည့်ထားတဲ့ ရေမပါတဲ့ယနာနို့ထမင်းကို စီမံခိုင်းပြီး ထမင်းစားဖို့ အချိန်ရောက်ကြောင်း ပြောခိုင်းတယ်။

ပုဏ္ဏေးမကလည်း နံနက်စောစောပဲ နံ့သာရည်နဲ့ ကိုယ်တိုင်ရေချိုးပြီး တစ်ထောင်တန် အဝတ်သစ်ကိုဝတ်ကာ ငါးရာတန်အဝတ်ကို ပခုံးတင်အဝတ်လုပ်ပြီး အဆင်တန်ဆာအားလုံး ဝတ်ဆင်ထားတယ်။ ရွှေဇွန်းကိုကိုင်ကာ ထမင်းကျွေးရာနေရာမှာ ပုဏ္ဏားတွေကို ပြုစုလုပ်ကျွေးတယ်။ အဲဒီပုဏ္ဏားတွေနဲ့အတူ နေရာအစွန်မှာ ထိုင်နေတဲ့ ဘာရဒွါဇပုဏ္ဏားအတွက် ထမင်းသယ်လာရင်း အထားနေရာမကျတဲ့ သစ်သားပေါ်မှာ ပုဏ္ဏေးမက ချော်လဲသွားတယ်။ ချော်လဲရာမှာ ထိခိုက်လို့ ဒုက္ခဝေဒနာ ဖြစ်တယ်။ အဲဒီအခါ ဘုရားရှင်ကို သတိရလာတယ်။ သတိနဲ့ပြည့်စုံလို့ ယနာနို့ထမင်းခွက်ကို မစွန့်လွှတ်လိုက်ဘဲ ဖြည်းဖြည်းချကာ မြေကြီးပေါ် ကောင်းကောင်းထားလိုက်တယ်။ ပုဏ္ဏား ၅၀၀ ရဲ့အလယ်မှာ ဦးခေါင်းပေါ် လက်အုပ်တင်ပြီး ဘုရားရှင်ရှိရာ ဝေဠုဝန်ကျောင်းဆီကို လက်အုပ်ချီကာ "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"လို့ သုံးကြိမ်ရွတ်ဆိုကန်တော့မိ  ယ်။

**(သံ၊ ၁၊ ပ၊ ၂၀၅)**

ဓနဉ္စာနီပုဏ္ဏေးမရဲ့ ဘုရားရှင်ကို အမှတ်ရပုံ၊ ရှိခိုးပုံတွေဟာ ထူးခြားပါပေတယ်။ ရပ်ရင်လည်း ရှိခိုးတယ်။ ထိုင်ရင်လည်း ရှိခိုးတယ်။ ချော်ပြီးလည်း ရှိခိုးတယ်။ ချောင်းဆိုးပြီးလည်း ရှိခိုးတယ်။ ဒဏ်ရာအနာတရ ဖြစ်တဲ့အခါမှာလည်း ရှိခိုးတယ်။ ဗုဒ္ဓသာသနာဝင် ရဟန်းရှင်လူတွေဟာ ဓနဉ္စာနီလောက် ဘုရားရှင်ကို သတိမရရင်တောင် သူ့လောက်နီးနီး သတိရနိုင်ကြရင် ကောင်းကျိုးတွေဝေဆာမှာ မလွဲပါပဲ။ ဓနဉ္စာနီပုဏ္ဏေးမ ရှိခိုးတဲ့ ဘုရားရှိခိုးဟာ ဗုဒ္ဓသာသနာဝင်တွေနဲ့ အလွန်ရင်းနှီးပြီးသား ဘုရားရှိခိုး ဖြစ်ပါတယ်။ ပါဠိလိုသာ နှုတ်တက်နေကြပေမယ့် မြန်မာလိုအဓိပ္ပာယ်သိသူက နည်းနေကြပါသေးတယ်။

http://www.dhammadownload.com



"ဘုရားရှင်ဟာ စိတ်အညစ်အကြေးတွေမှ ဝါသနာပါမကျန်ဘဲ ဝေးကွာပါတယ်။ သိစရာမှန်သမျှ တရားအားလုံးကို အမှန်အတိုင်းသိတယ်။ (လွဲမှားစွာ သိတာမရှိ) ကိုယ်တိုင်သိတယ်။ (ဆရာ့အကူအညီမပါ) ဣသရိယ စတဲ့ ဘုန်း ၆ ပါးနဲ့ ပြည့်စုံတယ်။ အဲဒီဘုရားရှင်ကို ရှိခိုးပါတယ်။"

အဲဒါဟာ နမောတဿ ဘုရားရှိခိုးပါဠိရဲ့ မြန်မာလိုအဓိပ္ပာယ် ဖြစ်ပါတယ်။ အဓိပ္ပာယ်ကိုသိပြီး လေးလေးနက်နက်ရှိခိုးမှ သဒ္ဓါဟာ ထက်သန်ပါတယ်။ သဒ္ဓါဟာ ဉာဏ်ပါမှ အကျိုးပေးသန်ပါတယ်။ ဉာဏ်ကင်းတဲ့သဒ္ဓါဟာ အကျိုးပေးအားပျော့ပါတယ်။

ဓားကိုင်ပြီး သတ်မယ်လို့ ခြိမ်းခြောက်တာတောင် ဓနဉ္စာနီက နည်းနည်းလေးမှ မတုန်လှုပ်ပါ။ ဘုရားကို ရှိမခိုးအောင် မတတ်နိုင်ပါ။ ဗုဒ္ဓသာသနာဝင် မြန်မာအမျိုးသမီးတွေဟာ ဓနဉ္စာနီလို ယုံကြည်မှုခိုင်မြဲကြရင် ဘယ်လောက်ကောင်းလိုက်လေမလဲ။ ဓနဉ္စာနီလို တရားအသိရှိရင် ဓနဉ္စာနီလို ယုံကြည်မှုခိုင်မြဲမှာပါပဲ။ ဗုဒ္ဓသာသနာဝင် မြန်မာအမျိုးသမီးတွေသာမက အမျိုးသားတွေပါ ဓနဉ္စာနီရဲ့ မြင့်မားလှတဲ့ သဒ္ဓါတရားကို အားကျသင့်ကြပါတယ်။

ဓနဉ္စာနီလို သဒ္ဓါတရား မြန်မာနိုင်ငံမှာ ပြန့်ပွားလာရင် မြန်မာနိုင်ငံမှာ ဗုဒ္ဓသာသနာအားကောင်းစွာ တည်ရှိနေပါလိမ့်မယ်။ ဓနဉ္စာနီရဲ့ သဒ္ဓါတရားလောက်နီးနီး သဒ္ဓါတရား ရှိနေသေးရင်လည်း တော်နေပါဦးမယ်။ မြန်မာနိုင်ငံမှာ သဒ္ဓါကွယ်ပျောက်ရင် ဗုဒ္ဓသာသနာ ကွယ်ပျောက်ပါမယ်။ သဒ္ဓါအားနည်းရင် သာသနာအားနည်းပါမယ်။

# ကံကောင်းသူ

'နက္ခတ်ကို မျှော်လင့်စောင့်ဆိုင်းနေတဲ့ လူမိုက်ကို ကောင်းကျိုးတွေက ကျော်လွန်သွားတယ်။ ကိုယ်ရှာဖွေနေတဲ့ ကောင်းကျိုးကသာ အကျိုးအတွက် နက္ခတ်မည်တယ်။ ကောင်းကင်က နက္ခတ်တာရာတွေက ဘာအကျိုးကို ပြီးစေနိုင်မှာလဲ။'

**(ဇာတက၊ ဧကက၊ ၅ အတ္ထကာမဝဂ္ဂ၊ ၉ နက္ခတ္တဇာတက)**

ဒီစကားကို မြတ်စွာဘုရားက အာဇီဝကတစ်ယောက်ကို အကြောင်းပြုပြီး ဟောတော်မူပါတယ်။ သာဝတ္ထိမြို့က အမျိုးသမီးတစ်ဦးကို ဇနပုဒ်က အမျိုးသားတစ်ဦးက သူ့သားအတွက် စကားကြောင်းလမ်းပြီး "ဘယ်နေ့မှာ လာခေါ်ပါ့မယ်" လို့ နေ့ကို သတ်မှတ်ပေးလိုက်ပါတယ်။ အဲဒီနေ့ရောက်တော့ သူ့အိမ်မှာ ကြွလာလေ့ရှိတဲ့ အာဇီဝကတက္ကတွန်းကို "အရှင်ဘုရား၊ ဒီနေ့ တပည့်တော်တို့ မင်္ဂလာတစ်ခုပြုကြပါမယ်။ နက္ခတ်ကောင်းပါသလား" လို့ မေးပါတယ်။ အဲဒီတက္ကတွန်းက "ဒီဒကာဟာ ငါ့ကိုအရင်မမေးဘဲနဲ့ နေ့သတ်မှတ်ပြီး အခုမှ ငါ့ကို လာမေးတယ်၊ ရှိပစေ၊ ငါပညာပြလိုက်မယ်" လို့ စိတ်ဆိုးကာ "ယနေ့ နက္ခတ်မကောင်းဘူး။ ဒီနေ့ မင်္ဂလာပွဲမလုပ်နဲ့။ လုပ်ရင် အကြီးအကျယ် ပျက်စီးလိမ့်မယ်" လို့ ပြောပါတယ်။

အဲဒီအိမ်ကလူတွေက အဲဒီတက္ကတွန်းကို ယုံကြည်ပြီး သတ်မှတ်ထားတဲ့နေ့မှာ မင်္ဂလာပွဲကို မသွားကြပါဘူး။ မြို့ကလူတွေက မင်္ဂလာ

http://www.dhammadownload.com



ကိစ္စအားလုံးကို ပြုလုပ်ပြီး သူတို့မလာတော့တာကို သိလို့ "သူတို့ပဲ ဒီနေ့ကို မင်္ဂလာပွဲနေ့အဖြစ် သတ်မှတ်ထားတယ်။ အခုတော့ သူတို့ မလာကြဘူး။ ငါတို့မှာလည်း ပျက်စီးမယ့်အလုပ်ကို အများကြီးလုပ်ထားတယ်။ သူတို့နဲ့ ဘာအကျိုးရှိမှာလဲ။ ငါတို့ရဲ့သမီးကို အခြားသူအား ပေးမယ်လို့ ဆုံးဖြတ်ကာ ပြင်ဆင်ထားတဲ့မင်္ဂလာပွဲနဲ့ အခြားသတို့သားနဲ့ ပေးစားလိုက်ပါတယ်။"

နောက်တစ်နေ့ အမျိုးသားဘက်ကလူတွေက လာပြီး "ငါတို့အား သတို့သမီးကို ပေးပါ" လို့ ပြောကြတယ်။ အဲဒီအခါမှာ အမျိုးသမီးဘက်ကလူတွေက "သင်တို့ဟာ ယုတ်မာတဲ့လူတွေ ဖြစ်လို့ နေ့ရက်သတ်မှတ်ပြီး အထင်သေးလို့ မလာကြဘူး။ လာလမ်းနဲ့ပဲ ပြန်ကြပေတော့၊ အခြားအမျိုးသားအား သမီးကိုပေးလိုက်ပြီ" လို့ ပြောကာ ဆဲဆိုကြပါတယ်။ နှစ်ဦးနှစ်ဖက် စကားများ အငြင်းပွားကြပါတယ်။ အမျိုးသမီးကို မရဘဲ အမျိုးသားဘက်က ဇနပုဒ်သားတွေဟာ လာလမ်းနဲ့ပဲ ပြန်သွားကြရပါတယ်။

အဲဒီ အာဇီဝကတက္ကတွန်းကြောင့် အဲဒီလူတွေရဲ့ မင်္ဂလာကိစ္စ ပျက်သွားရတဲ့အကြောင်းဟာ ရဟန်းတွေရဲ့အလယ်မှာ ထင်ရှားပါတယ်။ ရဟန်းတွေက တရားသဘင်မှာ အဲဒီမင်္ဂလာကိစ္စအကြောင်း ပြောကာ ထိုင်နေကြပါတယ်။ ဘုရားက "ဘာစကားတွေပြောပြီး ထိုင်နေကြတာလဲ" လို့ မေးလို့ အဲဒီအကြောင်းကို လျှောက်ထားပြကြပါတယ်။ "အခုမှသာ အာဇီဝက ကသာ မင်္ဂလာကိစ္စကို အန္တရာယ် ပြုခဲ့တာ မဟုတ်ဘူး။ ရှေးကလည်း လုပ်ခဲ့တယ်" လို့ မိန့်ကာ အလားတူ အတိတ်ဇာတ်ကြောင်းကို ပြောပြပါတယ်။ အတိတ်ဇာတ်ကြောင်းမှာ ဘုရားအလောင်းတော်ဖြစ်တဲ့ ပညာရှိမြို့သားက အထက်မှာ ဖော်ပြခဲ့တဲ့ စကားကို ပြောကြားပါတယ်။

http://www.dhammadownload.com



နက္ခတ်ကောင်း၊ အခါကောင်း၊ အချိန်ကောင်း၊ နေ့ရက်ကောင်းတွေကို ရွေးကြတဲ့ပုဂ္ဂိုလ်တွေအတွက် မှတ်သားလိုက်နာစရာ ဖြစ်ပါတယ်။ နက္ခတ်ကောင်း၊ အချိန်ကောင်း၊ နေ့ရက်ကောင်းက ကောင်းကျိုးကို ပေးနိုင်တာမဟုတ်ပါဘူး။ အလုပ်ကောင်း၊ အပြောကောင်း၊ အကြံကောင်း၊ စိတ်ထားကောင်းတွေရှိရင် နံနက်ရှိက အဲဒီနံနက်ဟာ ကောင်းတဲ့ နံနက်ခင်း၊ နေ့လယ်ရှိက အဲဒီနေ့လယ်ဟာ ကောင်းတဲ့ နေ့လယ်၊ ညနေရှိက အဲဒီညနေက ကောင်းတဲ့ညနေပါပဲ။

ကောင်းကျိုးတွေကို ကောင်းကင်က နက္ခတ်တွေက မပေးနိုင်တာကို လူတွေဟာ မသိဘဲ နားမလည်ဘဲ ဖြစ်နေကြပါတယ်။ ကိုယ့်ရဲ့ အလုပ်ကောင်း၊ အပြောကောင်း၊ အကြံကောင်း၊ စိတ်ထားကောင်းတွေကပဲ ကောင်းကျိုးတွေကို ပေးနိုင်တယ်ဆိုတာကိုလည်း နားမလည်ဘဲ ရှိနေကြပါသေးတယ်။ ကောင်းကျိုးတွေရဲ့အကြောင်းမှန်ကို မရှာကြံနိုင်၊ မသိရှိနိုင် ဖြစ်နေကြပါတယ်။ မသိနားမလည်သူတွေက နက္ခတ်ကောင်း၊ အချိန်အခါကောင်း၊ နေ့ရက်ကောင်းကို မရွေးချယ်နိုင်ကြပါဘူး။ အချိန်အခါ၊ နေ့ရက်၊ နက္ခတ်ကောင်းဖို့ဆိုတာ အလုပ်၊ အပြော၊ အကြံ၊ စိတ်ထားတွေ ကောင်းရပါတယ်။ ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့ ကံသုံးပါးမကောင်းရင် နက္ခတ်လည်း မကောင်း၊ အချိန်အခါနေ့ရက်လည်း မကောင်းပါဘူး။ ကောင်းကျိုးလည်း မရနိုင်ပါဘူး။ ကောင်းကျိုးကို လိုချင်ရင် ကံကောင်းဖို့ပဲ လိုပါတယ်။ ကံအကြောင်းကောင်းရင် ကောင်းကျိုးတွေကိုရဖို့ တောင့်တနေစရာတောင် မလိုပါဘူး။ သူ့အလိုလို ရောက်လာပါလိမ့်မယ်။ ကံကောင်းသူတွေဖြစ်အောင် ကြိုးစားဖို့ပဲ လိုပါတယ်။

http://www.dhammadownload.com

# ပေါင်သားကို လှီးဖြတ်၍

သုပ္ပိယာ ဥပါသိကာမဟာ ဗာရာဏသီပြည်မှာ မွေးဖွားတယ်။ ရဟန်းအပေါင်းခြံရံပြီး ဘုရားရှင် ဗာရာဏသီကို ကြွလာတဲ့အခါ ဘုရားရှင်ကို ပထမဖူးမြင်ရတဲ့အချိန်မှာပဲ တရားနာကာ သောတာပန်ဖြစ်သွားတယ်။ အဲဒီအခါ တစ်နေ့မှာ တရားနာဖို့ ကျောင်းကိုသွားတယ်။ ကျောင်းထဲလျှောက်သွားတယ်။ မကျန်းမာတဲ့ ရဟန်းတစ်ပါးကို တွေ့တယ်။ ရှိခိုးပြီး နှုတ်ဆက်စကားပြောတယ်။ "အရှင်ဘုရားမှာ ဘာကို ရဖို့သင့်ပါသလဲ"လို့ မေးလျှောက်တယ်။ "ဒကာမကြီး၊ အသားအရသာကို ရသင့်တယ်"လို့ ပြောတယ်။ "ရှိပါစေဘုရား၊ တပည့်တော်ပို့လိုက်ပါမယ်"လို့ လျှောက်ကာ ရဟန်းကိုရှိခိုးပြီး မြို့ထဲကို ပြန်သွားတယ်။ နောက်တစ်နေ့မှာ အလိုလိုဖြစ်တဲ့ အသားအလို့ငှာ ကျွန်မကို ဈေးထဲလွှတ်လိုက်တယ်။

ကျွန်မက တစ်မြို့လုံးမှာ အလိုလိုဖြစ်တဲ့အသားကို မရလို့ မရကြောင်း ပြောတယ်။ သုပ္ပိယာက "ငါဟာ အရှင်ဘုရားထံ အသားအရသာကို ပို့လိုက်မယ်လို့ပြောပြီး မပို့ရင် အရှင်မြတ်က အခြားနေရာကလည်းမရလို့ ပင်ပန်းလိမ့်မယ်။ တစ်ခုခုကိုလုပ်ပြီး ပို့ဖို့သင့်တယ်"လို့ တွေးပြီး တိုက်ခန်းထဲ ဝင်ကာ သူ့ပေါင်သားကို ဖြတ်လိုက်တယ်။ ဒီအသားကိုယူပြီး အဆာတွေနဲ့ရောစပ်ကာ အရသာရှိအောင် ပြုလုပ်ပြီး

http://www.dhammadownload.com



ကျောင်းကို ယူသွားကာ အရှင်မြတ်အား လှူလိုက်ပါ။ ငါ့ကို အဲဒီအရှင်မြတ်က မေးရင် နေမကောင်းဘူးလို့ လျှောက်လိုက်ပါ” လို့ ပြောပြီး ကျွန်မအား ပေးလိုက်တယ်။

ကျွန်မက ခိုင်းတဲ့အတိုင်းလုပ်တယ်။ ဘုရားရှင်ကအဲဒီအကြောင်းကိုသိလို့ နောက်တစ်နေ့ ဆွမ်းခံချိန်မှာ ရဟန်းအပေါင်းခြံရံပြီး သုပ္ပိယာရဲ့အိမ်ကို ကြွတယ်။ သုပ္ပိယာက ဘုရားရှင်ကြွလာကြောင်းကို ကြားရလို့ ခင်ပွန်းသည်ကို “အရှင့်သား၊ ကျွန်မဟာ ဘုရားရှင်ထံ မသွားနိုင်ပါ။ သင်သွားပါ၊ ဘုရားရှင်ကို အိမ်တွင်းမှာပင့်ပြီး ထိုင်ဖို့လျှောက်ပါ”လို့ ပြောလိုက်တယ်။ ခင်ပွန်းသည်က ခိုင်းတဲ့အတိုင်းလုပ်တယ်။ ဘုရားရှင်က “သုပ္ပိယာ ဘယ်မှာလဲ” လို့ မေးတယ်။ “မကျန်းမာပါဘုရား” လို့ လျှောက်ကြတယ်။ “သူ့ကိုခေါ်လိုက်ကြ” လို့ ဘုရားက မိန့်တယ်။

အဲဒီအခါ အဲဒီလူတွေက သွားပြီး “သင့်ကို ဘုရားရှင် ခေါ်နေတယ်”လို့ ပြောကြတယ်။ “တစ်လောကလုံးရဲ့ အကျိုးစီးပွားကို လိုလားတဲ့ ဘုရားရှင်က ဒီအကြောင်းကိုမမြင်ဘဲ ခေါ်ခိုင်းမှာ မဟုတ်ဘူး”လို့ တွေးကာ သုပ္ပိယာက မြန်မြန်အဆောတလျင် အိပ်ရာပေါ်က ထလိုက်တယ်။ အဲဒီအခါ သုပ္ပိယာရဲ့အနာဟာ ဘုရားရှင်ရဲ့အစွမ်း အာနုဘော်တော်ကြောင့် အဲဒီခဏမှာပဲ အသားနုတက်ကာ အရေပါ ကောင်းသွားတယ်။ အခြားနေရာတွေထက် ပိုပြီး အရေအဆင်း ကြည်လင်လာတယ်။ အဲဒီအခါ သုပ္ပိယာက ပြုံးပြီး ဘုရားရှင်ကို တည်ခြင်းငါးပါးနဲ့ ရှိခိုးကာ သင့်တော်ရာအရပ်မှာ ထိုင်နေတယ်။ ဘုရားရှင်က “ဒီသုပ္ပိယာမှာ မကျန်းမာတာ ရှိသလား”လို့ မေးတယ်။ သုပ္ပိယာက အကြောင်းစုံကို လျှောက်ထားပြတယ်။ သုပ္ပိယာကို မကျန်းမာသူကို ပြုစုသူတွေထဲမှာ အသာလွန်ဆုံးပုဂ္ဂိုလ်အဖြစ် ထားရှိလိုက်ပါတယ်။

**(အံ၊ ဋ္ဌ၊ ပ၊ ၃၄၈)**

http://www.dhammadownload.com



သူ့ပေါင်သားကို ဖြတ်ပြီး လှူဒါန်းနိုင်တဲ့ သုပ္ပိယာရဲ့သဒ္ဓါတရား သတ္တိတွေဟာ ထူးခြားလှပါပေတယ်။ ကိုယ့်ရဲ့အင်္ဂါကြီးငယ်ကို လှူဒါန်းနိုင်ရင် ဒါနဥပပါရမီ ဖြစ်တယ်ဆိုတဲ့စကားအရ သုပ္ပိယာမှာ ဒါနဥပပါရမီ ဖြစ်နေပါတယ်။ ဘုရားရှင်ကို တွေ့လိုက်ရတာနဲ့ ဘုရားရှင်ရဲ့ အစွမ်းအာနုဘော်တော်ကြောင့် သုပ္ပိယာရဲ့ပေါင်က အနာကောင်းသွားတာဟာ အံ့သြစရာပါပဲ။ သုပ္ပိယာလို သဒ္ဓါနဲ့သတ္တိကတော့ ရှားပါးလှပါတယ်။ သုပ္ပိယာဟာ ဧတဒဂ်(အသာဆုံး) ပုဂ္ဂိုလ် ဖြစ်သင့်လို့ ဖြစ်တာပါပဲ။ ဘုရားရှင်သာသနာမှာ သူ့လိုသံဃာအား ပြုစုမှုတော်သူဟာ သူတစ်ယောက်တည်းပဲ ရှိပါတယ်။

သုပ္ပိယာဟာ ပဒုမုတ္တရဘုရားရှင်လက်ထက်က ဟံသာဝတီမြို့က အမျိုးသမီးတစ်ဦး ဖြစ်ခဲ့ပါတယ်။ နောင်အခါ ပဒုမုတ္တရဘုရားရှင်ရဲ့ တရားကို နာကြားရင်း မကျန်းမာသူအား ပြုစုသူတွေထဲမှာ အသာဆုံးအဖြစ် ဥပါသိကာတစ်ဦးကို သတ်မှတ်ထားရှိတဲ့ ဘုရားရှင်ကို မြင်လို့ ကောင်းမှုတွေကို ပြုကာ အဲဒီရာထူးကို ဆုတောင်းခဲ့တယ်။ ကမ္ဘာ တစ်သိန်းကာလပတ်လုံး လူ့ဘဝ၊ နတ်ဘဝတွေမှာ ကျင်လည်ကာ ဂေါတမဘုရားပွင့်တဲ့အခါ ဗာရာဏသီမြို့မှာ ဖြစ်ပါတယ်။

http://www.dhammadownload.com

# ဆန့်ရေ

မာတာပိတု ဥပဋ္ဌာနံ၊ မိဘတွေကို ပြုစုလုပ်ကျွေးတာဟာ မင်္ဂလာ တစ်ပါးလို့ ဘုရားဟောထားတယ် မဟုတ်လား။ မိဘတွေက သားသမီး တွေကို လူလားမြောက်လာအောင်, လူတစ်လုံး သူတစ်လုံး ဖြစ်လာ အောင် ပြုစုစောင့်ရှောက်ခဲ့ကြတယ်။ သားသမီးတွေအဖို့ မိဘကျေးဇူး ဟာ ကြီးမားလှပါတယ်။ တကယ့်ကျေးဇူးရှင်ကြီးတွေပါပဲ။ သားသမီး တွေအပေါ်မှာ မိဘတွေရဲ့ ကျေးဇူးကြွေးတွေ တင်ရှိနေပါတယ်။ အဲဒီ ကျေးဇူးကြွေးတွေကို သားသမီးတွေက တတ်နိုင်တဲ့အခါ ပေးဆပ်ကြရ ပါမယ်။ မြန်မာဗုဒ္ဓသာသနာဝင်တို့ နယ်ပယ်မှာ ဒီအလေ့အထကောင်း ကို သိရှိနားလည်ပြီး တတ်နိုင်သမျှ ကျင့်သုံးကြပါတယ်။ အမေရိကမှာ သားသမီးတွေက မိဘတွေကိုပြုစုစောင့်ရှောက်ကြတယ်ဆိုတာ အလွန် ပဲ ရှားပါးပါတယ်။ မိဘတွေ အိုမင်းလာတဲ့အခါ လူအိုရုံကို ပို့လိုက်တာ ပါပဲတဲ့။ အမေရိကန်အမျိုးသားတစ်ဦးက သူ့မိခင်ကြီးကို ကြင်ကြင်နာ နာ၊ ရိုရိုသေသေ၊ လိုလိုလားလားနဲ့ ပြုစုနေတာကို တွေ့ရပါတယ်။ သူ့ မိခင်ကြီးက အသက် ၉၈ နှစ် ရှိနေပါပြီ။ မိခင်ကြီးက တောင်ဝှေးလေး ထောက်ကာ ထောက်ကာနဲ့ သူ့ဘာသာလည်း သွားနိုင်သလောက် သွား နိုင်ပါတယ်။ သားက မိခင်သွားလိုရာကို ကားနဲ့ လိုက်ပို့ပါတယ်။ အဆောက်အဦးတွေထဲမှာ ဘီးတပ်ထားတဲ့ တွန်းလှည်းပေါ် တင်ပြီး

http://www.dhammadownload.com



တွန်းပို့ပေးပါတယ်။ စားစရာ၊ သောက်စရာတွေကို အဆင်သင့် ပြင်ဆင်ပေးပါတယ်။ မိခင်ကြီးကလည်း မှတ်ဉာဏ်ကောင်းလှပါတယ်။ အဲဒီသားကို တွေ့မြင်ကြရတဲ့ အမေရိကန်တွေကရော၊ မြန်မာတွေကပါ အံ့သြချီးကျူးကြပါတယ်။ အမေရိကမှာ ဒီလိုသားဟာ မရှိသလောက် ရှားတယ်လို့ ပြောကြပါတယ်။

အဲဒီသားက ဘာ့ဇ်အမည်ရှိတဲ့ ဒကာကြီးပါပဲ။ သူက ပဏ္ဍိတာရာမဆရာတော်ကြီးထံမှာရော အခြားကမ္မဋ္ဌာန်းဆရာတွေအထံမှာပါ သတိပဋ္ဌာန်တရားကို အားထုတ်ထားပါတယ်။ IMS ကမ္မဋ္ဌာန်းဆရာတွေနဲ့ အသိုင်းအဝိုင်းရဲ့ ကျေးဇူးကလည်း သူတို့သားအမိအပေါ် ကြီးမားတယ်လို့ ပြောပါတယ်။ မိခင်ကြီးက ပဏ္ဍိတာရာမဆရာတော်ကြီး ယောဂီတွေအား ဟောတဲ့တရားကို နာယူပါတယ်။ ဘာ့ဇ်က ပြောပါတယ်။ "သူ့မှာ ဒီလို မိဘကို ပြုစုနိုင်တဲ့ အနေအထားရှိတာဟာ ဗုဒ္ဓတရားတော်တွေကြောင့် ဖြစ်ပါတယ်" တဲ့။ "မိခင်ကြီးကို ဒီလိုပြုစု စောင့်ရှောက်ပေးရတာ မငြီးငွေ့ဘူးလား" လို့ မေးကြည့်တဲ့အခါ "မငြီးငွေ့ပါဘူး၊ ပျော်ပါတယ်" လို့ ဘာ့ဇ်က ပြောပါတယ်။ ဘာ့ဇ်လိုသားကတော့ အမေရိကမှာ ရှာမှရှားပါပဲ။ ဘုရားရှင်ကလည်း "လောကမှာ ကျေးဇူးသိတတ်သူ၊ ကျေးဇူးဖော်ကျူးသူ၊ ကျေးဇူးဆပ်သူကို ရခဲတယ်" လို့ ဟောထားပါတယ်။ "အမေရိကမှာ စုန်ရေကို တွေ့နိုင်ပေမယ့် ဆန်ရေကိုတော့ တွေ့ရဖို့ အလွန်ခက်ပါတယ်" တဲ့။ ဘာ့ဇ်ကိုတော့ ဆန်ရေလို့ ခေါ်ရမှာပါပဲ။ မိဘတွေရဲ့ မေတ္တာ၊ ကရုဏာရေအယဉ်တွေကတော့ သားသမီးတွေအပေါ် တသွင်သွင် စီးသွားနိုင်လေ့ရှိပေမယ့် သားသမီးတွေရဲ့ မေတ္တာ၊ ကရုဏာရေအယဉ်တွေကတော့ မိဘတွေအပေါ် ပြန်လည်စီးဆင်းနိုင်ဖို့ အမေရိကမှာ ပိုခက်ပါတယ်တဲ့။

http://www.dhammadownload.com

## အမေရိကန် အမျိုးသမီးယောဂီ ဘာဘရာဂျေးနပ်စ်

"ကျွန်မက အမေရိကန်လူမျိုးပါ၊ ကျွန်မနာမည်က ဘာဘရာဂျေနပ်စ်ပါ။ ကျွန်မအသက်(၄၈)နှစ် ရှိပါပြီ၊ ကျွန်မမှာ အိမ်ထောင်ရှိပါတယ်၊ ကျွန်မအထက်တန်းကျောင်းအောင်ခဲ့ပြီး တက္ကသိုလ်မှာဘာသာရပ်တချို့ကို သင်ယူခဲ့ဖူးပါတယ်၊ တရုတ်ဆေးပညာသင်ကျောင်းမှာ မန်နေဂျာအဖြစ်ဖြင့် အလုပ်လုပ်ခဲ့ပါတယ်၊ အဲဒီသင်တန်းကျောင်းက စတင်ကြီးပွားလာလို့ တိုးချဲ့လာတဲ့အချိန်မှာ လောကီလုပ်ငန်းတွေမှာ စိတ်ဝင်စားမှု မရှိတော့လို့ အဲဒီအလုပ်က ထွက်ပြီး ခင်ပွန်းသည်ရဲ့ လုပ်ငန်းမှာပဲ ကူညီလုပ်ကိုင်နေခဲ့ပါတယ်။ ကျွန်မရဲ့ ဖခင်က ဂျူးလူမျိုးဖြစ်ပါတယ်၊ မိခင်ကတော့ ဘာသာမဲ့ဝါဒရှိသူတစ်ဦး ဖြစ်ပါတယ်၊ ကျွန်မကတော့ အဲဒီ အယူဝါဒ ၂ မျိုးလုံးကို မကျင့်သုံးပါဘူးရှင်။"

"ကျွန်မဟာ ၁၉၇၆ ခုနှစ်ကစပြီး ယခုအထိ တရားစခန်း ၁၁ ကြိမ် ဝင်ခဲ့ပါတယ်၊ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ကျေးဇူးရှင်ဆရာတော် အရှင်ပဏ္ဍိတာဘိဝံသထံ ၇ ကြိမ် တရားစခန်း ဝင်ခဲ့ပါတယ်၊ ကျွန်မမှာ လောဘ, ဒေါသ, မောဟတွေ ရှိနေကြောင်း သိရလို့ အဲဒီတရားဆိုးတွေ မရှိဘဲ နေထိုင်သွားနိုင်အောင် ကြိုးစားလိုတဲ့ ဆန္ဒတွေ ပြင်းပြခဲ့ပါတယ်။ (၁၉၇၆) ခုနှစ် မတိုင်မီက ကျွန်မဟာ ဟိန္ဒူ အကျင့်များကို ကျင့်ခဲ့ဖူးပါတယ်။ ဒါပေမဲ့ ကျွန်မဟာ အဲဒီကျင့်စဉ်များကို အားရကျေနပ်မှု မရှိခဲ့ပါ။"

http://www.dhammadownload.com



"(၁၈၇၆) ခုနှစ် ဇူလိုင်လမှာ ဗုဒ္ဓဘာသာ တရားရိပ်သာတစ်ခုၡ မြတ်ဗုဒ္ဓရဲ့သစ္စာ (၄) ပါးတရားနဲ့ လက္ခဏာရေး (၃) ပါးအကြောင်းကို ပထမဆုံးအကြိမ် ကြားနာလိုက်ရတဲ့အခါမှာ အဲဒီလို ကြားနာလိုက်ရတဲ့ အတွက် မျက်ရည်များ ကျခဲ့ရပါတယ်၊ အဲဒီအချိန်ကစပြီး မြတ်ဗုဒ္ဓ ဟောကြားတာ မဟုတ်ရင် ဘယ်အတွေးအခေါ် အယူအဆကိုမှ နား မထောင်ဖြစ်တော့ပါဘူး။"

"ကျွန်မရှေ့မှာ ဘယ်သူပဲဖြစ်ဖြစ်, ဘယ်နေရာမျိုးမှာပဲဖြစ်ဖြစ်, ဘယ်အချိန်မှာပဲဖြစ်ဖြစ် ဗုဒ္ဓရဲ့ အကြောင်းကို မရိုမသေ ပြောလာရင် ကျွန်မဟာ အဲဒီပြောဆိုသံကြားနိုင်တဲ့ နေရာမျိုးမှ ချက်ချင်းရှောင်ထွက် သွားပါမယ်။ ဒါ့အပြင် အကယ်၍ ကျွန်မရဲ့မိခင်အရင်းက ကျွန်မရဲ့ရှေ့ မှာ ဗုဒ္ဓကို မရိုမသေပြောရင်တောင်မှ ကျွန်မ ကန့်ကွက်ပြောမိမှာ ဖြစ်ပါ တယ်၊ တချို့လူတွေက ဗုဒ္ဓရဲ့တရားဟာ ဟိန္ဒူတရားနဲ့ တူပါတယ် လို့ ပြောလာရင် ကျွန်မက ရဲရင့်စွာနဲ့ ဒီပြောဆိုချက်ဟာ နည်းနည်းမှ မမှန်ဘူး၊ အသင်သိချင်ရင် အသင်ကိုယ်တိုင် စူးစမ်းရှာဖွေသင့်တယ်လို့ ပြောကြားပါမယ်၊ ဒီလိုပြောပြီးရင် ကျွန်မနှုတ်ပိတ်နေမှာ ဖြစ်ပါတယ်၊ ဘာကြောင့် ဒီလိုလုပ်ရသလဲဆိုတော့ ဗုဒ္ဓတရားတော်နဲ့ ပတ်သက်ပြီး အငြင်းမပွားချင်လို့ ဖြစ်ပါတယ်၊ ဒီလိုမဟုတ်ဘဲ ပြန်လည်ချေပ ပြော ဆိုနေမယ်ဆိုရင် အကုသိုလ်တွေ ဖြစ်ပေါ်လာမှာမို့ ဖြစ်ပါတယ်။"

"မြန်မာနိုင်ငံဟာ တရားအားထုတ်ဖို့ အကောင်းဆုံး ပတ်ဝန်း ကျင် ဖြစ်ပါတယ်၊ ဗုဒ္ဓဘာသာမြန်မာလူမျိုးတွေဟာ ကမ္ဘာမှာ ခင်မင်စရာ အကောင်းဆုံးလူမျိုး ဖြစ်ပါတယ်။ ပြီးတော့ သူတို့အသိုင်းအဝိုင်းမှာ တရားရှုမှတ်ရင် အကောင်းဆုံးဖြစ်ပါတယ်၊ ကျွန်မ သိရသလောက်မှာ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများသာလျှင် ဗုဒ္ဓ၏ မှန်ကန်သော လမ်းစဉ်ကို ကောင်းကောင်းသိသူများ ဖြစ်ကြပါတယ်။"

http://www.dhammadownload.com



"အမေရိကမှာ ဗုဒ္ဓသာသနာ စတင် ထွန်းကားလာနေပါတယ်။ ဒါပေမဲ့ ဗုဒ္ဓသာသနာဝင် မြန်မာလူမျိုးအားလုံးကို အမေရိကသို့ ရွှေ့ပြီး မြန်မာဗုဒ္ဓသာသနာဝင်တွေက ပထမဆုံး မှန်ကန်တဲ့နေထိုင်နည်းကို သင်ပေးမှသာလျှင် ကျွန်မတို့ အမေရိကန်တွေ မှန်ကန်တဲ့ အခြေခံကို ရရှိနိုင်မှာ ဖြစ်ပါတယ်၊ တရားအားထုတ်တယ်ဆိုတာ တစ်ကြိမ်တစ်ခါ လောက်နဲ့ မပြီးပါ၊ ပီသတဲ့ ဗုဒ္ဓသာသနာဝင်ဖြစ်ဖို့ရန်အတွက် အမေရိကန် ယဉ်ကျေးမှုဖြင့် မည်သို့မျှ မဖြစ်နိုင်ပါ။"-

"မကြာသေးမီ ရက်ပိုင်းအတွင်းက ရန်ကုန်မြို့ထဲကို သွားမိရာ လူငယ်တွေကို တွေ့ရတာ အားရစရာ မကောင်းပါ၊ သူတို့ဟာ ငယ်ရွယ်ကြသေးလို့ အနိစ္စ, ဒုက္ခ, အနတ္တအကြောင်း မသိသေးခင် ဘယ်လိုပဲ အနောက်နိုင်ငံက ယဉ်ကျေးမှုကို အကောင်းထင်နေပေမယ့် အသက်အရွယ်အရ ရင့်ကျက်လာတဲ့အချိန်မှာ အမြင်မှန်ကို ရရှိလာနိုင်မှာ ဖြစ်ပါတယ်။"

"ဒီ၁၀မှာ ဒါန, သီလလောက်နဲ့ တင်းတိမ်မနေသင့်ကြောင်း ကျွန်မ ပြောလိုပါတယ်။ ကိလေသာ ကာမဂုဏ်တွေရဲ့ အပြစ်ကို မသိသေးသမျှ ဗုဒ္ဓမြတ်စွာရဲ့ ကြီးမားလှတဲ့ မေတ္တာတော်နဲ့ ပေးသနားတော်မူခဲ့တဲ့ ဓမ္မလက်ဆောင်မွန်ကို တန်ဖိုးထား, နားလည်နိုင်မှာ မဟုတ်ပါ။ အသက် (၄၀) ကျော်တဲ့ ဗုဒ္ဓသာသနာဝင်များကို ကျွန်မ မှာကြားချင်ပါတယ်။"

"သေဖို့အချိန်ဟာ နီးသထက် နီးလာနေပါပြီ။ ဗုဒ္ဓရဲ့လမ်းညွှန်ချက်အတိုင်း တင်းတင်းရင်းရင်း တရားအားထုတ်ရန် မကြိုးစားမိတဲ့အတွက် သေခါနီးမှာ ဝမ်းနည်းနေပါလိမ့်မယ်။ ဘာမှ စောင့်မနေပါနဲ့တော့။ လုပ်စရာ ရှိတဲ့တာဝန်တွေမှန်သမျှ စွန့်လွှတ်လိုက်ပါ။ ပြီးတော့ ခဏလေးပဲဖြစ်ဖြစ် တရားစခန်းဝင်လိုက်ပါ။ အခုငါ သေခါနီးပြီ ဆိုပြီး တွေးလိုက်ပါ။"

http://www.dhammadownload.com



အသက် ၄၀ အောက် ဗုဒ္ဓသာသနာဝင်တွေကို ကျွန်မ မေးချင်ပါတယ်။ "သင်ဟာ တက္ကသိုလ်က ဘွဲ့ကောင်းကောင်းတစ်ခု, သို့မဟုတ် ကားအသစ်တစ်စီး, သို့မဟုတ် အလွန်အသံကောင်းတဲ့ စတီရီယို ကက်ဆက်တစ်ခု, ဒါမှမဟုတ် ဘယ်ကိုမဆို လွတ်လွတ်လပ်လပ် သွားနိုင်တဲ့အခွင့်အရေး ဆိုတာတွေက တကယ်ပဲ သင်ကို ကျေနပ်မှု ပေးနိုင်ရဲ့လား?။

"တကယ်ပဲ ကျေနပ်မှုကို ပေးနိုင်တယ်လို့ သင်ဖြေမယ်ဆိုပါတော့ ဒါဆိုရင် ကျွန်မ ပြောချင်ပါတယ်။ အနောက်နိုင်ငံသားတွေဟာ ဒါတွေကို ကြိုးစားရယူနေရင်းနဲ့ပဲ ကြေကွဲဝမ်းနည်းမှုတွေ တွေ့နေရပါတယ်၊ ဒါကြောင့် ဒီလိုချင်တပ်မက်မှုအဖို့ဖို့ကို လေးလေးနက်နက်လေး စဉ်းစားစေချင်ပါတယ်လို့ကျွန်မ ပြောချင်ပါတယ်။"

"ကျွန်မ ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာ သတိပဋ္ဌာန်တရား အားထုတ်တာ (၉) လတိတိ ရှိသွားပါပြီ၊ ကျွန်မမှာ လောဘ, ဒေါသတွေ ဖြစ်ပေါ်လာတဲ့အခါ တရားရှုမှတ်လိုက်တာနဲ့ စိတ်တွေဟာ ပျော့ပျောင်း လာပါတယ်။ ဒီလိုဖြစ်လာတဲ့အတွက် ကျွန်မ ပတ်ဝန်းကျင်မှာ ရှိတဲ့ လူတွေ အားလုံးကို အကူအညီပေးရာ ရောက်ပါတယ်။ ဒါဟာ အကျိုးအများကြီးရှိပါတယ်။"

ဘာဘရာဂျေးနပ်(စ်)၏ အကြောင်းအရာကို သူမ ပြောပြသည့်အတိုင်း ရေးသား ဖော်ပြလိုက်ပါသည်။

ရခဲလှသည့် လူ့ဘဝကို ရပြီး ကြုံခဲလှသည့် ဗုဒ္ဓသာသနာနှင့် ကြုံကြိုက်နေကြသူတိုင်း ဗုဒ္ဓသာသနာနှင့် ကြုံကြိုက်ခိုက်၌သာ အားထုတ်နိုင်သည့် စိတ်ဓာတ်ဖွံ့ဖြိုး အသိဉာဏ် တိုးစေနိုင်သည့် သတိပဋ္ဌာန်တရားကို လက်လွှတ်မခံဘဲ ဤအမေရိကန် အမျိုးသမီးယောဂီ "ဘာဘရာဂျေးနပ်(စ်)" ကဲ့သို့ ကြိုးစားပွားများ အားထုတ်သင့်ကြပါသည်။

http://www.dhammadownload.com

# အရှက် အကြောက်

"ရဟန်းတို့၊ သင်တို့ဟာ ယောက္ခမအိမ်သို့ ရောက်သစ်စချွေးမလေးရဲ့ စိတ်ထားနဲ့တူတဲ့ စိတ်ထားနဲ့နေကုန်အံ့လို့ သဘောထားကာ ကျင့်ဆောင်ထိုက်တယ်။"

**(အင်္ဂုတ္တရနိကာယပါဠိ၊ စတုက္က၊ ဒု ပဏ်၊ ၃ အပဏ္ဏကဝဂ္ဂ၊ ၃ သပ္ပုရိသ သုတ္တ)**

မြတ်စွာဘုရားရဲ့ ဒီစကားလေးကို ရဟန်းတွေသာ လိုက်နာကျင့်သုံးသင့်တာ မဟုတ်ပါဘူး။ လူဝတ်ကြောင်တွေလည်း လိုက်နာကျင့်သုံးသင့်ပါတယ်။ ယောက္ခမအိမ်သို့ စတင်ရောက်တဲ့နေ့မှာ ချွေးမလေးရဲ့စိတ်ဟာ ယောက္ခမယောကျ်ား၊ ယောက္ခမမိန်းမ၊ လင်ယောကျ်ား အပေါ်မှာ အရှက်အကြောက်အားကြီးလျက် ရှိနေပါတယ်။ အောက်ထစ်ဆုံးအားဖြင့် ယောက္ခမအိမ်က အလုပ်သမားတွေအပေါ်မှာတောင် အရှက်အကြောက် အားကြီးလျက် တည်ရှိနေပါတယ်။ ယောက္ခမအိမ်မှာ အနေကြာလာတဲ့အခါ ယောက္ခမယောကျ်ား၊ ယောက္ခမမိန်းမ၊ လင်ယောကျ်ားကို "ဖယ်ကြစမ်း၊ သင်တို့က ဘာသိလို့လဲ" လို့ မရိုမသေပြောဆို ဆက်ဆံလာပါတယ်။ သာသနာဘောင်ရောက်သစ်စ ပုဂ္ဂိုလ်ဟာလည်း သာသနာဘောင်ရောက်စမှာ သီတင်း

http://www.dhammadownload.com



သုံးဖော်တွေအပေါ် ဒကာ ဒကာမတွေအပေါ် အရှက်အကြောက် အားကြီးလျက် ရှိနေပါတယ်။ အောက်ထစ်ဆုံးအားဖြင့် ကျောင်းမှာ ရှိတဲ့ ကိုရင်၊ ကျောင်းသားကပ္ပိယ ကာရကတွေအပေါ်မှာတောင် အရှက်၊ အကြောက် အားကြီးလျက်ရှိ နေပါတယ်။ သာသနာတော်မှာ အနေကြာလာတဲ့အခါ ဆရာသမား တွေကိုတောင် "ဖယ်ကြစမ်းပါ၊ သင်တို့က ဘာသိကြလို့လဲ" လို့ မရိုမသေပြောဆို ဆက်ဆံလာပါ တယ်။ ဒါကြောင့် မြတ်စွာဘုရားက အထက်ပါစကားလေးနဲ့ ရဟန်း တွေအား ဆုံးမထားပါတယ်။

မကောင်းတဲ့အလုပ်ကို လုပ်ရမှာ ရှက်ဖို့၊ မကောင်းတဲ့စကားကို ပြောရမှာ ရှက်ဖို့၊ မကောင်းတဲ့စိတ်ထား ထားရှိမိမှာ ရှက်ဖို့ မြတ်စွာ ဘုရားက ဆုံးမတော်မူထားပါတယ်။ မကောင်းတဲ့အလုပ်လုပ်လို့၊ မကောင်းတဲ့စကားပြောလို့၊ မကောင်းတဲ့စိတ်ထား ထားရှိလို့ ရရှိလာ မယ့် မကောင်းတဲ့အကျိုးတွေကို ကြောက်ဖို့လည်း ဆုံးမတော်မူထား ပါတယ်။ ဒီအရှက်နဲ့အကြောက်ဆိုတဲ့ တရားနှစ်ပါးက လူသားတွေကို တိရစ္ဆာန်တွေလို ဖြစ်မသွားအောင် ထိန်းထားပါတယ်။ ခွေး၊ နွား၊ ကြက် စတဲ့ တိရစ္ဆာန်တွေဟာ အမေ၊ အဒေါ်၊ အစ်မ၊ နှမ စတာတွေအပေါ်မှာ လည်း အရှက်အကြောက်မရှိဘဲ ပြုမူဆက်ဆံကြပါတယ်။ မှောက် မှောက် မှားမှားတွေ ပြုလုပ်ကြပါတယ်။ လူသားတွေမှာလည်း အရှက် အကြောက်သာ မရှိရင် အမေ၊ အဒေါ်၊ အစ်မ၊ နှမ စတဲ့သူတွေအပေါ် မှာ တိရစ္ဆာန်တွေလိုပဲ ပြုမူဆက်ဆံကြပါလိမ့်မယ်။ မှောက်မှောက်မှား မှားတွေ ပြုလုပ်ကြပါလိမ့်မယ်။

အရှက်အကြောက် တရားနှစ်ပါးသာ မရှိခဲ့ရင် လူ့လောကကြီး ဟာ တိရစ္ဆာန်လောကကြီးလို ဖြစ်သွားပါလိမ့်မယ်။ အရိုင်းလောကကြီး ဆီကို ရောက်သွားပါလိမ့်မယ်။ အရှက် အကြောက်ဆိုတဲ့ အဖြူတရား နှစ်ပါး ကင်းသွားရင် လူ့လောကကြီးဟာ အမှောင်လောကကြီး ဖြစ်

http://www.dhammadownload.com



သွားပါလိမ့်မယ်။ မရှက်မှု၊ မကြောက်မှုဆိုတဲ့ အမှောင်တွေ ကိုယ့်မြန်မာနိုင်ငံမှာ မစိုးမိုး၊ မခြယ်လှယ်လာဖို့ အရေးကြီးပါတယ်။ ဗုဒ္ဓသာသနာဝင်တွေ အများစုနေထိုင်ရာဖြစ်တဲ့ မြန်မာနိုင်ငံမှာ အရှက်အကြောက်တွေ ကင်းမဲ့လာရင် ဗုဒ္ဓယဉ်ကျေးမှု၊ မြန်မာယဉ်ကျေးမှုတွေ ကင်းပျောက်ကုန်ပါလိမ့်မယ်။

အရှက်အကြောက်ဆိုတဲ့ အဖြူတရားနှစ်ပါးဟာ မြန်မာနိုင်ငံကို အလှပိုစေပါတယ်။ မြန်မာနိုင်ငံဟာ အရှက်အကြောက်ဆိုတဲ့ အဖြူတရားနှစ်ပါး ကင်းမဲ့သွားရင် အကျည်းတန် အရုပ်ဆိုးသွားပါလိမ့်မယ်။ သဘာဝအားဖြင့် လှပနေတဲ့ မြန်မာနိုင်ငံကို အရှက် အကြောက် ဆိုတဲ့ အဖြူတရားနှစ်ပါးက အလှပေါ် အယဉ်ဆင့်ဆိုသလို တင့်သည်ထက် တင့်စေပါတယ်။ ဒီအဖြူတရားနှစ်ပါးကို မြန်မာနိုင်ငံက ရှင်ရဟန်းတွေလည်း ပိုင်ဆိုင်ထားရပါမယ်။ လူကြီးတွေလည်း ပိုင်ဆိုင်ထားရပါမယ်။ လူလတ်တွေလည်း ပိုင်ဆိုင်ထားရပါမယ်။ လူငယ်တွေလည်း ပိုင်ဆိုင်ထားရပါမယ်။ အမျိုးသားတွေရော အမျိုးသမီးတွေပါ ပိုင်ဆိုင်ထားကြရပါမယ်။

မြန်မာနိုင်ငံသူ၊ နိုင်ငံသားတိုင်း ယောက္ခမအိမ်ရောက်စ ချွေးမလေးလို စိတ်ထားနိုင်ကြရင် "မြန်မာနိုင်ငံဟာ ကမ္ဘာမှာ အလှပဆုံးနိုင်ငံလေးပါ" လို့ ပြောဆိုလာကြပါလိမ့်မယ်။ မြန်မာနိုင်ငံသူ နိုင်ငံသားတွေဟာ ယောက္ခမအိမ်မှာ ရောက်တာကြာလာလို့၊ ယောက္ခမတွေနဲ့ လင်အပေါ် မရိုမသေ ပြောဆိုလာတဲ့ ချွေးမလို ဖြစ်လာကြပြီဆိုရင်တော့ မြန်မာနိုင်ငံဟာ အကျည်းတန်နိုင်ငံတွေထဲမှာ ပါဝင်သွားပါလိမ့်မယ်။ အမှောင်လွှမ်းတဲ့နိုင်ငံ ဖြစ်သွားပါလိမ့်မယ်။အကျည်းတန်တဲ့နိုင်ငံတွေထဲမှာ မြန်မာနိုင်ငံ ပါမသွားဖို့ အရေးကြီးလှပါတယ်။ အမှောင်လွှမ်းတဲ့နိုင်ငံတွေထဲမှာ မြန်မာနိုင်ငံ ပါမသွားဖို့ အရေးကြီးလှပါတယ်။

http://www.dhammadownload.com



အကျည်းတန်နိုင်ငံတွေထဲမှာ မြန်မာနိုင်ငံ ပါမသွားအောင် ကယ်တင်နိုင်တာဟာ ဒီအရှက်အကြောက်တရားနှစ်ပါးပဲ ရှိပါတယ်။ အမှောင်လွှမ်းတဲ့ နိုင်ငံတွေထဲမှာ မြန်မာနိုင်ငံ ပါမသွားအောင် ကယ်တင်နိုင်တာဟာလည်း ဒီအရှက်အကြောက်ဆိုတဲ့ အဖြူတရားနှစ်ပါးပဲ ရှိပါတယ်။ ဒီအဖြူတရားနှစ်ပါး မြန်မာနိုင်ငံမှာ တည်ရှိနေသမျှ မြန်မာနိုင်ငံဟာ လှပနေမှာပါပဲ။ အလှအပ ဆိတ်သုဉ်းသွားတဲ့ မြန်မာနိုင်ငံ ဖြစ်မသွားအောင် မြန်မာနိုင်ငံသူ နိုင်ငံသားတိုင်းမှာ တာဝန်ရှိပါတယ်။

http://www.dhammadownload.com

# မေတ္တာသင်္ကေတ

"မိဘနှစ်ပါးက သားသမီးတို့အား ပေးကမ်းခြင်း၊ ချစ်ဖွယ်သော စကားကို ပြောဆိုခြင်း၊ အကျိုးစီးပွားဆောင်ရွက်ခြင်း၊ အေးအတူပူအမျှ ဖြစ်ခြင်းဆိုတဲ့ ချီးမြှောက်မှုလေးမျိုးကို မပြုလုပ်ခဲ့ရင် မိဘနှစ်ပါးဟာ သားသမီးတွေထံမှ မြတ်နိုးမှု ပူဇော်မှုကို မခံယူရရာ"

"ပညာရှိတွေဟာ အဲဒီချီးမြှောက်မှု လေးမျိုးကို ပြုကြတဲ့အတွက် ကြီးပွားကြတယ်၊ အချီးအမွမ်းခံကြရတယ်။"

**(အင်္ဂုတ္တရနိကာယ၊ စတုက္က၊ ပ ပဏ်၊ ၄ စက္ကဝဂ္ဂ၊ ၂ သင်္ဂဟဝတ္ထု)**

လောကမှာ တချို့သောပုဂ္ဂိုလ်တွေဟာ ပေးကမ်းမှုနဲ့သာ သိမ်းသွင်းချီးမြှောက်လို့ ရပါတယ်။ အဲဒီလိုပုဂ္ဂိုလ်တွေအား ပေးကမ်းမှုကိုသာ ပြုရပါတယ်။

လောကမှာ တချို့သောပုဂ္ဂိုလ်တွေက "ဒီပုဂ္ဂိုလ်ဟာ ပေးကမ်းမှုတော့ ပြုပါတယ်၊ ဒါပေမဲ့ အပြောဆိုးတယ်၊ စကားတစ်ခွန်းတည်းနဲ့ အကုန်ကို ချေဖျက်ပစ်တယ်၊ သူ့ရဲ့ပေးကမ်းမှုဟာ ဘာအကျိုးရှိမှာလဲ" လို့ ပြောတတ်ကြပါတယ်။ တချို့ပုဂ္ဂိုလ်တွေကတော့ "ဒီပုဂ္ဂိုလ်ဟာ မပေးကမ်းပေမယ့် စကားပြောတဲ့အခါမှာတော့ ဆီနဲ့လိမ်းကျံပေးသလို

http://www.dhammadownload.com



ချောမွတ်ပြေပြစ်တယ်၊ သူဟာ ပေးချင်ပေး မပေးချင်နေ၊ သူ့ရဲ့စကားက တစ်ထောင်တန်ပါတယ်” လို့ ပြောတတ်ကြပါတယ်။ အဲဒီလိုပုဂ္ဂိုလ်တွေဟာ ပေးကမ်းမှုကို မတောင့်တကြပါဘူး။ ချစ်ဖွယ်သောစကားကိုသာ တောင့်တကြပါတယ်။ အဲဒီလိုပုဂ္ဂိုလ်အား ချစ်ဖွယ်သောစကားကိုသာ ပြောကြားရပါတယ်။

လောကမှာ တချို့သောပုဂ္ဂိုလ်တွေက ပေးကမ်းမှုကိုလည်း မလိုလားပါဘူး၊ ချစ်ဖွယ်သောစကားကိုလည်း မမျှော်လင့်ပါဘူး၊ အကျိုးစီးပွားဖြစ်ထွန်းစေမယ့်စကား၊ ကြီးပွားရေးနဲ့ ပတ်သက်တဲ့စကားကိုသာ မျှော်လင့်တောင့်တကြပါတယ်။ အဲဒီလိုပုဂ္ဂိုလ်တွေအား “ဒီအမှုကို လုပ်ထိုက်တယ်၊ ဒီအမှုကို မလုပ်ထိုက်ဘူး၊ ဒီလိုပုဂ္ဂိုလ်ကို မှီဝဲထိုက်တယ်၊ ဒီလိုပုဂ္ဂိုလ်ကို မမှီဝဲထိုက်ဘူး” လို့ အကျိုးစီးပွား တိုးပွားစေမယ့်စကားကို ပြောဆိုပေးရပါတယ်။

လောကမှာ တချို့သောပုဂ္ဂိုလ်တွေက ပေးကမ်းမှုကိုလည်း မလိုလား၊ ချစ်ဖွယ်သောစကားကိုလည်း မလိုလား၊ အကျိုးစီးပွားဆောင်ရွက်ပေးတာကိုလည်း မလိုလားကြပါဘူး။ သွားအတူ၊ လာအတူ၊ စားအတူ၊ သောက်အတူ စသည်ဖြင့် အေးအတူ ပူအမျှ ပြုလုပ်ပြီး တန်းတူညီမျှထားကာ ဆက်ဆံတာကို လိုလားကြပါတယ်။ အဲဒီလိုပုဂ္ဂိုလ်တွေအား တန်းတူညီမျှထားပြီး ဆက်ဆံကြရပါတယ်။

မိဘနဲ့ သားသမီး ဆက်ဆံရာမှာတောင် ဒီချီးမြှောက်မှုလေးမျိုး လိုအပ်တယ်လို့ဆိုတော့ အခြားပုဂ္ဂိုလ်တွေရဲ့ ဆက်ဆံရေးမှာတော့ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဖြစ်ဖို့ရာအတွက် ပိုပြီးလိုအပ်နေပါတယ်။

သွားနေတဲ့ မြင်းလှည်း၊ နွားလှည်းမှာ ဆက်လက်သွားနိုင်ဖို့ရာ လှည်းဘီးကျွတ်ထွက်မသွားအောင် ထိန်းထားမယ့်နားစောင့် လိုအပ်ပါတယ်။ လှည်းဝင်ရိုးရဲ့အဖျားမှာ စွပ်ထားပြီး လှည်းဘီးကို ထိန်းထားတဲ့

http://www.dhammadownload.com



အဲဒီနားစောင့်သာ မရှိခဲ့ရင် လှည်းဘီးဟာ ကျွတ်ထွက်ကာ လဲသွားပါလိမ့်မယ်။ လဲသွားရင် ဆက်သွားလို့မရတော့ပါဘူး။ အဲဒီနားစောင့်ဟာ ရထားကို ထိန်းထားပါတယ်။

လူ့လောကမှာလည်း ဒီချီးမြှောက်မှုလေးမျိုးဟာ လောကသားတွေကို တစ်ဦးနဲ့ တစ်ဦး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ရှိဖို့ရာ ထိန်းထားပါတယ်။ ဒီလေးမျိုးကို မကျင့်သုံး၊ မလိုက်နာနိုင်တဲ့ အသိုင်းအဝိုင်းမှာ စည်းလုံးမှုတွေ ညီညွတ်မှုတွေ ပျက်ပြားနေကြပါတယ်။ ဒီလေးမျိုးဟာ လှည်းရဲ့နားစောင့်နဲ့တူပါတယ်။ ဒီလေးမျိုးရှိတဲ့နေရာဟာ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ရှိနေပါတယ်။

ချီးမြှောက်မှု လေးမျိုးလုံးမှာ မေတ္တာတရားတွေ ပါနေတယ်။ မေတ္တာပါတဲ့ ပေးကမ်းမှုသာ စည်းလုံးရေး၊ ညီညွတ်ရေးကို ဖြစ်စေပါတယ်။ မေတ္တာကင်းမဲ့တဲ့ ပေးကမ်းမှုမှာ စည်းရုံးရေး ကင်းမဲ့နေပါတယ်။ စည်းလုံးရေး၊ ညီညွတ်ရေးကို မဖြစ်စေပါဘူး။ ပေးကမ်းပြီး စည်းရုံးပေမယ့် မေတ္တာမပါရင် မအောင်မြင်နိုင်ပါဘူး။ မေတ္တာပါမှ အောင်မြင်နိုင်ပါတယ်။ ချစ်ဖွယ်သောစကား၊ အကျိုးစီးပွားဆောင်ရွက်မှု၊ တန်းတူညီမျှထားမှုတွေမှာလည်း မေတ္တာပါမှသာ စည်းလုံးရေး၊ ညီညွတ်ရေးကို ဖြစ်စေနိုင်ပါတယ်။ စည်းရုံးရေးအောင်မြင်နိုင်ပါတယ်။

မိသားစုတစ်စုမှာ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ရှိချင်ရင် မေတ္တာနဲ့ ပေးကမ်းပါ။ မေတ္တာနဲ့ စကားကို ချိုချိုသာသာပြောပါ၊ မေတ္တာနဲ့ သူ့အကျိုးကို ဆောင်ရွက်ပေးပါ။ မေတ္တာနဲ့ တန်းတူညီမျှထားပြီး ဆက်ဆံပါ။ မေတ္တာအားပါရင် ပါသလောက် ချီးမြှောက်အောင်မြင်မှု ရှိပါတယ်။ မေတ္တာအအေးဓာတ်၊ အစိုဓာတ် ခန်းခြောက်နေရင် အဲဒီမိသားစုရဲ့ ဆက်ဆံရေးဟာ ခြောက်ကပ်ကပ် ဖြစ်နေပါတယ်။

စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ရှိနေတဲ့ မိသားစုကို တွေ့ခဲ့ရင် လေ့လာကြည့်ပါ။ ဒီချီးမြှောက်မှုလေးမျိုးကို ကျင့်သုံးနေတာကို

http://www.dhammadownload.com



တွေ့ရပါလိမ့်မယ်။ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ရှိနေတဲ့ အဖွဲ့အစည်းကို တွေ့ခဲ့ရင်လည်း လေ့လာကြည့်က ဒီချိုးမြှောက်မှုလေးပါးကို ကျင့်သုံးနေတာကို တွေ့ရပါလိမ့်မယ်။ မေတ္တာတရားဟာ လောကသားတွေကို စည်းစည်းလုံးလုံး ရှိစေပါတယ်။ ညီညီညွတ်ညွတ်ရှိစေပါတယ်။ စိုစိုပြည်ပြည် ရှိစေပါတယ်။ စည်းလုံးညီညွတ်မှုဟာ မေတ္တာရဲ့ သင်္ကေတ၊ မေတ္တာရဲ့ အမှတ်အသားဖြစ်ပါတယ်။

http://www.dhammadownload.com

# ကုသမင်းလောင်း၊ ပဘာဝတီလောင်းလျာတို့နဲ့ ပစ္စေကဗုဒ္ဓါ

ဘုရားလောင်း ကုသမင်းကို ပဘာဝတီက ရှေးဆုတောင်းအစွမ်းနဲ့ အလိုမရှိ၊ ဘုရားလောင်းကုသမင်းကလည်း ရှေးကံရဲ့အစွမ်းနဲ့ပဲ ရုပ်ဆိုးတယ်။ ချဲ့ပြောရရင် ရှေးအခါက ဗာရာဏသီမြို့တံခါးအနီးရွာမှာ အထက်လမ်းနဲ့ အောက်လမ်းမှာ အမျိုးနှစ်မျိုးနေကြတယ်။ အမျိုးတစ်မျိုးမှာ သားနှစ်ယောက် ရှိတယ်။ နောက်တစ်မျိုးမှာတော့ သမီးတစ်ယောက်ပဲ ရှိတယ်။ သားနှစ်ယောက်ထဲက အငယ်က ဘုရားလောင်းဖြစ်တယ်။ အဲဒီသူငယ်မကို သားအကြီးအား ပေးကြတယ်။ အငယ်က မယား မမွေးမြူဘဲ အစ်ကိုထံမှာပဲ နေတယ်။ တစ်နေ့မှာ အဲဒီအိမ်ကို အလွန်အရသာရှိတဲ့ မုန့်တွေကို ကြော်ကြတယ်။ ဘုရားလောင်းက တောကို သွားတယ်။ သူ့အတွက် မုန့်ကိုထားပြီး ကျန်မုန့်တွေကို ခွဲဝေကာ စားကြတယ်။ အဲဒီခဏမှာ ပစ္စေကဗုဒ္ဓါက ဆွမ်းအတွက် အိမ်တံခါးကို ကြွသွားတယ်။ ဘုရားလောင်းရဲ့အစ်ကိုမယား(မရီး)က "မတ်အတွက် အခြားမုန့်ကို ကြော်မယ်" လို့ ကြံကာ အဲဒီမုန့်ကို ယူပြီး ပစ္စေကဗုဒ္ဓါအား လှူတယ်။

ဘုရားလောင်းကလည်း အဲဒီခဏမှာပဲ တောက လာတယ်။ အဲဒီအခါ ဘုရားလောင်းကို မရီးက "အရှင်၊ စိတ်ကို ကြည်ကြည်လင်လင်ထားပါ။ သင့်ရဲ့အဖို့အစုကို ပစ္စေကဗုဒ္ဓါအား လှူလိုက်တယ်" လို့ ပြောတယ်။ ဘုရားလောင်းက "သင့်ရဲ့အဖို့အစုကို စားပြီး ငါ့အဖို့အစုကိုလှူ

http://www.dhammadownload.com



တယ်။ ငါက ဘာကို စားရမှာလဲ” လို့ ပြောကာ စိတ်ဆိုးပြီး ပစ္စေကဗုဒ္ဓါနောက် လိုက်ကာ သပိတ်မှ မုန့်ကို ယူတယ်။ မရီးက အမေ့အိမ်ကိုသွားပြီး စကားပန်းအဆင်းရှိ ကြေညက်နေတဲ့ ထောပတ်အသစ်ကို ဆောင်ယူကာ ပစ္စေကဗုဒ္ဓါရဲ့သပိတ်ကို ပြည့်စေပါတယ်။ အဲဒီထောပတ်က အရောင်လွှတ်တယ်၊ မရီးက အဲဒီထောပတ်ကို မြင်ပြီး ဆုတောင်းတယ်။

“အရှင်ဘုရား၊ ဒီဒါနအစွမ်းကြောင့် ဖြစ်ရာဖြစ်ရာနေရာမှာ တပည့်တော်ရဲ့ ခန္ဓာကိုယ်က အရောင်ထွက်ပါစေ၊ ရုပ်အဆင်းလှရပါလို၏။ တပည့်တော်မှာ ဒီမသူတော်နဲ့အတူ တစ်နေရာတည်းမှာ မနေရပါစေနဲ့။”

ပဘာဝတီဟာ အဲဒီရှေးဆုတောင်းကြောင့် ဘုရားလောင်း ကုသမင်းကို အလိုမရှိပါ။ ဘုရားလောင်းကလည်း အဲဒီမုန့်ကို အဲဒီထောပတ်သပိတ်မှာ နှစ်စေပြီး ဆုတောင်းတယ်။

“အရှင်ဘုရား၊ ယူဇနာတစ်ရာဝေးတဲ့အရပ်မှာ နေပေမယ့်လည်း သူမကို ဆောင်ယူကာ တပည့်တော်ရဲ့ခြေရင်း အလုပ်အကျွေး(မယား) ဖြစ်အောင် လုပ်နိုင်ရပါလို၏။”

အဲဒီမှာ ဘုရားလောင်းကုသမင်း စိတ်ဆိုးပြီး မုန့်ကိုယူခဲ့တဲ့ ရှေးကံကြောင့် ရုပ်ဆိုးတယ်။ ပဘာဝတီကလည်း ရှေးဆုတောင်းကြောင့် ကုသမင်းကို အလိုမရှိပါ။

**(ဇာတ်၊ ၄၊ ၅၊ ၃၀၆)**

ကုသမင်းနဲ့ ပဘာဝတီတို့လည်း ပစ္စေကဗုဒ္ဓါနဲ့ ဇာတ်လမ်းစခဲ့ကြပါတယ်။ နှစ်ဦးလုံးရဲ့ဆုတောင်းတွေ ပြည့်ဝခဲ့ကြပါတယ်။

http://www.dhammadownload.com

# ပစ္စေကဗုဒ္ဓါနဲ့ ပဥ္စပါပီလောင်းလျာ

ရှေးအခါက ဗာရာဏသီပြည်မှာ ဗက မည်တဲ့ မင်းက တရားနဲ့ အညီ မင်းလုပ်အုပ်ချုပ်တယ်။ အဲဒီအခါ ဗာရာဏသီရဲ့ အရှေ့တံခါးမှာ နေတဲ့ ဆင်းရဲသားတစ်ဦးရဲ့ ပဥ္စပါပီ မည်တဲ့ သမီးရှိတယ်။ ချဲ့ပြောပြရင် အဲဒီပဥ္စပါပီဟာ ရှေးဘဝကလည်း ဆင်းရဲသားသမီးတစ်ယောက်ဖြစ်ကာ မြေညက်ကို နှိပ်နယ်ပြီး အိမ်မှာ နံရံကို လိမ်းကျံတယ်။ အဲဒီအခါ ပစ္စေကဗုဒ္ဓါတစ်ဦးက သူ့တောင်ဝှမ်းကို ပြေပြစ်အောင် ပြုလုပ်ဖို့ "ဘယ်နေရာမှာ မြေညက်ကို ရမလဲ" လို့ ကြံကာ "ဗာရာဏသီပြည်မှာ ရနိုင်တယ်" လို့ သိတယ်။ သင်္ကန်းရုံပြီး သပိတ်ကိုယူကာ မြို့ထဲဝင်ပြီး ဆင်းရဲသား သမီးနားမှာ ရပ်တည်တယ်။ ဆင်းရဲသား သမီးက စိတ်ဆိုးပြီး မော်ကြည့်ကာ ဒေါသစိတ်နဲ့ "မြေညက်ကိုတောင် တောင်းတယ်" လို့ ပြောလိုက်တယ်။

ပစ္စေကဗုဒ္ဓါက မလှုပ်မရှားဘဲသာ နေတယ်။ အဲဒီအခါ အဲဒီ ဆင်းရဲသား သမီးက ပစ္စေကဗုဒ္ဓါ မလှုပ်ရှားတာကို မြင်ရပြီး တစ်ဖန် စိတ်ကို ကြည်လင်စေကာ "ရဟန်း၊ သင်ဟာ မြေညက်ကိုတောင် မရ" လို့ မြေညက်အစိုင်အခဲကြီးကို ဆောင်ယူပြီး သပိတ်ထဲမှာ ထားတယ်။ ပစ္စေကဗုဒ္ဓါက အဲဒီမြေညက်နဲ့ တောင်ဝှမ်းမှာ ပြေပြစ်အောင် ပြုလုပ်တယ်။ သူမက မကြာခင်ဘဲ အဲဒီဘဝကသေကာ အဲဒီမြို့မှာပဲ တံခါးပြင်

http://www.dhammadownload.com



ဘက်က ရွာမှာ ဆင်းရဲတဲ့မိန်းမတစ်ယောက်ရဲ့ ဝမ်းဗိုက်မှာ ပဋိသန္ဓေယူတယ်။ သူမဟာ ၁၀ လ လွန်တဲ့အခါ အမိဝမ်းတိုက်မှထွက်တယ်။ သူမရဲ့ မြေညက်လှူခဲ့တဲ့ ကုသိုလ်ရဲ့အကျိုးကြောင့် ခန္ဓာကိုယ်ဟာ အတွေ့အထိကောင်းတယ်။ စိတ်ဆိုးပြီး မော်ကြည့်ခဲ့လို့တော့ လက်၊ ခြေ၊ ပါးစပ်၊ မျက်စိ၊ နှာခေါင်းဆိုတဲ့ အင်္ဂါအစိတ်အပိုင်းငါးခုဟာ ကြည့်လို့မကောင်း၊ အရုပ်ဆိုးတယ်။ ဒါကြောင့် သူမကို 'ပဉ္စပါပီ၊ အင်္ဂါငါးမျိုး မကောင်းသူ' လို့ပဲ အသိများကြတယ်။

ပဉ္စပါပီရဲ့ အတွေ့အထိက ကောင်းလွန်းလို့ ဗာရာဏသီ ဗက မင်းနဲ့ ဗာဝရိကမင်းတွေဟာ ပဉ္စပါပီကို အရှုးအမူးစွဲလမ်းနေကြပါတယ်။ မင်းနှစ်ပါးလုံးက သူမကို မိဖုရားခေါင်ကြီးအရာမှာ ထားကြပါတယ်။

**(ဇာတ်၊ ၅၊ ၅၊ ၄၇၅)**

မြေညက်လှူခဲ့ရတဲ့အကျိုးဟာ အံ့ဩစရာကောင်းသလို စိတ်ဆိုးပြီး ပြောခဲ့တဲ့အကုသိုလ်ဟာလည်း ကြောက်စရာကောင်လှပါတယ်။ ပစ္စေကဗုဒ္ဓါတွေဟာ အင်မတန် မြင့်မြတ်လှတဲ့ အလှူခံပုဂ္ဂိုလ်တွေ ဖြစ်ကြပါပေတယ်။ ပဉ္စပါပီရဲ့ရုပ်အဆင်းဟာ စွဲမက်စရာမဖြစ်ပေမယ့် အတွေ့အထိကတော့ တတမ်းတတဖြစ်နေရလောက်အောင်ပဲ စွဲမက်စရာ ကောင်းနေပါတယ်။ မင်းနှစ်ပါးဟာ ပဉ္စပါပီရဲ့အတွေ့အထိဆွဲအားကြောင့် မခွဲနိုင်၊ မခွာရက် ဖြစ်နေကြပါတယ်။ အတွေ့အထိဆွဲအားက ပြင်းထန်လွန်းလှပါတယ်။ ဒါကြောင့် မင်းနှစ်ပါးဟာ ယစ်မူးကာ အရူးအမူးဖြစ်နေကြရှာပါတယ်။ ပဉ္စပါပီသာ ရုပ်ရည်အဆင်းပါလှလိုက်မယ်ဆိုရင် ယောကျ်ားသားတွေကို ဘယ်လောက် ဒုက္ခပေးလိုက်လေမလဲ။

http://www.dhammadownload.com

# ဆွဲအားပြင်းလွန်းတဲ့အလှ

တစ်ချိန်မှာ အရှင်အနုရုဒ္ဓါက ရဟန်း ၅၀၀ နဲ့အတူ ကပိလဝတ်ကို သွားပါတယ်။ အဲဒီအခါ သူ့ဆွေမျိုးတွေက "မထေရ် ကြွလာပြီ"လို့ ကြားပြီး မထေရ်ထံ လာကြတယ်။ မထေရ်ရဲ့နှမ ရောဟိနီကတော့ မလာပါ။ မထေရ်က ဆွေမျိုးတွေကို မေးပါတယ်။

"ရောဟိနီ၊ ဘယ်မှာလဲ"

"အိမ်ထဲမှာပါ ဘုရား"

"ဘာကြောင့် ဒီကိုမလာတာလဲ"

"သူမရဲ့ ခန္ဓာကိုယ်မှာ ကိုယ်ရေပြားရောဂါ ဖြစ်ပေါ်နေလို့ ရှက်တဲ့အတွက် မလာတာပါဘုရား"

"သူမကို ခေါ်လိုက်ကြပါ"

မထေရ်က အခေါ်ခိုင်းပြီး အဝတ်သင်တိုင်းကို စွပ်ကာ လာတဲ့ ရောဟိနီကို မေးပါတယ်။

"ရောဟိနီ ဘာလို့မလာတာလဲ"

"တပည့်တော်မရဲ့ ခန္ဓာကိုယ်မှာ အရေပြားရောဂါ ဖြစ်ပေါ်နေလို့ ရှက်တဲ့အတွက် မလာတာပါဘုရား"

"သင်ဟာ ကောင်းမှုကို မလုပ်သင့်ဘူးလား"

http://www.dhammadownload.com



"ဘာကိုလုပ်ရပါမလဲ ဘုရား"

"နေစရာဇရပ် ဆောက်လုပ်ပါ"

"ဘာကိုယူပြီး လုပ်ရပါမလဲ"

"သင့်မှာ တန်ဆာဆင်စရာ ဘဏ္ဍာ မရှိဘူးလား"

"ရှိပါတယ် ဘုရား"

"ဘယ်လောက် တန်ဖိုးရှိသလဲ"

"တစ်သောင်းတန်ဖိုး ရှိပါလိမ့်မယ်"

"ဒီလိုဆိုရင် အဲဒါကိုစွန့်လွှတ်ပြီး နေစရာဇရပ် ဆောက်လုပ်ပါ"

"အရှင်ဘုရား၊ တပည့်တော်အတွက် ဘယ်သူက ဆောက်လုပ်ပေးမှာပါလဲ"

မထေရ်က အနီးမှာတည်ရှိနေတဲ့ဆွေမျိုးတွေကို ကြည့်ကာ "သင်တို့ရဲ့ တာဝန်ဖြစ်ပါစေ"လို့ ပြောတယ်။

"အရှင်ဘုရား၊ အရှင်ဘုရားကကော ဘာကိုလုပ်မှာပါလဲ"

"ငါလည်း ဒီနေရာမှာပဲ ရှိမယ်။ ဒီလိုဆိုရင် သင်တို့ဟာ သူမအတွက် သစ်သားအဆောက်အဦးတွေကို သယ်ဆောင်ကြပါ"

"မှန်ပါ၊ ကောင်းပါပြီ"လို့ လျှောက်ကာ အဲဒီဆွေမျိုးတွေက သယ်ဆောင်လာကြပါတယ်။

မထေရ်က နေရာဇရပ်ကို စီမံရင်း ရောဟိနီကို ပြောတယ်။

"ရောဟိနီ၊ သင်ဟာ ၂ ထပ်ရှိတဲ့ နေရာဇရပ်ကို ဆောက်လုပ်စေပြီး အပေါ်ထပ်မှာ ပျဉ်ချပ်တွေကို ခင်းပြီးတဲ့အချိန်ကစပြီး ဇရပ်အောက်ထပ်မှာ အမြဲတံမြက်လှည်းပြီး နေရာတွေကို ခင်းပါ။ အမြဲသောက်ရေအိုးတွေကို တည်ထားပါ"

ရောဟိနီက "ကောင်းပါပြီ ဘုရား"လို့ လျှောက်ကာ တန်ဆာဆင်စရာဘဏ္ဍာကို စွန့်လွှတ်ပြီး နှစ်ထပ်ရှိနေရာဇရပ်ကို ဆောက်လုပ်စေပါတယ်။ အပေါ်ထပ်မှာ ပျဉ်ချပ်တွေကို ခင်းပြီးတဲ့အချိန်ကစပြီး ဇရပ်

http://www.dhammadownload.com



အောက်ထပ် တံမြက်လှည်းခြင်း စတဲ့ အမှုတွေကို ပြုလုပ်တယ်။ အမြဲတမ်း ရဟန်းတွေက ထိုင်ကြတယ်။ အဲဒီအခါ နေရာဇရပ်ကို တံမြက်လှည်းနေစဉ်မှာပဲ သူမရဲ့ကိုယ်ရေပြားရောဂါဟာ ညှိုးနွမ်းသွားတယ်။ ရောဟိနီက နေရာဇရပ် ပြီးစီးသွားတဲ့အခါ ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းကိုပင့်ပြီး နေရာဇရပ်ကို ပြည့်စေကာ ထိုင်နေတဲ့ ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းအား မွန်မြတ်တဲ့စားဖွယ်၊ ခဲဖွယ်ကို လှူတယ်။ ဘုရားရှင်က ဆွမ်းကိစ္စပြီးတဲ့အခါ မေးတယ်။

"ဒီအလှူက ဘယ်သူ့ရဲ့အလှူလဲ"

"မြတ်စွာဘုရား၊ တပည့်တော်နှမ ရောဟိနီရဲ့အလှူပါ ဘုရား"

"သူမက ဘယ်မှာလဲ"

"အိမ်ထဲမှာပါ ဘုရား"

"သူမကို ခေါ်လိုက်ကြပါ"

ရောဟိနီက မလာချင်ပါ။ မလာချင်ပေမယ့် ရောဟိနီကို ဘုရားရှင်က ခေါ်ခိုင်းတာပါပဲ။ လာပြီးတော့ ရှိခိုးကာထိုင်နေတဲ့ ရောဟိနီကို မေးပါတယ်။

"ရောဟိနီ၊ ဘာလို့မလာတာလဲ"

"မြတ်စွာဘုရား၊ တပည့်တော်မရဲ့ ခန္ဓာကိုယ်မှာ အရေပြားရောဂါရှိလို့ ရှက်တဲ့အတွက် မလာတာပါ"

"သင့်မှာ အဲဒီရောဂါက ဘာကိုမှီပြီး ဖြစ်တယ်ဆိုတာ သိလား"

"မသိပါ ဘုရား"

"သင့်ရဲ့ဒေါသကို မှီပြီးဖြစ်တယ်"

"မြတ်စွာဘုရား၊ တပည့်တော်က ဘာကိုလုပ်ခဲ့ပါသလဲ"

"ရောဟိနီ၊ ဒီလိုဆိုရင် နားထောင်ပါ"

အဲဒီအခါ ရောဟိနီအား ဘုရားရှင်က အတိတ်အကြောင်းအရာကို ပြောပြပါတယ်။

http://www.dhammadownload.com



"ရှေးအခါက ဗာရာဏသီမင်းရဲ့ မိဖုရားခေါင်ကြီးဟာ မင်းရဲ့ ကချေသည်မတစ်ယောက်အပေါ် ရန်ငြိုးဖွဲ့ပြီး "အဲဒီကချေသည်မအပေါ် ဒုက္ခဖြစ်စေမယ်"လို့ တွေးကာ ခွေးလှေးယားသီးတွေကို ဆောင်ယူခိုင်းတယ်။ အဲဒီကချေသည်မကို သူမထံအခေါ်ခိုင်းပြီး ကချေသည်မမသိအောင် ကချေသည်မရဲ့ အိပ်ရာမှာရော၊ ကော်ဇောစသည်တွေရဲ့ အကြားမှာပါ ခွေးလှေးယားသီးအမှုန့်တွေကို ထားခိုင်းတယ်။ ပြက်ရယ်ပြောင်လှောင်မှုကို ပြုသလိုနဲ့ ကချေသည်မရဲ့ ကိုယ်ပေါ်မှာလည်း ဖြန့်ကြဲတယ်၊ အဲဒီခဏမှာပဲ ကချေသည်မရဲ့ ခန္ဓာကိုယ်ဟာ ဖူးဖူးရောင်ကာ အဖုအပိန့်တွေ ဖြစ်ပေါ်လာတယ်။ ကချေသည်မက ယားလို့ သွားပြီး အိပ်ရာပေါ်လဲလျောင်းတယ်။ အဲဒီမှာလည်း ခွေးလှေးယားအမှုန့်တွေကခဲစားခံရလို့ ပြင်းထန်တဲ့ဆင်းရဲဖြစ်ပေါ်လာတယ်။ အဲဒီအခါမှာ မိဖုရားခေါင်ကြီးက ရောဟိနီဖြစ်ခဲ့တယ်။"

ဘုရားရှင်က အဲဒီအတိတ်အကြောင်းအရာကို ပြောပြပြီး "ရောဟိနီ၊ အဲဒီအခါက သင်ဟာ အဲဒီအမှုကို ပြုခဲ့တယ်။ ဒေါသ၊ ဣဿာကို အနည်းငယ်လေးတောင် မပြုလုပ်သင့်သည်သာ"လို့ မိန့်ကာ အောက်ပါတရားစကားကို မိန့်ပါတယ်။

"ဒေါသ၊ မာနကို ပယ်စွန့်ရတယ်။ သံယောဇဉ်အားလုံးကို လွန်မြောက်ရပါတယ်။ နာမ်ရုပ်မှာ မငြိကပ်ဘဲ ကိလေသာကြောင့်ကြမှု မရှိသူထံ ဆင်းရဲတွေက မကျရောက်ကြပါ"

တရားဒေသနာအဆုံးမှာ တရားနာပရိသတ်များစွာဟာ သောတာပန် စသည် ဖြစ်ကြပါတယ်။ ရောဟိနီလည်း သောတာပန်ဖြစ်ပါတယ်။ အဲဒီခဏမှာ ရောဟိနီရဲ့ခန္ဓာကိုယ်ဟာ ရွှေအဆင်းလို အဆင်းရှိသွားပါတယ်။ ရောဟိနီဟာ လှပြည်ကသေပြီး တာဝတိံသာနတ်ပြည် မှာ နတ်သား ၄ ယောက်ရဲ့ နယ်ပယ်အကြားမှာ ဖြစ်ပါတယ်။

http://www.dhammadownload.com



သူမရဲ့ရုပ်ရည်က စိတ်ကို ကြည်လင်စေပါတယ်။ အလွန်တင့်တယ်ပါတယ်။ နတ်သား ၄ ယောက်လုံးကလည်း အဲဒီနတ်သမီးကိုမြင်ပြီး ချစ်ခင်သွားကြလို့ "ငါ့နယ်ပယ်အတွင်းမှာ ဖြစ်တယ်၊ ငါ့နယ်ပယ်အတွင်းမှာ ဖြစ်တယ်"လို့ ငြင်းခုံကာ သိကြားမင်းထံ ရောက်သွားပြီး ပြောကြတယ်။

"အရှင်သိကြားမင်း၊ ဒီနတ်သမီးကို အမှီပြုပြီး အကျွန်ုပ်တို့မှာ အငြင်းအခုံ ဖြစ်နေပါတယ်။ အဲဒါကို ဆုံးဖြတ်ပေးပါ"

သိကြားမင်းကလည်း အဲဒီနတ်သမီးကို မြင်မြင်ချင်းပဲ ချစ်ခင်သွားလို့ ဒီလိုပြောပါတယ်။

"ဒီနတ်သမီးကို မြင်ရတဲ့အချိန်ကစပြီး သင်တို့ရဲ့စိတ်တွေ ဘယ်လိုဖြစ်ကြပါသလဲ"

အဲဒီအခါ နတ်သားတစ်ယောက်ပြီးတစ်ယောက် ဒီလိုပြောကြပါတယ်။

"အကျွန်ုပ်မှာ ဖြစ်တဲ့စိတ်က စစ်မြေပြင်က စည်ကြီးလိုပါပဲ။ ကောင်းကောင်း ငြိမ်ဝပ်မနေနိုင်ပါ"

"အကျွန်ုပ်ရဲ့စိတ်က တောင်ကျမြစ်ရေလို အလျင်အမြန် သူမဆီပဲ တစ်စီးတည်း စီးနေပါတယ်"

"အကျွန်ုပ် ဒီနတ်သမီးကို မြင်ရတဲ့အချိန်ကစပြီး ပုစွန်ရဲ့မျက်လုံးတွေလိုပဲ ထွက်နေကြပါတယ်"

"အကျွန်ုပ်ရဲ့စိတ်က စေတီမှာ စိုက်ထူထားတဲ့ တံခွန်လိုပဲ မတုန်လှုပ်အောင် မရပ်တည်နိုင်ပါ"

အဲဒီအခါ အဲဒီနတ်သား ၄ ယောက်ကို သိကြားမင်းက ပြောပါတယ်။

"မိတ်ဆွေတို့၊ သင်တို့ရဲ့စိတ်တွေကတော့ နှိပ်ကွပ်လို့ရတဲ့သဘော ရှိကြသေးတယ်။ ငါကတော့ ဒီနတ်သမီးကိုရရင် အသက်ရှင်ရပါလိမ့်မယ်၊ မရရင် ငါသေရပါလိမ့်မယ်"

http://www.dhammadownload.com



နတ်သားတွေက "သိကြားမင်း၊ သင် သေရတာ အကျိုးမရှိပါ။ သင့်ကို မသေစေလိုပါ"လို့ ပြောကာ အဲဒီနတ်သမီးကို သိကြားမင်းအား စွန့်လွှတ်ကာ ဖဲခွာသွားကြပါတယ်။ ရောဟိနီဟာ သိကြားမင်းရဲ့ ချစ်ခင်မြတ်နိုးရသူလေး ဖြစ်သွားပါတယ်။ "ဘယ်ပျော်ပွဲသဘင်ကို ငါတို့ သွားကြမယ်"လို့ ရောဟိနီက ပြောရင် သိကြားမင်းဟာ ရောဟိနီရဲ့ စကားကို မပယ်ရှားနိုင်ပါ။ (ဓမ္မပဒ၊ ဠ၊ ဒု၊ ၁၉၂)

သိကြားမင်းရော အဲဒီနတ်သား ၄ ယောက်ပါ ကာမဂုဏ်အာရုံတွေကို သာယာတပ်မက်တဲ့ ကာမရာဂ မကင်းကြသေးတာမို့ ချစ်စရာလေး တွေ့တော့ ချစ်ကြပါတယ်။ အချစ်စိတ်မကုန်သေးရင် လူဖြစ်ဖြစ်၊ နတ်ဖြစ်ဖြစ် ချစ်စရာတွေ့က ချစ်ကြတာဟာ ကာမဘုံသားတွေရဲ့ ဓမ္မတာပါပဲ။ နတ်တို့ရဲ့ အချစ်အင်အားကလည်း မသေးကြပါ။ သိကြားမင်းရဲ့ အချစ်အင်အားက အကြီးမားဆုံး ဖြစ်နေပါတယ်။ နတ်သား ၄ ယောက်ရဲ့ အချစ်စကားလေးတွေကလည်း ကဗျာဆန်နေပါတယ်။ ရောဟိနီရဲ့အလှကလည်း မြင်ရသူနတ်သားတွေရဲ့ ရင်ကို အကြီးအကျယ် ကိုင်လှုပ်နိုင်ပါပေတယ်။ ရောဟိနီရဲ့အလှဟာ နတ်သားတွေကိုတောင် ဒီလောက်ဖမ်းစားညှို့ယူနိုင်ရင် လူယောကျ်ားတွေကိုတော့ ဘယ်လောက်များ ညှို့ယူဖမ်းစားလေမလဲ။ ဥမ္မာဒန္တီရဲ့အလှကတောင် မြင်ရသူ လူယောကျ်ားတွေကို အရူးအမူး ဖြစ်သွားစေသေးတော့ ရောဟိနီရဲ့အလှကတော့ ဥမ္မာဒန္တီရဲ့အလှထက် အဆပေါင်းရာ ထောင် သိန်း သန်းမက ညှို့ယူနိုင်အား ဖမ်းစားနိုင်အား ပို၍ကြီးမားပါလိမ့်မယ်။

http://www.dhammadownload.com

# ဥပ္ပလဝဏ်လောင်းလျာ ဥမ္မာဒန္တီ

နာမည်ကြီးလှတဲ့ ဥမ္မာဒန္တီဟာ ဥပ္ပလဝဏ်ထေရီလောင်းလျာ ဖြစ်ပါတယ်။ ဥမ္မာဒန္တီဟာ အရိဋ္ဌပုရမြို့က တိရိဋိဝစ္ဆအမည်ရှိ ကုဋေ ၈၀ ကြွယ်ဝသူ သူဌေးရဲ့သမီး ဖြစ်ပါတယ်။ မြင့်မြတ်တဲ့ အဆင်းကို ဆောင်ပါတယ်။ ဘုန်းကံနဲ့ ပြည့်စုံပါတယ်။ တင့်တယ်ပါတယ်။ သူမရဲ့ နာမည်မှည့်ရာ နေ့မှာ ဥမ္မာဒန္တီလို့ နာမည်မှည့်ကြပါတယ်။ သူမဟာ အသက် ၁၆ နှစ်ရှိတဲ့အခါ လူ့အလှကို ကျော်လွန်ကာ နတ်သမီးလို ဖြစ်နေပါတယ်။ အလွန်အဆင်းလှပါတယ်။ ကြည့်ရှုချင်ဖွယ် ဖြစ်ပါတယ်။ စိတ်ကို ကြည်လင်စေပါတယ်။ အသာဆုံး ရုပ်အဆင်း၊ ကိုယ်နေကိုယ်ထားနဲ့ ပြည့်စုံပါတယ်။ သူမကို မြင်ရတဲ့ ပုထုဇဉ်မှန်သမျှဟာ ကိုယ့်ပင်ကိုသဘောအတိုင်း ကောင်းကောင်းမတည်ရှိနိုင်ကြပါ။ အရက်မူးသူတွေလို ကိလေသာနဲ့ ယစ်မူးသွားကြပါတယ်။ သတိထားနိုင်စွမ်း မရှိကြတော့ပါ။ အဲဒီအခါ သူမရဲ့ဖခင် တိရိဋိဝစ္ဆသူဌေးက သိဝိမင်းကို ချဉ်းကပ်ပြီး ဒီလို ပြောပါတယ်။

"အရှင်မင်း၊ အကျွန်ုပ်ရဲ့အိမ်မှာ မိန်းမရတနာ ဖြစ်ပေါ်နေပါတယ်။ မင်းအားသာ သင့်တော်ပါတယ်။ လက္ခဏာဖတ်တဲ့ ပုဏ္ဏားတွေကို စေလွှတ်ပြီး အဲဒီမိန်းမရတနာကို စုံစမ်းခိုင်းကာ အလိုရှိသလို ပြုလုပ်တော်မူပါ။"

http://www.dhammadownload.com



သိဝိမင်းက ကောင်းပြီလို့ပြောပြီး ပုဏ္ဏားတွေကို စေလွှတ်လိုက်ပါတယ်။ အဲဒီပုဏ္ဏားတွေက သူဌေးအိမ်ကိုသွားပြီး ပူဇော်မြတ်နိုးမှုကို ခံယူကာ နို့ယနာထမင်းကို စားကြပါတယ်။ အဲဒီခဏမှာ ဥမ္မာဒန္တီဟာ တန်ဆာအားလုံးနဲ့ တန်ဆာဆင်ပြီး အဲဒီပုဏ္ဏားတွေထံ သွားပါတယ်။ အဲဒီပုဏ္ဏားတွေက ဥမ္မာဒန္တီကို မြင်ပြီး သတိမထားနိုင်ကြပါ။ ကိလေသာနဲ့ ယစ်မူးသွားကြပါတယ်။ သူတို့ရဲ့ စားမပြီးသေးတဲ့အဖြစ်ကို မသိကြတော့ပါ။ တချို့က ထမင်းလုတ်ကိုယူပြီး စားကြမယ်လို့ ထင်မှတ်လျက် ဦးခေါင်းမှာ ထားကြပါတယ်။ တချို့က ချိုင်းကြားအနီးမှာ ပစ်ကြပါတယ်။ တချို့က နံရံကို ပုတ်ခတ်ကြပါတယ်။ ပုဏ္ဏားအားလုံးဟာ အရူးတွေချည်းပဲ ဖြစ်သွားကြပါတယ်။ ဥမ္မာဒန္တီဟာ အဲဒီပုဏ္ဏားတွေကို မြင်ပြီး "ဒီပုဏ္ဏားတွေက ငါ့ရဲ့လက္ခဏာကို စုံစမ်းကြမလို့တဲ့။ သူတို့ရဲ့ လည်ပင်းကိုကိုင်ပြီး ဆွဲထုတ်ကြပါ" လို့ ပြောပြီး ဆွဲထုတ်ခိုင်းပါတယ်။ အဲဒီပုဏ္ဏားတွေဟာ မျက်နှာမသာမယာဖြစ်ပြီး မင်းနန်းတော်ကို သွားကြပါတယ်။ ဥမ္မာဒန္တီကို စိတ်ဆိုးပြီး "အရှင်မင်း၊ အဲဒီမိန်းမက ကျက်သရေယုတ်တဲ့ မိန်းမပါ။ အရှင်မင်းနဲ့ မသင့်တော်ပါ" လို့ လျှောက်တင်ကြပါတယ်။

သိဝိမင်းက "ကျက်သရေယုတ်တဲ့ မိန်းမတဲ့" လို့ ကြားရပြီး အဲဒီမိန်းမကို အခေါ်မခိုင်းတော့ပါ။ ဥမ္မာဒန္တီက အဲဒီဖြစ်ပုံကို ကြားရပြီး "ငါဟာ ကျက်သရေယုတ်တဲ့ မိန်းမဖြစ်သတဲ့" လို့ ဆိုကာ မင်းက ငါ့ကို မယူတော့ ကျက်သရေယုတ်တဲ့ မိန်းမတွေဆိုတာ ဒီလိုမဟုတ်ကြပါ" လို့ ပြောပြီး "ရှိပါစေ၊ အဲဒီမင်းကို ငါ မြင်ရရင် သိစေရမယ်" လို့ သိဝိမင်းအပေါ် ရန်ငြိုးဖွဲ့သွားပါတယ်။ အဲဒီအခါ ဥမ္မာဒန္တီကို ဖခင်က သိဝိမင်းရဲ့စစ်သူကြီးဖြစ်တဲ့ အဘိပါရကအား ပေးလိုက်ပါတယ်။ အဘိပါရကက ဥမ္မာဒန္တီကို ချစ်မြတ်နိုးလှပါတယ်။

http://www.dhammadownload.com



ဘယ်ကံရဲ့ အကျိုးဆက်ကြောင့် ဥမ္မာဒန္တီဟာ အဲဒီလောက် လှရပါသလဲ။ နီတဲ့အဝတ်ကို လှူခဲ့တဲ့ အလှူရဲ့အကျိုးဆက်ကြောင့် လှရပါတယ်။ သူမဟာ အတိတ်ဘဝက ဗာရာဏသီမြို့က ဆင်းရဲတဲ့ အမျိုးမှာ ဖြစ်ခဲ့ပါတယ်။ ပွဲလမ်းသဘင်နေ့မှာ ဘုန်းကံနဲ့ ပြည့်စုံတဲ့ မိန်းမတွေဟာ ဝတ်ပန်းနဲ့ ဆိုးထားတဲ့ အဝတ်နီကိုဝတ်ပြီး တန်ဆာဆင်ကာ ပျော်ပါးကြပါတယ်။ သူမက အဲဒီမိန်းမတွေကိုမြင်ပြီး အဲဒီအဝတ်ကို ဝတ်ကာ ပျော်ပါးလိုပါတယ်။ မိဘတွေအား ပြောပြတယ်။ မိဘတွေက "သမီး၊ ငါတို့က ဆင်းရဲသားတွေပဲ။ ငါတို့မှာ ဘယ်က အဲဒီလို အဝတ်ရှိမှာလဲ" လို့ ပြောကြတယ်။ "ဒီလိုဆိုရင် ကျွန်မကို ချမ်းသာကြွယ်ဝတဲ့ အိမ်တစ်အိမ် မှာ အခစားအလုပ် လုပ်ဖို့ ခွင့်ပြုကြပါ" လို့ ပြောတယ်။ မိဘတွေက ခွင့်ပြုလို့ သူမဟာ အိမ်တစ်အိမ်ကို ချဉ်းကပ်ပြီး "ဝတ်ပန်းနဲ့ ဆိုးထားတဲ့ အဝတ်နီအတွက် အခစားအလုပ်ကို လုပ်ပါမယ်" လို့ ပြောတယ်။ အဲဒီအခါ သူမကို အဲဒီလူတွေက "သုံးနှစ်ပတ်လုံး အလုပ်လုပ်ပြီးတဲ့အခါ သင့်ရဲ့ဂုဏ်ကိုသိပြီး ငါတို့က ပေးကြပါမယ်" လို့ ပြောကြပါတယ်။ သူမက ကောင်းပါပြီလို့ ဝန်ခံပြီး အလုပ် လုပ်ပါတယ်။ အဲဒီလူတွေက သူမရဲ့ဂုဏ်ကိုသိပြီး သုံးနှစ်မပြည့်မီမှာပဲ သူမအား တစ်ခဲနက် ဝတ်ပန်းနဲ့ဆိုးထားတဲ့ အဝတ်နီနဲ့အတူ အခြားအဝတ်ကိုလည်း ပေးတယ်။ "သင့်ရဲ့ သူငယ်ချင်းမတွေနဲ့အတူ သွားပြီး ရေချိုးကာ ဝတ်ပါ" လို့ပြောပြီး သူမကို စေလွှတ်လိုက်ကြပါတယ်။ အဲဒီသူငယ်ချင်းမက ယူသွားပြီး အဝတ်နီကို မြစ်ကမ်းဘေးမှာထားကာ ရေချိုးတယ်။

အဲဒီခဏမှာ ကဿပဘုရားရှင်ရဲ့ တပည့်တစ်ပါးက သင်္ကန်းခိုးလုခံရလို့ သစ်ခက်တွေကို ချိုးကာ ဝတ်ရုံပြီး အဲဒီအရပ်ကို ရောက်လာတယ်။ သူမက အဲဒီရဟန်းကို မြင်ပြီး "ဒီအရှင်ဟာ သင်္ကန်းခိုးလုခံရတာ ဖြစ်လိမ့်မယ်။ ရှေးဘဝမှာလည်း မလှူခဲ့လို့ ငါဟာ အဝတ်ကို ရဖို့

http://www.dhammadownload.com



ခဲယဉ်းတာ ဖြစ်တယ်” လို့ တွေးပြီး အဲဒီအဝတ်ကို နှစ်ပိုင်းခွဲလိုက်တယ်။ “တစ်ပိုင်းကို အရှင်မြတ်အား လှူမယ်” လို့ကြံကာ ရေချိုးရာက တက်လာတယ်။ သူမရဲ့အဝတ်ကိုဝတ်ပြီး “အရှင်ဘုရား၊ ရပ်ပါဦး”လို့ လျှောက်ကာ မထေရ်ကို ရှိခိုးတယ်။ အဝတ်နီကို အလယ်မှာခွဲပြီး မထေရ်အား တစ်ပိုင်းကို လှူတယ်။ မထေရ်က သင့်တင့်ရာအရပ်က ဖုံးကွယ်ရာ အရပ်မှာရပ်ကာ ချိုးလာတဲ့သစ်ကိုင်းကို စွန့်ပစ်လိုက်တယ်။ အဲဒီ အဝတ်နီရဲ့ အစွန်းတစ်ခုကို သင်းပိုင်လုပ်ဝတ်ပြီး အစွန်းတစ်ခုကိုရုံကာ ထွက်ခွာသွားတယ်။ အဲဒီအခါ မထေရ်ရဲ့အဝတ်သက်န်း အရောင်ကြောင့် တစ်ကိုယ်လုံးဟာ တက်သစ်စနေလို တစ်ခဲနက် တောက်ပနေတယ်။ သူမဟာ မထေရ်ကိုမြင်ရပြီး “ငါ့ရဲ့ အရှင်မြတ်ဟာ ပထမက မတင့်တယ် အခုတက်သစ်စနေလို တင့်တယ် တောက်ပနေတယ်။ ဒီကျန်အဝတ်ပိုင်းကိုလည်း အဲဒီမထေရ်အားပဲ လှူမယ်”လို့ ဆုံးဖြတ်ကာ ဒုတိယအဝတ်ပိုင်းကိုလည်း လှူလိုက်တယ်။ ပြီးတော့ ဒီလို ဆုတောင်းတယ်။

“အရှင်ဘုရား၊ တပည့်တော်ဟာ ဘဝသံသရာမှာ ကျင်လည်ရတဲ့အခါ မြင့်မြတ်တဲ့ ရုပ်အဆင်းကို ဆောင်နိုင်သူ ဖြစ်ရပါလို၏။ တပည့်တော်မကို မြင်ရပြီး ယောကျ်ားတစ်ယောက်တလေမှ သူ့ပင်ကိုသဘောအတိုင်း မတည်ရှိနိုင်ပါစေသတည်း။ တပည့်တော်မထက် ရုပ်ပိုလှတဲ့ အခြားမိန်းမ မရှိပါစေသတည်း။”

မထေရ်ကလည်း အနုမောဒနာပြုပြီး ဖဲခွာသွားပါတယ်။ သူမဟာ နတ်လောကမှာ ကျင်လည်ရင်း အဲဒီအချိန်က အရိဋ္ဌပုရမြို့မှာဖြစ်ကာ အဲဒီလို အလွန်လှပတဲ့ ဥမ္မာဒန္တီ ဖြစ်ခဲ့တယ်။ အဲဒီအချိန်က အဲဒီမြို့မှာ ကြတ္တိကာနက္ခတ်ပွဲသဘင်ကို ကြွေးကြော်ထားကြတယ်။ တန်ဆောင်းမုန်းလပြည့်နေ့မှာ မြို့ကို ပြင်ဆင်ကြတယ်။ အဘိပါရကစစ်သူကြီးက

http://www.dhammadownload.com



သူစောင့်ရှောက်ရမယ့်နေရာကို သွားတဲ့အခါ ဥမ္မာဒန္တီကိုခေါ်ပြီး ပြောတယ်။

"ရှင်မ ဥမ္မာဒန္တီ၊ ဒီနေ့ ကြတ္တိကာနက္ခတ်နဲ့ယှဉ်တဲ့ ညရဲ့ ပွဲသဘင် အလှည့် ဖြစ်တယ်။ သိဝိမင်းက မြို့ကို လက်ယာရစ်လှည့်လည်တဲ့အခါ ဒီအိမ်တံခါးကို ပထမဆုံး လာလိမ့်မယ်။ သိဝိမင်းအား သင့်ကိုယ်ကို မပြပါနဲ့၊ သိဝိမင်းကလည်း သင့်ကိုမြင်ပြီး သတိထားနိုင်မှာ မဟုတ်ပါ"

"အို အရှင်၊ သင်သွားပါ။ ကျွန်မ သိပါမယ်။"

ဥမ္မာဒန္တီက လက်ခံပြီး အဘိပါရက စစ်သူကြီး သွားတဲ့အခါ ကျွန်မကို စေခိုင်းပါတယ်။

"သိဝိမင်း ဒီအိမ်တံခါးကို ရောက်လာတဲ့အခါ ငါ့အား ပြောပါ"

နေဝင်သွားပြီး လထွက်ပေါ်လာတဲ့အခါ နတ်မြို့လို မြို့ကို တန်ဆာဆင်ပြီး အရပ်မျက်နှာအားလုံးမှာ ဆီမီးတွေကို ထွန်းညှိထားတယ်။ မင်းက တန်ဆာအားလုံးနဲ့ တန်ဆာဆင်ကာ အာဇာနည်မြင်းရထား မြတ်ပေါ် ရောက်နေတယ်။ အမတ်အပေါင်း ခြံရံပြီး အခြံအရံများစွာနဲ့ မြို့ကို လက်ယာရစ်လှည့်တယ်။ ပထမဆုံးပဲ အဘိပါရက စစ်သူကြီးရဲ့ အိမ်တံခါးကို သွားတယ်။ အဲဒီအိမ်က ဆေးဒါန်းမြင်းသီလာရောင် တံတိုင်းနဲ့ ကာရံထားတယ်။ တန်ဆာဆင်ထားတဲ့ တံခါး,ပြအိုး ရှိတယ်။ တင့်တယ်တယ်။ စိတ်ကို ကြည်လင်စေတယ်။ အဲဒီအခါခဏမှာ ကျွန်မ က ဥမ္မာဒန္တီအား ပြောတယ်။ ဥမ္မာဒန္တီက ပန်းကြုတ်ကို အယူခိုင်းပြီး ကိန္နရီမရဲ့ တင့်တယ်ပုံနဲ့ လေသာပြတင်းကိုမှီပြီး ရပ်ကာ မင်းအပေါ် ပန်းတွေကို ပစ်ချတယ်။ သိဝိမင်းက ဥမ္မာဒန္တီကို မော်ကြည့်ပြီး ကိလေသာနဲ့ ယစ်မူးကာ သတိမထားနိုင် ဖြစ်သွားတယ်။ "ဒီအိမ်က အဘိပါရကရဲ့ အိမ်ပဲ" လို့ မမှတ်နိုင်အောင်တောင် ဖြစ်သွားတယ်။

သိဝိမင်းက ရထားထိန်းကို ခေါ်ပြီးမေးလို့ "အဘိပါရက စစ်သူကြီးရဲ့မယား ဥမ္မာဒန္တီဖြစ်ကြောင်းကို ရထားထိန်းက ရှင်းပြတယ်။ ဥမ္မာ

http://www.dhammadownload.com



ဒန္တိက သိဝိမင်း တုန်လှုပ်သွားတာကိုသိပြီး လေသာပြတင်းကို ပိတ်ကာ ကျက်သရေတိုက်ခန်းကိုပဲ သွားတယ်။ သိဝိမင်းကလည်း ဥမ္မာဒန္တီကို မြင်ပြီးချိန်ကစပြီး မြို့ကို လက်ယာရစ်လှည့်ဖို့ စိတ်တောင် မဖြစ်ပေါ်တော့။ သိဝိမင်းဟာ ရထားထိန်းကို ခေါ်ပြီး "မိတ်ဆွေ သုနန္ဒရထားထိန်း၊ ရထားကို ပြန်လှည့်ပါ။ ဒီပွဲသဘင်ဟာ ငါတို့အား မသင့်လျော်ပါ။ အဘိပါရက စစ်သူကြီးအားသာ သင့်လျော်ပါတယ်။ မင်းအဖြစ်ကလည်း အဘိပါရကအားသာ သင့်လျော်ပါတယ်" လို့ ပြောကာ ရထားကို လှည့်ခိုင်းပါတယ်။ ပြာသာဒ်ပေါ် တက်ပြီး ကျက်သရေရှိတဲ့ အိပ်ရာပေါ် လဲလျောင်းကာ ဥမ္မာဒန္တီကို တမ်းတကာ ရောင်ယမ်း ပြောဆိုနေပါတယ်။ အဲဒီအခါ အဲဒီအမတ်တွေက အဘိပါရကအားလည်း "အရှင်၊ သိဝိမင်းက မြို့ကိုလက်ယာရစ်လှည့်လည်တဲ့အခါ သင်တို့ရဲ့အိမ်တံခါးကိုရောက်ပြီး ပြန်လှည့်ကာ ပြာသာဒ်ပေါ် တက်သွားပါတယ်" လို့ ပြောကြတယ်။ အဘိပါရက က မိမိအိမ်ကိုသွားပြီး ဥမ္မာဒန္တီကို ခေါ်ကာ မေးပါတယ်။

"ရှင်မ၊ ဘယ်လိုပါလဲ။ သင်က သင့်ကိုယ်ကို သိဝိမင်းအား ပြလိုက်ပါသလား။"

"အို အရှင်၊ ဝမ်းဗိုက်ကြီးပြီး ကျင်စွယ်ရှည်တဲ့ ရထားမှာရပ်ကာ လာတဲ့ ယောကျ်ားတစ်ယောက် ရှိပါတယ်။ ကျွန်မက သူ့ကို မင်း ဟုတ်လား၊ မဟုတ်လား မသိပါ။ အစိုးရသူတစ်ယောက်ပဲလို့ ပြောတဲ့အခါ လေသာပြတင်းမှာရပ်ကာ ပန်းတွေကို ပစ်ချခဲ့ပါတယ်။ အဲဒီလူက အဲဒီခဏမှာပဲ ပြန်လှည့်ကာ သွားပါတယ်။"

အဘိပါရက က အဲဒီစကားကို ကြားရပြီး "ငါ့ကို သင် ဥမ္မာဒန္တီက ဖျက်ဆီးတယ်" လို့ တွေးကာ နောက်နေ့မှာ နံနက်စောစောပဲ မင်းနန်းတော်ကို တက်တယ်။ ကျက်သရေ တိုက်ခန်းတံခါးနားမှာ ရပ်ပြီး သိဝိ

http://www.dhammadownload.com



မင်းရဲ့ ဥမ္မာဒန္တီကိုအစွဲပြုကာ ရောင်ယမ်းပြောဆိုနေသံကို ကြားရတယ်။ "ဒီသိဝိမင်းဟာ ဥမ္မာဒန္တီအပေါ် တပ်မက်စွဲလမ်းစိတ် ဖြစ်နေတယ်။ ဥမ္မာဒန္တီကို မရရရင် သိဝိမင်းဟာ သေလိမ့်မယ်။ သိဝိမင်းရဲ့ရော၊ ငါ့ရဲ့ပါ အပြစ်လွှတ်စေပြီး ဒီသိဝိမင်းအား ငါဟာ အသက်ကို ပေးသင့်တယ်" လို့ တွေးတယ်။ မိမိရဲ့အိမ်ကို သွားပြီး အလွန်ရင်းနှီးတဲ့ အလုပ်အကျွေးတစ်ယောက်ကို ဒီလိုပြောပါတယ်။

"ချစ်သား၊ ဒီအမည်ရှိနေရာမှာ အခေါင်းရှိ နတ်ကွန်းသစ်ပင်ရှိတယ်။ သင်က တစ်စုံတစ်ယောက်ကိုမှ အသိမပေးဘဲ နေဝင်တဲ့အခါ အဲဒီနေရာကိုသွားပြီး သစ်ပင်ထဲမှာထိုင်ပါ။ ငါက အဲဒီသစ်ပင်မှာ ပူဇော်မှုပြုတဲ့အခါ အဲဒီနေရာကိုရောက်ပြီး နတ်ကို ရှိခိုးမယ်။ အိုအရှင်နတ်မင်း၊ ငါတို့ရဲ့မင်းဟာ မြို့ထဲ ပွဲသဘင် ဆင်ယင်နေတဲ့အခါ မပျော်ပါးဘဲ ကျက်သရေ တိုက်ခန်းကိုဝင်ကာ ရောင်ယမ်းရင်းပဲ လဲလျောင်းနေတယ်။ ငါတို့ဟာ အဲဒီကိစ္စမှာ အကြောင်းကို မသိကြပါ။ မင်းက နတ်တွေအား ကျေးဇူးများပါတယ်။ နှစ်စဉ် အသပြာတစ်ထောင်ကို စွန့်လွှတ်ပြီး နတ်ပူဇော်မှု ပြုလုပ်တယ်။ ဒီဥမ္မာဒန္တီကို အစွဲပြုပြီး သိဝိမင်းဟာ ရောင်ယမ်းပြောဆိုနေတယ်လို့ ပြောပါ။ ငါတို့ရဲ့ သိဝိမင်းအား အသက်အလှူ လှူကြပါ" လို့ ငါ တောင်းဆိုမယ်။ သင်က အဲဒီခဏမှာ အသံကို ပြောင်းလဲပြီး "စစ်သူကြီး၊ သင်တို့ရဲ့ သိဝိမင်းမှာ အနာရောဂါ မရှိပါ။ တကယ်တော့ သိဝိမင်းဟာ သင့်ရဲ့ဇနီး ဥမ္မာဒန္တီအပေါ် တပ်မက်စွဲလမ်းစိတ် ဖြစ်နေတယ်။ ဥမ္မာဒန္တီကို သိဝိမင်းရရင် သူဟာ အသက်ရှင်မယ်။ မရရရင် သေလိမ့်မယ်။ သိဝိမင်းရဲ့ အသက်ကို အလိုရှိရင် သိဝိမင်းအား ဥမ္မာဒန္တီကို ပေးပါလို့ ပြောပါ။"

အဲဒီလို အဲဒီအလုပ်အကျွေးကို သင်ပေးပြီး ပြန်လွှတ်လိုက်ပါတယ်။ အဲဒီအလုပ်အကျွေးက သွားပြီး အဲဒီသစ်ပင်မှာ ထိုင်တယ်။ နောက်နေ့မှာ စစ်သူကြီးက အမတ်အပေါင်းခြံရံပြီး အဲဒီအရပ်ကို သွား

http://www.dhammadownload.com



ကာ တောင်းပန်တဲ့အခါ အဲဒီအလုပ်အကျွေးက အဲဒီပြောထားတဲ့ အတိုင်း ပြောတယ်။ စစ်သူကြီးက "ကောင်းပြီ" လို့ပြောပြီး နတ်ကို ရှိခိုးကာ အမတ်တွေကို သိအောင်ပြောပြပြီး မြို့ထဲဝင်တယ်။ မင်းနန်း တော်ပေါ် တက်ပြီး ကျက်သရေတိုက်ခန်းတံခါးကို ခေါက်တယ်။ မင်း က သတိထားပြီး "အဲဒီခေါက်တဲ့သူက ဘယ်သူလဲ" လို့ မေးတယ်။ "အရှင်မင်း၊ ကျွန်တော်က အဘိပါရကပါ" လို့ ဖြေတယ်။ အဲဒီအခါ အဘိပါရကအတွက် သိဝိမင်းက တံခါးကို ဖွင့်ပေးလိုက်ပါတယ်။ အဘိ ပါရက က ဝင်ပြီး မင်းကို ရှိခိုးကာ နတ်ရဲ့စကားအရ ဥမ္မာဒန္တီကို သင် အား မယားအဖြစ် ပေးပါကြောင်း လျှောက်ထားတယ်။ အဲဒီအခါ သိဝိ မင်းက အဘိပါရကကို ဒီလိုမေးပါတယ်။

"အဘိပါရကစစ်သူကြီး၊ ဥမ္မာဒန္တီအပေါ် ငါတပ်မက်တွယ်တာ စိတ် ဖြစ်ပြီး ရောင်ယမ်းနေတာကို နတ်တွေကတောင် သိကြသလား"

"အရှင်မင်း၊ သိကြပါတယ်။"

"တစ်လောကလုံးက ငါ့ရဲ့ ယုတ်မာမှုကို သိနေပြီးတဲ့။"

အဲဒီလို တွေးကာ ရှက်စိတ်ဝင်သွားပါတယ်။ အဘိပါရက က သိဝိမင်းအား တရားဟောတယ်။ သိဝိမင်းက ဥမ္မာဒန္တီအပေါ် တပ်မက် တွယ်တာစိတ်ကို ပယ်ဖျောက်လိုက်ပါတယ်။

သိဝိမင်းက ဘုရားလောင်း၊ ဥမ္မာဒန္တီက ဥပ္ပလဝဏ်အလောင်း၊ အဘိပါရက က အရှင်သာရိပုတ္တရာအလောင်း၊ သုနန္ဒရထားထိန်းက အရှင်အာနန္ဒာအလောင်း ဖြစ်ပါတယ်။

**(ဇာတ်၊ ၄၊ ၅၊ ၂၂၁)**

သူ့ကိုမြင်သမျှ ယောကျ်ားတွေကို ရူးသွားစေတတ်, သတိမထား နိုင်အောင် လုပ်တတ်လို့ ဥမ္မာဒန္တီအမည်ရတဲ့ နာမည်ကြီး အမျိုးသမီး ဟာ ဥပ္ပလဝဏ်ထေရီလောင်းလျာ ဖြစ်နေပါတယ်။ သိဝိမင်းအား

http://www.dhammadownload.com



သိကြားမင်းက ဆုပေးလို့ ဆုတောင်းရရင် တစ်ည၊ နှစ်ညလောက် အဘိပါရက စစ်သူကြီးဖြစ်ပြီး ဥမ္မာဒန္တီနဲ့အတူ ပျော်မွေ့ရတဲ့ ဆုကို တောင်းလိုပါသတဲ့။ အဲဒီဆုကို ရလိုပါသတဲ့။ ဘုရားလောင်း သိဝိမင်း ကိုတောင် အရှုံးအမှုးဖြစ်သွားအောင် လုပ်နိုင်စွမ်းရှိပါပေတယ်။ ဥမ္မာ ဒန္တီလို မိန်းကလေးတွေများလာခဲ့ရင် ယောကျ်ားတွေ ပိုပြီးဒုက္ခရောက် ရချေရဲ့။ ယောကျ်ားတွေ ပိုပြီးရှုံးသွားကြပါလိမ့်မယ်။

ပညာအရာမှာ အသာဆုံး ရဟန်းလောင်းလျာနဲ့ တန်ခိုးအရာမှာ အသာဆုံး ရဟန်းမလောင်းလျာတို့ဟာ ဇနီးမောင်နှံအဖြစ်နဲ့ ဘဝတစ်ကွေ့မှာ ဆုံတွေ့ခဲ့ကြပါတယ်။ နောက်ဆုံးဘဝပိုင်ရှင်တွေ မဖြစ်သေး သမျှ ဘဝသံသရာခရီးမှာ ပုံစံအမျိုးမျိုးနဲ့ ဆုံတွေ့နိုင်ကြပါတယ်။ ဘုရား လောင်း သိဝိမင်းဟာ ဥမ္မာဒန္တီအပေါ် အရှုံးအမှုး ဖြစ်သွားပေမယ့် အလွန်အကျူးအဆင့်ကိုတော့ မရောက်အောင် သတိဝင်နိုင်ပါပေ တယ်။ တော်ပါသေးတယ်။

http://www.dhammadownload.com

# နတ်သမီးလေး ပေါက်ပေါက်

အရှင်မဟာကဿပဟာ ပိပ္ပလိဂူမှာနေရင်း ဈာန်ဝင်စားတယ်။ ၇ ရက်မြောက်နေ့မှာ ဈာန်မှထတယ်။ ဒိဗ္ဗစက္ခုအဘိညာဉ်နဲ့ ဆွမ်းခံရာ နေရာကိုကြည့်တဲ့အခါ သလေးခင်းစောင့် မိန်းမတစ်ယောက် သလေး နှံတွေကိုယူပြီး ပေါက်ပေါက်တွေ လုပ်နေတာကို မြင်ရတယ်။ "သဒ္ဓါရှိ သလား၊ မရှိဘူးလား"လို့ စူးစမ်းတဲ့အခါ သဒ္ဓါရှိမှန်းသိပြီး "ငါ့အား ချီးမြှောက်နိုင်မလား၊ မနိုင်ဘူးလား"လို့ စူးစမ်းပြန်တယ်။ "ရဲရင့်တဲ့ အမျိုးသမီးဟာ ငါ့အားချီးမြှောက်လိမ့်မယ်။ ပြီးရင် ကြီးကျယ်တဲ့ စည်း စိမ်ကို ရလိမ့်မယ်"လို့ သိသွားတယ်။ သင်္ကန်းရုံပြီး သပိတ်ကိုယူကာ သလေးခင်းအနီးမှာပဲ ရပ်တည်နေတယ်။ အမျိုးသမီးဟာ မထေရ်ကို မြင်လျှင်မြင်ချင်းပဲ ကြည်ညိုစိတ်ဖြစ်ကာ တစ်ကိုယ်လုံးပီတိ ၅ မျိုး ဖုံး လွှမ်းသွားတယ်။ "အရှင်ဘုရား၊ ရပ်တော်မူပါဦး"လို့ လျှောက်ကာ ပေါက်ပေါက်တွေကိုယူပြီး အမြန်သွားတယ်။ မထေရ်ရဲ့သပိတ်မှာ လောင်းထည့်ကာ တည်ခြင်းငါးပါးနဲ့ ရှိခိုးပြီး "အရှင်ဘုရား၊ အရှင်ဘုရား တို့ မြင်ထားတဲ့တရားကို ရရပါလို၏"လို့ ဆုတောင်းတယ်။

မထေရ်က "အဲဒီအတိုင်း ဖြစ်ပါစေ"လို့ အနုမောဒနာပြုတယ်။ သူမကလည်း မထေရ်ကိုရှိခိုးပြီး ကိုယ်တိုင်လှူခဲ့တဲ့အလှူကို ဆင်ခြင်

http://www.dhammadownload.com



ရင်း ပြန်လှည့်သွားတယ်။ အဲဒီကန်သင်းရိုးမှာ သွားလမ်းက တွင်းတစ် တွင်းရှိ မြွေဟောက်ကလည်း လျောင်းနေတယ်။ မြွေက မထေရ်ရဲ့ သက်န်းဖုံးလွှမ်းထားတဲ့ ခြေသလုံးကို မကိုက်နိုင်ပါ။ သူမက ဒါနကို ဆင်ခြင်ကာ ပြန်လှည့်လာတော့ အဲဒီနေရာကို ရောက်တယ်။ မြွေက တွင်းထဲကထွက်လာပြီး သူမကိုကိုက်ကာ အဲဒီနေရာမှာပဲ လဲကျစေ ပါတယ်။ သူမက ကြည်ညိုစိတ်နဲ့ သေသွားပြီး တာဝတိံသာနတ်ပြည်မှာ ယူဇနာ ၃၀ ရှိဗိမာန်မှာ ဖြစ်တယ်။ အိပ်ရာမှထလာသူလိုပါပဲ၊ တန်ဆာ အားလုံးနဲ့ တန်ဆာဆင်ထားတဲ့ ၃ ဂါဝုတ်ရှိ ခန္ဓာကိုယ်နဲ့ ဖြစ်တယ်။ သူမက ၁၂ ယူဇနာရှိ နတ်အဝတ်တစ်ထည်ကို ခါးမှာဝတ်ပြီး တစ်ထည် ကိုရုံတယ်။ နတ်သမီးတစ်ထောင် ခြံရံပြီး ရှေးကုသိုလ်ကံကို ထင်ရှားပြဖို့ ရာ ရွှေပေါက်ပေါက်ပါတဲ့ တွဲလျားကျရွှေခွက်နဲ့ တန်ဆာဆင်ထားတဲ့ ဗိမာန်တံခါးမှာ ရပ်ရင်း သူမရဲ့စည်းစိမ်ကိုကြည့်ကာ "ငါဟာ ဘယ်ကံကို လုပ်ပြီး ဒီစည်းစိမ်ကို ရခဲ့သလဲ"လို့ ဒိဗ္ဗစက္ခုနတ်မျက်စိနဲ့ စူးစမ်းတဲ့အခါ "အရှင်မဟာကဿပမထေရ်အား လှူခဲ့တဲ့ ပေါက်ပေါက်ရဲ့အကျိုး ဆက်ကြောင့် ရခဲ့တယ်"လို့ သိတယ်။

သူမဟာ ဒီလိုကံအနည်းငယ်နဲ့ ဒီလိုစည်းစိမ်ကိုရပြီး "အခုငါဟာ မေ့လျော့ဖို့ မသင့်။ အရှင်မဟာကဿပရဲ့ ဝတ်ကြီးဝတ်ငယ်ကိုပြုပြီး ဒီစည်းစိမ်ကို ခိုင်မြဲအောင်ပြုမယ်"လို့ ကြံကာ နံနက်စောစောပဲ ရွှေနဲ့ပြီး တဲ့ တံမြက်စည်းကိုရော အမှိုက်တောင်းကိုပါ ယူပြီးသွားတယ်။ မထေရ် ရဲ့ပရိဝုဏ်ကို တံမြက်လှည်းပြီး သောက်ရေ၊ သုံးရေကို တည်ထား တယ်။ မထေရ်က အဲဒါကိုမြင်ပြီး "ရဟန်းငယ်၊ သာမဏေတစ်ပါးပါးက ဝတ်ကိုပြုထားတာ ဖြစ်လိမ့်မယ်"လို့ မှတ်ယူလိုက်တယ်။ သူမက ဒုတိယ နေ့မှာလည်း အဲဒီလိုပဲ လုပ်တယ်။ မထေရ်ကလည်း အဲဒီ အတိုင်းပဲ မှတ်ယူထားတယ်။ တတိယနေ့မှာတော့ မထေရ်က အဲဒီ

http://www.dhammadownload.com



နတ်သမီးရဲ့ တံမြက်လှည်းသံကို ကြားရပြီး သံကောက်ပေါက်စသည် တွေမှ ဝင်လာတဲ့ ခန္ဓာကိုယ်အရောင်ကိုလည်း မြင်ရလို့ တံခါးကို ဖွင့်ပြီး မေးတယ်။

"အဲဒီတံမြက်လှည်းနေသူက ဘယ်သူလဲ"

"အရှင်ဘုရား၊ တပည့်တော်ဟာ အရှင်ဘုရားရဲ့ အလုပ်အကျွေး ပေါက်ပေါက်နတ်သမီးပါဘုရား"

"ငါ့အလုပ်အကျွေး ဒကာမရဲ့ ဒီလိုနာမည်မရှိဘူး မဟုတ်လား"

"အရှင်ဘုရား၊ တပည့်တော်က သလေးခင်းကိုစောင့်ရင်း ပေါက် ပေါက်တွေကို လှူကာ ကြည်ညိုစိတ်ဖြစ်ပြီး ပြန်လှည့်လာတဲ့အခါ မြွေ ကိုက်လို့သေကာ တာဝတိံသာနတ်ပြည်မှာ ဖြစ်ပါတယ်။ တပည့်တော် ဟာ အရှင်ဘုရားကိုမှီပြီး ဒီစည်းစိမ်ကို ရပါတယ်။ အခုလည်း အရှင် ဘုရားရဲ့ ဝတ်ကြီးဝတ်ငယ်ကိုပြုပြီး စည်းစိမ်ကိုခိုင်မြဲအောင် ပြုလုပ်မယ် လို့ကြံကာ လာခဲ့ပါတယ်ဘုရား"

"မနေ့ကရော တမြန်နေ့ကပါ သင်ပဲဒီနေရာကို တံမြက်လှည်း ထားတာလား၊ သင်ပဲ သောက်ရေ၊ သုံးရေကို တည်ထားတာလား"

"မှန်ပါ ဘုရား"

"နတ်သမီး၊ ဖဲသွားပါ။ သင်ပြုလုပ်ထားတဲ့ဝတ်ကို ပြုလုပ်ပြီးပဲ ရှိပါစေ။ ဒီအချိန်ကစပြီး ဒီနေရာကို မလာပါနဲ့တော့"

"အရှင်ဘုရား၊ တပည့်တော်ကို မဖျက်ဆီးပါနဲ့။ အရှင်ဘုရားရဲ့ ဝတ်ကြီးဝတ်ငယ်ကို ပြုလုပ်ပြီး စည်းစိမ်ကိုခိုင်မြဲအောင် ပြုလုပ်ခွင့် တပည့်တော်အား ပေးတော်မူပါ"

"နတ်သမီး၊ ဖဲသွားပါ၊ ငါ့ကို နောင်အခါမှာ ဆန်းကြယ်တဲ့ယပ် တောင်ကိုကိုင်ပြီး ထိုင်ကာ တရားဟောတဲ့ ဓမ္မကထိကတွေက "မဟာ ကဿပထေရ်ထံ နတ်သမီးတစ်ယောက်လာပြီး ဝတ်ကြီးဝတ်ငယ်ကို

http://www.dhammadownload.com



ပြုလုပ်ကာ သောက်ရေ၊ သုံးရေကို တည်ထားပေးသတဲ့”လို့ ပြောစရာ ဖြစ်အောင် မလုပ်ပါနဲ့။ ဒီအချိန်ကစပြီး ဒီကိုမလာပါနဲ့၊ ဖဲသွားပါ”

အဲဒီနတ်သမီးက “တပည့်တော်ကို မဖျက်ဆီးပါနဲ့ဘုရား” လို့ အဖန်ဖန် အထပ်ထပ် တောင်းဆိုတာပါပဲ။ မထေရ်က “ဒီနတ်သမီးဟာ ငါ့စကားကို မနာယူ”လို့ ကြံကာ “သင်ဟာ ပမာဏကို မသိ”လို့ လက်ဖျောက်တီးခတ်လိုက်ပါတယ်။ အဲဒီနတ်သမီးက အဲဒီနေရာမှာ ကောင်းကောင်းမရပ်တည်နိုင်တော့လို့ ကောင်းကင်မှာပျံတက်ကာ လက်အုပ်ချီပြီး “အရှင်ဘုရား၊ တပည့်တော် ရထားတဲ့စည်းစိမ်ကို မဖျက်ဆီးပါနဲ့၊ ခိုင်မြဲအောင် ပြုခွင့်ပေးပါ”လို့ လျှောက်ကာ ငိုရင်း ကောင်းကင်မှာ ရပ်တည်နေတယ်။ ဘုရားရှင်က ဇေတဝန်ကျောင်း၊ ဂန္ဓကုဋီမှာထိုင်ရင်းပဲ အဲဒီနတ်သမီးရဲ့ ငိုသံကိုကြားရပြီး အရောင်ကိုဖြန့်ကာ နတ်သမီးရဲ့ မျက်မှောက်မှာ ထိုင်ပြီး ပြောနေသလို “နတ်သမီး၊ ငါ့သား ကဿပရဲ့ တာဝန်က စောင့်စည်းမှုပြုဖို့ပဲ၊ ကောင်းမှုအလိုရှိသူတွေရဲ့တာဝန်က ‘ဒါက ငါတို့ရဲ့အကျိုးပဲ’လို့ မှတ်သားကာ ကောင်းမှုပြုဖို့ပဲ။ မှန်တယ်၊ ကောင်းမှုပြုတာဟာ ဒီဘဝမှာရော၊ နောင်ဘဝမှာပါ ချမ်းသာကြောင်းပါပဲ”လို့ အနုသန္ဓိစပ်ကာ အောက်ပါတရားစကားကို မိန့်ကြားတော်မူပါတယ်။

“ကောင်းမှုကိုပြုရင် ငါဟာ ကောင်းမှုကို တစ်ကြိမ်ပြုပြီးပြီ။ အဲဒီလောက်နဲ့ တော်ပြီ”လို့ နောက်မဆုတ်ဘဲ ထပ်ခါထပ်ခါ လုပ်ရပါတယ်။ ကောင်းမှုကို မပြုလုပ်ခိုက်မှာလည်း ကောင်းမှုပြုလိုတဲ့ဆန္ဒ မွေးမြူရပါတယ်။ အကြောင်းကတော့ ကောင်းမှုတိုးပွားတာဟာ ဒီဘဝ နောင်ဘဝချမ်းသာကို ဆောင်ပေးနိုင်လို့ပါပဲ။

တရားဒေသနာအဆုံးမှာ နတ်သမီးဟာ ၄၅ ယူဇနာအထက်မှာ ရပ်တည်ရင်းပဲ သောတာပန်ဖြစ်သွားပါတယ်။

**(ဓမ္မပဒ၊ ၄၊ ၃၊ ၅)**

http://www.dhammadownload.com



ပေါက်ပေါက်နတ်သမီးဟာ ဒါနရဲ့အကျိုးကို ကိုယ်တိုင်သိရှိသွားလို့ ကုသိုလ်ရဲ့သံသရာမှာ လွန်စွာအားကိုးရပုံကို နားလည်သွားပါတယ်။ ကုသိုလ်ဆိုတာ များလေလေ ကောင်းလေလေပါပဲ။ အားကိုးရလေလေပါပဲ။ နတ်သမီးဟာ သနားစရာကောင်းသလို အရှင်မဟာကဿပဟာလည်း ကြည်ညိုစရာကောင်းလှပါပေတယ်။ ဘုရားရှင်ရဲ့ နတ်သမီးအား မိန့်ကြားလိုက်တဲ့စကားလေးဟာ အင်မတန်မှ အစွမ်းထက်လှတဲ့အားဆေးတစ်ခွက် ဖြစ်ပါတယ်။ ဘုရားရှင်ရဲ့မဟာကရုဏာတော်နဲ့ သဗ္ဗညုတဉာဏ်တော်ဟာ သတ္တဝါတွေအတွက် ကြီးမားလှစွာသော အားကိုးရာ၊ ခိုကိုးရာဖြစ်ပါပေတယ်။

အနည်းငယ် ဒါနကုသိုလ်ကြောင့် ရရှိလာတဲ့ နတ်စည်းစိမ်ကို နတ်သမီးခမျာ ဝေယျာဝစ္စကုသိုလ်နဲ့ ခိုင်မြဲအောင် လုပ်ရှာရပါတယ်။ သံသရာမှာ မျက်နှာမငယ်ရအောင် ကုသိုလ်တွေကို ဖောဖောသီသီ ပြုလုပ်ထားသင့်ကြပါတယ်။ ကုသိုလ်အကျိုးကို သိရှိလာမှသာ ပိုမိုအားကိုးလိုကြပါတယ်။ အားကိုးကြပါတယ်။ တန်ဖိုးထားကြပါတယ်။

http://www.dhammadownload.com

# တိုက်တွန်းပေးကြပါ

"ဘိက္ခုတို့၊ သင်တို့ဟာ မိတ်ဆွေ၊ သူငယ်ချင်း၊ ဆွေမျိုး၊ သွေးသား တော်စပ်သူတွေကို သနားခဲ့ရင် သူတို့ကလည်း နားထောင်လိုက်နာမယ် လို့ ထင်မှတ်ခဲ့ရင် သတိပဋ္ဌာန်တရား ၄ ပါးပွားများဖို့ တိုက်တွန်းထိုက် တယ်"

**(မဟာဝဂ္ဂသံယုတ်၊ ၃ သတိပဋ္ဌာန်သံယုတ်၊ ၅ အမတဝဂ်၊ ၈ မိတ္တသုတ္တ)**

သတိပဋ္ဌာန်တရားကို ကိုယ်တိုင်ကျကျနန အားထုတ်ထားသူတို့ က သတိပဋ္ဌာန်တရားအကျိုးတို့ကို ကောင်းကောင်း သိရှိထားကြပါ တယ်။ ကောင်းတဲ့အစားအစာကို စားရရင် ကိုယ်ချစ်သူ၊ ခင်သူ၊ ရင်းနှီး သူတွေကိုလည်း သတိရပြီး စားစေချင်ပါတယ်။ သတိပဋ္ဌာန်ကြောင့် ရရှိတဲ့ချမ်းသာကို ကိုယ်တွေ့ခံစားရသူတွေကလည်း ကိုယ်နဲ့နီးစပ်ရာ ပုဂ္ဂိုလ်တွေကို ခံစားခွင့် ရစေချင်ကြပါတယ်။ ရစေချင်တော့ ရအောင် ကြိုးစားကြပါတယ်။ လူတွေမှာ ဒုက္ခတွေက ဝိုင်းဝိုင်းလည်နေကြပါ တယ်။ နံနက်အိပ်ရာထကစပြီး ညအိပ်ပျော်ခါနီးအထိ စိတ်အပူတွေနဲ့ နပန်းလုံးနေကြပါတယ်။ ဒုက္ခကင်းပြီး ချမ်းသာခြင်းနဲ့ပြည့်စုံနေသူက ဒုက္ခတွေ ပင်လယ်ဝေနေတဲ့သူတွေကိုတွေ့ရင် သနားတတ်ကြပါ တယ်။ သတိပဋ္ဌာန်ကို ရင်ဝယ်ပိုက်ထားသူတွေက ချမ်းမြေ့မှုကို ခံစား

http://www.dhammadownload.com



နေရလို့ သတိပဋ္ဌာန်လက်မဲ့ဖြစ်လို့ ပူပန်ဆင်းရဲနေကြသူတွေကို ကယ်တင်ချင်ကြပါတယ်။ စိတ်ပူပန် ဆင်းရဲနေကြသူတွေကို ကယ်တင်ချင်ရင် ဒီသတိပဋ္ဌာန်နည်းဟာ အကောင်းဆုံးနည်းပါပဲ။

ဆင်းရဲဒုက္ခအဖုံဖုံနဲ့ တွေ့ကြုံရတဲ့အခါ သတိပဋ္ဌာန်ကို အားကိုးသမှု မပြုကြသူတွေမှာ မခံချိ မခံသာ၊ နေမထိ ထိုင်မသာ၊ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ကြရပါတယ်။ ယောက်ယက်ခတ် ဗျာများနေကြရပါတယ်။ ပူလောင်ပင်ပန်းကြပါတယ်။ ဒုက္ခအဖုံဖုံနဲ့ ကြုံရပေမယ့် သတိပဋ္ဌာန်ကို အားကိုးသူတွေမှာတော့ နေသာထိုင်သာ ရှိကြပါတယ်။ ယောက်ယက်မခတ်ပါဘူး။ ဗျာမများပါဘူး။ တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်း ရှိကြပါတယ်။

သတိပဋ္ဌာန်ကို အားကိုးလို့အကောင်းဆုံး နိဗ္ဗာန်ချမ်းသာကို ရရှိခံစားသွားရသူတွေဟာ မရေမတွက်နိုင်လောက်အောင်ပဲ များလှပါတယ်။ နိဗ္ဗာန်ချမ်းသာကို ရချင်သူတိုင်းဟာ ဒီသတိပဋ္ဌာန်ကိုပဲ အားကိုးကြရပါတယ်။ သတိပဋ္ဌာန်ကို ဖယ်ထားရင် လုံးဝနိဗ္ဗာန်ချမ်းသာကို မခံစားနိုင်ပါဘူး။ နိဗ္ဗာန်ချမ်းသာကို အလိုရှိတိုင်း ခံစားတော်မူနေတဲ့ မြတ်စွာဘုရားဟာ သတိပဋ္ဌာန် လက်လွတ်ဖြစ်နေလို့ ဆင်းရဲနေကြသူတွေကို အလွန်ပဲ သနားတော်မူလှပါတယ်။ ဒါကြောင့် သတိပဋ္ဌာန်တရားအားထုတ်ကြဖို့ ဘုရားရှင်ကိုယ်တော်တိုင် အခါခါတိုက်တွန်းတော်မူခဲ့ပါတယ်။ သူ့ရဲ့တပည့်တွေကိုလည်း သူ့လိုပဲ တိုက်တွန်းပေးကြဖို့ မိန့်တော်မူပါတယ်။

ကျေးဇူးရှင်တကာ့ ကျေးဇူးရှင်တွေထဲမှာ မိဘနှစ်ပါးဆိုတဲ့ ကျေးဇူးရှင်တွေရဲ့ ကျေးဇူးကြွေးတွေဟာ သားသမီးတွေအပေါ်မှာ အများဆုံးပါပဲ။ ကြွေးအများဆုံး ကျေးဇူးရှင်နှစ်ပါးရဲ့ ကျေးဇူးကြွေးတွေကို ကျေအောင်ဆပ်လိုတဲ့ သားသမီးဟာ သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာ

http://www.dhammadownload.com


မရှိသေးတဲ့ မိဘနှစ်ပါး ဖြစ်ခဲ့ရင် သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာနဲ့ ပြည့်စုံလာအောင် တိုက်တွန်းရမယ်လို့ မြတ်စွာဘုရား မိန့်တော်မူထားပါတယ်။ ဒီစကားတော်အရ မိဘရဲ့ကျေးဇူးကြွေးကျေအောင် ဆပ်လိုသူဟာ မိဘနှစ်ပါး သတိပဋ္ဌာန်တရား အားထုတ်ဖြစ်အောင် တိုက်တွန်းပေးရမှာ ဖြစ်ပါတယ်။ သတိပဋ္ဌာန်တရားကို ထိထိရောက်ရောက် အားထုတ်လိုက်ရင် သဒ္ဓါနဲ့လည်း ပြည့်စုံလာပါတယ်။ သီလနဲ့လည်း ပြည့်စုံလာပါတယ်။ စာဂနဲ့လည်း ပြည့်စုံလာပါတယ်။ ပညာနဲ့လည်း ပြည့်စုံလာပါတယ်။ ဒါကြောင့် သတိပဋ္ဌာန်နည်းနဲ့ မိဘကို ကျေးဇူးဆပ်တာဟာ အကောင်းဆုံးပါပဲ။

အခြားဆွေမျိုးတွေ၊ မိတ်ဆွေအပေါင်းအသင်းတွေဟာလည်း မိမိအပေါ်မှာ အနည်းနဲ့အများ ကျေးဇူးရှိခဲ့ကြတာပါပဲ။ အဲဒီကျေးဇူးရှင်တွေရဲ့ ကျေးဇူးကြွေးကို ဆပ်ချင်ရင်လည်း သတိပဋ္ဌာန်နဲ့ ကျေးဇူးဆပ်တာဟာ အကောင်းဆုံး ကျေးဇူးဆပ်နည်းပါပဲ။ မြန်မာနိုင်ငံမှာလည်း ဒီအကောင်းဆုံး ကျေးဇူးဆပ်နည်းနဲ့ ကျေးဇူးကြွေး ပေးဆပ်နေသူတွေကို တွေ့ရပါတယ်။ ကြွေးရှင်တွေကလည်း အဲဒီကျေးဇူးကြွေးရဲ့အကျိုးတွေကို ရရှိခံစားရတဲ့အခါ အကြွေးပေးလာသူကို အလွန်ပင် ကျေးဇူးတင်ကြပါတယ်။ ကျေနပ်ကြပါတယ်။ စာရှုသူဟာ မိဘနှစ်ပါးကို အကောင်းဆုံး ကျေးဇူးဆပ်နည်းနဲ့ မဆပ်ရသေးရင် ဆပ်ဖြစ်အောင် ကြိုးစားသင့်ပါတယ်။

စာရှုသူရဲ့ ဆွေမျိုး၊ မိတ်ဆွေတို့ကိုလည်း အကောင်းဆုံး ကျေးဇူးဆပ်နည်းနဲ့ ဆပ်နိုင်အောင် ကြိုးစားသင့်ပါတယ်။ ဒီနည်းနဲ့ ပေးဆပ်တဲ့အခါမှာ အခက်အခဲ တွေ့ချင်တွေ့ပါလိမ့်မယ်။ ကျေးဇူးရှင်တွေက ခါးခါးသီးသီး ငြင်းပယ်ချင်လည်း ငြင်းပယ်ပါလိမ့်မယ်။ လိမ်လိမ်မာမာ ငြင်းပယ်ချင်လည်း ငြင်းပယ်ပါလိမ့်မယ်။ ဘယ်လိုပင် ငြင်းပယ်သည်

http://www.dhammadownload.com



ဖြစ်စေ ကိုယ်က တကယ်ပဲ သူ့အကျိုးကို လိုလားတယ်ဆိုရင် အခါ အခွင့်ကြည့်ပြီး အခါခါတိုက်တွန်းသင့်ပါတယ်။ မလျှော့တမ်း၊ တိုက်တွန်းသင့်ပါတယ်။ အခါအခွင့်ကြည့်ပြီး အခါခါ မလျှော့တမ်း တိုက်တွန်းရင် မိမိရဲ့တိုက်တွန်းမှုဟာ အောင်မြင်လာပါလိမ့်မယ်။ အောင်မြင်သွားရင် တိုက်တွန်းသူရော အတိုက်တွန်းခံရသူရော အလွန်ပဲ ရွှင်လန်းဝမ်းမြောက်ရပါတယ်။

မိမိရဲ့ပတ်ဝန်းကျင် အသိုင်းအဝိုင်းမှာ သတိပဋ္ဌာန်အရသာကို မခံစားဖူးတဲ့လူ မရှိအောင် ကြိုးစားသင့်ပါတယ်။ လူတိုင်းလူတိုင်းဟာ သတိပဋ္ဌာန်အရသာကို ခံစားခွင့်ရခဲ့ကြရင် သူတို့စိတ်အစဉ်ဟာ ဖြူစင်နေပါလိမ့်မယ်။ ကြည်လင်အေးမြချမ်းသာနေပါလိမ့်မယ်။ လူ့လောကကြီးဟာ အင်မတန်အေးချမ်းသာယာတဲ့ လူ့လောကကြီး ဖြစ်လာပါလိမ့်မယ်။ အေးချမ်းသာယာတဲ့ လူ့လောကဖြစ်စေလိုတော်မူတဲ့ ဘုရားရှင်က ရဟန်းတွေကို သတိပဋ္ဌာန်တရား အားထုတ်ခိုင်းပေးကြဖို့ မိန့်တော်မူထားခြင်း ဖြစ်ပါတယ်။

**သာမဏေကျော်**

http://www.dhammadownload.com

## သာမဏေကျော်စာပေက
## ထုတ်ဝေခဲ့သည့်
## ဆရာတော် သာမဏေကျော်၏ စာအုပ်များ

၁။ ကြိုးပွားချမ်းသာမယ်

၂။ ဆွမ်းအလှူ

၃။ ကျောင်းအလှူ

## ယခု
# ဗုဒ္ဓသမီးထံသို့

## ဆက်လက်ထုတ်ဝေမည့်
## ဆရာတော် သာမဏေကျော်၏ စာအုပ်များ

၁။ ကိုရင်လေးတို့ ဖတ်ဖို့
စာမူခွင့်ပြုချက်အမှတ်–၃၂၀၁၁၃၀၂၀၇

၂။ ကိုရင်ဝတ်ပြီးရင်
စာမူခွင့်ပြုချက်အမှတ်–၃၂၀၀၈၂၀၂၀၇

၃။ တောင်ကိုးရိုးယားသို့ ဝိပဿနာခရီး
စာမူခွင့်ပြုချက်အမှတ်–၃၂၀၁၅၃၀၂၀၇

၄။ ဗုဒ္ဓ၏တစ်နေ့တာ လုပ်ငန်းစဉ်
စာမူခွင့်ပြုချက်အမှတ်–၃၂၀၁၅၁၀၂၀၇